၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိတွင် တိုးတက်မှုနှုန်း ၆.၈ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရန်နှင့် အလေအလွင့် နည်းပါးစေရန် အတွက် မြေပြုပြင်သည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ ဆောင်ရွက်လျက်ရှိပါသည်။ သိပ္ပံနည်းကျ စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းတို့ဖြင့် အထွက်နှုန်းကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာကဏ္ဍသည် အဓိက ပါဝင်ပြီး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး တိုးတက်လာစေရေး၊ တောင်သူလယ်သမားများ၏ အခွင့်အရေး ပြည့်ဝစွာရရှိခံစားနိုင်စေရန်နှင့် အကျိုး စီးပွား မြင့်မားလာစေရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၅,၁၁၇,၄၈၁.၇ သန်း ရရှိစေရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၂.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

လယ်ယာကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ စာရင်းများအရ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများ အရ ကျပ် ၁၄,၂၄၆,၅၉၁.၄ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၄ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ပုံမှန် ဈေးနှုန်းများအရ လယ်ယာကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ ပြီးခဲ့သည့် ၂ နှစ်ဆက်တိုက် အနုတ်လက္ခဏာ ဖြစ်ပေါ်ခဲ့ရာမှ ယခုနှစ်တွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၃)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းကို ကုမ္ပဏီ/ပုဂ္ဂလိကများနှင့် ပူးပေါင်း၍လည်းကောင်း၊ ပြည်ပ စီမံကိန်းအကူအညီဖြင့် လည်းကောင်း၊ ခြံနှင့်တောင်သူပူးပေါင်း၍ လည်းကောင်း၊ စိုက်နည်းစနစ် စမ်းသပ်ကွက်၊ သီးနှံပုံစံစမ်းသပ်ကွက်၊ SRI(System of Rice Intensification) စံပြကွက်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနတို့ ပူးပေါင်းသည့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များနှင့် ကုန်ကျစရိတ် လျှော့နည်း သက်သာစေသည့် စိုက်နည်းစနစ်စမ်းသပ်ကွက်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်သည့် စက်ရုံများဖြစ်ပေါ်လာစေရန် ဆောင်ရွက်နေခြင်း၊ အစေးလှီး ဧရိယာပင်ပျိုများ တိုးလာခြင်းတို့ကြောင့် ရော်ဘာအထွက်များ တိုးတက်ခဲ့ပါသည်။ ဆီအုန်းစိုက်ပျိုးမှု တွင် အသီးခူးဧရိယာများ တိုးတက်လာပြီး ဆီသီးခိုင်အထွက် တိုးလာခဲ့ပါသည်။

လယ်ယာကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိ အကောင် အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်–

**လယ်ယာကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ လယ်ယာကဏ္ဍ၏ ရည်မှန်းချက်အပေါ်တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်–

**ပုံ (၃-၆)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ**

**လယ်ယာကဏ္ဍရည်မှန်းချက်အပေါ်တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်စျေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တောင်သူများလိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၁,၇၄၇,၄၇၂.၉ ထုတ်ချေးနိုင်ခဲ့ပါသည်။ ထို့အပြင် လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ဆန်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက် စသည့်လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူနိုင်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ နှစ်ဆင့်ချေးငွေ (နှစ်တို၊ နှစ်ရှည်) ဖြင့် ကျပ် ၈၈,၈၀၃.၄ သန်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးဘဏ် နှစ်ဆင့်ချေးငွေ (နှစ်တို၊ နှစ်ရှည်) ကျပ် ၈,၉၄၈.၈ သန်း ကို ထုတ်ချေးပေးခဲ့ပါသည်။ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး အတွက် စနစ်ကျလယ်ယာမြေ ၆,၈၂၇.၇ ဧက ဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် "အရင်းအမြစ်ကို အခြေခံသောလယ်ယာစနစ် (Resource Based)မှ နည်းပညာကို အခြေခံသောလယ်ယာစနစ် (Knowledge Based) သို့" ကူးပြောင်းနိုင်ရန် တောင်သူများ ပူးပေါင်းပါဝင်သော နည်းလမ်းများဖြစ်သည့် "သုတေသနဖွံ့ဖြိုးရေးနှင့် တောင်သူလေ့ကျင့်ပညာပေး" လုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**သားငါးကဏ္ဍ။** အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်နိုင်ရန်အတွက် တိရစ္ဆာန်သန်းခေါင်စာရင်းကို ၂၀၁၈ ခုနှစ်တွင် ကောက်ခံခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်ကောက်ယူခဲ့သည့် တိရစ္ဆာန်သန်းခေါင်စာရင်းဖြစ်ပြီး တိရစ္ဆာန်အရေအတွက်၊ တိရစ္ဆာန်မွေးမြူနိုင်သည့် အခြေအနေကို သိရှိရသဖြင့် မူဝါဒများချမှတ်ရေးအတွက် အထောက်အကူပြုပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများ အရ ကျပ် ၈,၀၃၆,၂၉၂.၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများ အရ ၄.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

သားငါးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ စာရင်းများအရ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၇,၉၆၂,၈၅၈.၆ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပုံမှန်ဈေးနှုန်းများအရ ၄.၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**ပုံ(၃-၇)**

**၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ ရည်မှန်းချက်များပြည့်မီရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိရစ္ဆာန်မွေးမြူရေး ချေးငွေများထုတ်ချေးပေးခြင်း၊ မွေးမြူရေးဇုန်များ တွင်စနစ်တကျ

မွေးမြူခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ တိုးတက်မွေးမြူရန် အတွက် နို့စားနွား၊ အသားစားနွား၊ ခိုင်းနွား မျိုးရည်ခဲချောင်းများ အခမဲ့ဖြန့်ဖြူးပေးခြင်း၊ မေထုန်မဲ့နည်းဖြင့် သားစပ်ပေးခြင်း၊ မျိုးရိုးဗီဇ မြှင့်တင်ပေးခြင်း၊ စားကျက်ခင်းစိုက်ပျိုးခြင်း၊ နွားနို့ အရည်အသွေးစစ်ဆေးခြင်း၊ နို့ထုတ်လုပ်ငန်းများ အတွက် ပညာပေးခြင်းနှင့် တိရစ္ဆာန်များ သေဆုံးမှုလျော့ပါးရေး အတွက် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသခြင်း၊ တိရစ္ဆာန်ရောဂါ ထိန်းချုပ်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ အစားအစာ ကျွေးမွေးမှု စနစ်များပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်မှု ပညာပေးသင်တန်းများ ဖွင့်လှစ် ပို့ချခြင်းတို့ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် များတွင် ပုဂ္ဂလိကပိုင်အခန်းမှ နွား၊ ကျွဲ၊ သိုး/ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ကြက်ဆင်၊ ဘဲငန်း၊ မန်ဒါလီ၊ ငုံးတို့ကို တိုးတက်မွေးမြူခဲ့ခြင်းတို့ကြောင့် ယခင်နှစ် အလားတူကာလထက် အသားထုတ်လုပ်မှုတွင် ၁၀.၅ ရာခိုင်နှုန်း၊ ဥထုတ်လုပ်မှုတွင် ၉.၂ ရာခိုင်နှုန်း၊ ကျွဲ၊ နွားနို့ထုတ်လုပ်မှုတွင် ၃.၁ ရာခိုင်နှုန်း တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေချို/ရေငန် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်း၊ ပတ်ဝန်းကျင် နှင့် မျိုးသုဉ်းရှားပါးရေသတ္တဝါများ ထိန်းသိမ်းရေးလုပ်ငန်း၊ အဏ္ဏဝါထိန်းသိမ်းရေးလုပ်ငန်းနှင့် ပင်လယ် လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနသည် ရေချို/ရေငန်ငါးလုပ်ငန်းရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ၍ စီမံကိန်း ၁၆ ခု ဆောင်ရွက်လျက်ရှိပါသည်။ ကဏန်းပျော့ မွေးမြူထားရှိမှုအနေဖြင့် တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ကဏန်းပျော့များ မွေးမြူ ထုတ်လုပ်လျက် ရှိပါသည်။

သားငါးကဏ္ဍ၏ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

## သားငါးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၃-၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ( ၃-၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ သားငါးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၁၀)**

**၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ သားငါးကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တနင်္သာရီတိုင်းဒေသကြီးတွင် ပွင့်လင်းရာသီများ၌ ငါးအထိအမိများခြင်းကြောင့် ရည်မှန်းချက် ထက် ရေငန်ငါးထုတ်လုပ်မှုတွင် ၀.၈၅ ရာခိုင်နှုန်း၊ ရေငန်ပုစွန်ထုတ်လုပ်မှုတွင် ၃.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ ပြီး အသားနှင့် ဥထုတ်လုပ်မှုများလည်း တိုးတက်ခဲ့ပါသည်။ ပဲခူးတိုင်း ဒေသကြီးတွင် တိရစ္ဆာန်ကူးစက် ရောဂါများ မဖြစ်ပွားစေရန် ပညာပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ နွားမျိုးကောင်းမျိုးသန့်များဖြင့် သားစပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ မွေးမြူရေးဆိုင်ရာ နည်းပညာအကူအညီများပေးခြင်းတို့ကို ဆောင် ရွက်နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် မွေးမြူနည်းစနစ်များ သင်တန်းပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါကြိုတင် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများနှင့် မေထုန်မဲ့ သားစပ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အာဟာရပြည့်ဝသည့် စားကျက်မျိုးများ ဖြန့်ဖြူးခြင်း၊ မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာ စီမံကိန်းများ ဆောင်ရွက်ခြင်း၊ အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း၊ အင်းများ ပြုပြင်ဆောင်ရွက်ခြင်း၊ ခေတ်မီငါးဖမ်းကိရိယာများကို အသုံးပြုလာခြင်း၊ မွန်ပြည်နယ်တွင် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း တို့ကြောင့် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှုများတိုးတက်ခဲ့ပြီး ငါးမွေးကန်များ တိုးတက်မွေးမြူလာခြင်း၊ အင်းအတွင်း ငါးသားပေါက်များ ထည့်သွင်းမွေးမြူခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက် နေပြည်သူများ၊ တစ်နိုင်တစ်ပိုင်မွေးမြူသူများကိုမွေးမြူနည်းစနစ်များဖြန့်ဖြူးခြင်း၊ သဘာဝငါးသားပေါက် ဝင်ရောက်လာခြင်းကို တာရိုးဆည်ဖို့ ပိတ်လှောင်မွေးမြူသည့်စနစ်(Trap and Hold)မှ သားပေါက် ထည့်သွင်းမွေးမြူသည့်စနစ် (Extensive Plus System)သို့ အသွင်ပြောင်းလဲ မွေးမြူလာခြင်း၊ ရန်ကုန်တိုင်း ဒေသကြီးတွင် မွေးမြူနည်းစနစ်များသင်တန်းပေးခြင်း၊ မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ ကူးစက် ရောဂါကာကွယ် တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကြောင့် အသားနှင့်ဥ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပြီး ငါးမွေးမြူရေးတွင် ဈေးကွက်ဝင်တန်ဖိုးမြင့် ငါးများတိုးချဲ့မွေးမြူခြင်းနှင့် ဈေးကွက် လိုအပ်ချက်နှင့်အညီ ငါးမျိုး စိတ်များအစားထိုးမွေးမြူခဲ့ပါသည်။

ရှမ်းပြည်နယ်တွင် နို့စားနွားများတိုးချဲ့မွေးမြူပြီး နို့ထွက်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အရေးပေါ် ပြင်ဆင်မှု အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မျိုးကောင်း မျိုးသန့်တိရစ္ဆာန်များတိုးတက်မွေးမြူခြင်းနှင့် မေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ရောဝတီတိုင်းဒေသကြီးတွင် မြစိမ်းရောင်(အသားကဏ္ဍ)မှ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ဖြန့်ဖြူးခြင်း၊ မွေးမြူရေးဘဏ်စနစ်ဖြင့် တိရစ္ဆာန်များပိုမိုမွေးမြူခြင်း၊ မွေးမြူနည်းစနစ်များ သင်တန်း ပေးခြင်းနှင့် ကူးစက်ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကြောင့် သားငါးကဏ္ဍ တိုးတက်ခဲ့ ပါသည်။

**သစ်တောကဏ္ဍ။** စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးပါသည်။ ထိုသို့ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေရန် သဘာဝသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှုကို ထိရောက်စွာဆောင်ရွက်ရန်လိုအပ်ပါသည်။ သဘာဝသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းနိုင်ရန် သစ်တောများ ပြန်လည်ထူထောင်ရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်ဖြစ်စေမည့် လုပ်ဆောင်မှုများကို တားဆီးထိန်းသိမ်းရေး၊ ရာသီဥတု ပြောင်းလဲမှုကြောင့် ထိခိုက်မှုလျော့ပါးစေရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၈၀,၅၈၂.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၁.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

သစ်တောကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၈၇,၅၀၄.၇သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၈.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၃.၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**ပုံ(၃-၁၁)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ပြည်တွင်းသစ်လိုအပ်ချက်အတွက် နိုင်ငံပိုင်အခန်းမှ ကျွန်း ၁၂,၅၆၉ ကုဗတန်၊ သစ်မာ ၃၀၅,၁၁၅ ကုဗတန်နှင့် ကိုင်းဖျားကိုင်းနား ၇၈၅ ကုဗတန် တို့ကိုထုတ်လုပ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင်လည်း ပြည်တွင်းပြည်ပသုံးစွဲမှုကြောင့် ကျွန်းနှင့် သစ်မာတိုင် ၁၀ဂ,၂၀၅ လုံး၊ ကျွန်းနှင့် သစ်မာချော ၁၁၄,၇၂၈ လုံး နှင့် ဝါးလုံးရေ ၁၃၃ သန်း တို့ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍ၏ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

**သစ်တောကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃–၁၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃–၁၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိ သစ်တောကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်–

**ပုံ(၃-၁၄)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**သစ်တောကဏ္ဍရည်မှန်းချက်အပေါ်တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မြန်မာနိုင်ငံ၏ စုစုပေါင်းသစ်တောဖုံးလွှမ်းမှုဧရိယာ ၁၁၂,၁၂၇ စတုရန်းမိုင်တွင် သစ်တောကြိုးဝိုင်းဖွဲ့စည်းခြင်းကို ၆၅,၈၂၅ စတုရန်းမိုင် ဖွဲ့စည်းနိုင်ပြီး ၅၈.၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပဝတ္တိမျိုးဆက်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ အုပ်မိုးကာဆိုင်းလှဲခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ နွယ်ဖြတ်ညှောင်ပတ်လှဲခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများကို စုစုပေါင်း ၂၉၃,၀၀၂ ကေနှင့် သစ်တောလမ်းများပြင်ဆင်ခြင်း၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်းလုပ်ငန်းများကို စုစုပေါင်းမိုင် ၃,၆၇၇ ဆောင်ရွက်နိုင်ခဲ့ပါသည်။

သစ်တောစိုက်ခင်းတည်ထောင်ခြင်းတွင် ကျွန်းစိုက်ခင်းကေ ၁၂,၄၇၀၊ သစ်မာစိုက်ခင်းကေ ၉,၉၂၅၊ ကျေးရွာသုံးစိုက်ခင်း ၂,၀၀၀ ကေ၊ ဒီရေတောစိုက်ခင်းကေ ၂,၈၅၀၊ ရေဝေရေလဲစိုက်ခင်းကေ ၃,၃၃၀ နှင့် အရိပ်ပင်စိုက်ခင်းကေ ၁,၀၀၀ တို့ကို စိုက်ပျိုးနိုင်ခဲ့သည်ဖြစ်ရာ စုစုပေါင်းသစ်တောစိုက်ခင်းဧရိယာ ၃၁,၅၇၅ ကေ ကိုစိုက်ပျိုးတည်ထောင်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုလျက်ရှိရာ လုပ်ငန်းရှင် ၂၅ ဦး မှ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၄,၈၄၅.၁၀ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး လုပ်ငန်းရှင် ၃၄၀ ဦး မှ ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၂,၂၀၂.၅၀ ကေ စိုက်ပျိုးနိုင်ခဲ့ပါသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းတည်ထောင်ခြင်း ၄,၀၀၀ ဧက၊ စွမ်းအားမြှင့် မီးဖို ၃၆,၀၀၂ လုံး၊ လောင်စာတုံး ၃,၄၁၀,၃၃၆ တုံး၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း ၁၄၄,၃၄၇ တန်၊ ရေရရှိရေးအတွက် ရေကန်ငယ် ၂၁ ကန်၊ ကျောက်စီနုန်းထိန်းတမံငယ် ၁၂၂ ခု၊ မြေအောက်ရေ(အဝီစိ) ၃ တွင်း၊ တစ်ဖက်ရပ်ဆည်တည်ဆောက်ခြင်း ၃ ခု၊ မိုးရေစုကန် ၁၂ ကန်၊ တိမ်ကောရေကန် ပြန်လည်တူးဖော်ခြင်း ၇ ကန် နှင့် ဂါလံ (၁၀၀) ဆံ့ မိုးရေခံကွန်ကရစ်ကန် ၆၀၀ ခု တို့ကိုဆောင်ရွက်ခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အနေဖြင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှု ဆိုင်ရာလုပ်ငန်းများ၊ မြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် စပ်လျဉ်းသည့်လုပ်ငန်းများ၊ အစိမ်းရောင် စီးပွားရေးမူဝါဒ အကောင်အထည် ဖော်မှုလုပ်ငန်းစီမံချက်များ ဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင် ထိခိုက်မှုရှိ/မရှိ စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍ။** နိုင်ငံဝင်ငွေရရှိစေသည့် ပို့ကုန်တင်ပို့မှုတွင် သဘာဝဓာတ်ငွေ့သည် အရေးပါသည့် ကုန်စည်တစ်ခုဖြစ်ပါသည်။ သို့သော် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော စွမ်းအင် ထုတ်လုပ်မှုဖြစ်စေရန်နှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရန်အတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းသည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃,၈၅၂,၆၀၇.၇ သန်းဖြစ်ပေါ်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

စွမ်းအင်ကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ စာရင်းများအရ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၆၈၆,၂၆၈.၃ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၂၁.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၁၅)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နိုင်ငံခြားကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို၍ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကုန်းပိုင်းလုပ်ကွက် ၂၄ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၁၈ ခု နှင့် အကျိုးတူ ပူးပေါင်းကုမ္ပဏီ ၁၄ ခု၊ စုစုပေါင်းကုမ္ပဏီ ၃၂ ခု၊

ကမ်းလွန်လုပ်ကွက် ၃၃ ကွက်တွင် တာဝန်ခံ ကုမ္ပဏီ ၂၀ ခု နှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၂ ခု၊ စုစုပေါင်းကုမ္ပဏီ ၃၂ ခု တို့မှ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဘူမိရူပဗေဒ ကွင်းဆင်း၍ ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ၁၀၄.၄ ကီလိုမီတာ နှင့် ကမ္မမြို့နယ် တွင် ၂၂.၁၇၅ ကီလိုမီတာ တိုင်းတာ ပြီးစီးခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

**စွမ်းအင်ကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၁၆)အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၁၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ စွမ်းအင်ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၁၈)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**စွမ်းအင်ကဏ္ဍရည်မှန်းချက်အပေါ်တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်ရေနံစိမ်းထုတ်လုပ်မှုတွင် ထုတ်လုပ်သူဦးရေနှင့် ထုတ်လုပ်မှုများ တိုးတက်၍ ရခိုင်ပြည်နယ်တွင် ရွှေသဘာဝဓာတ်ငွေ့မြေမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကမ်းလွန်သဘာဝဓာတ်ငွေ့များကို ယခင်နှစ်ကထက် ကုဗပေ ၂၆,၆၄၄ သန်းပိုမို ရောင်းချနိုင်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရတနာနှင့် ဇောတိကသဘာဝဓာတ်ငွေ့မြေများမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကုဗပေ ၃,၈၇၆ သန်း ပိုမိုထွက်ရှိခဲ့ခြင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဘူးသွင်းသဘာဝဓာတ်ငွေ့များ ပိုမိုမှာယူသုံးစွဲသဖြင့် တိုးတက်ထုတ်လုပ်ခြင်းတို့ကြောင့် ရည်မှန်းချက်အပေါ် ၁၂၁.၆ ရာခိုင်နှုန်းအထိ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** မြန်မာနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ပြီး လက်ရှိနှင့် နောင်လာမည့် မျိုးဆက်များအတွက် ကောင်းကျိုးရရှိစေမည် ဖြစ်ပါသည်။ သို့ပါ၍ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်ရာတွင် ခေတ်မီနည်းပညာများဖြင့် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်နေပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၉၆၆,၀၉၇.၁ သန်း ရရှိရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) စာရင်းများအရ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၀၂၆,၄၇၃.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၆.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၁၉)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် ကျောက်စိမ်း ၈,၀၀၇ ကီလိုထောင်ပေါင်း၊ သံသတ္တုသန့်စင် ၃၃,၅၃၀ မက်ထရစ်တန်၊ ကျောက်မီးသွေး ၅၄၀,၇၅၄ တန်တို့ ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး သွပ်နှင့်ရောရာသတ္တုရိုင်း၊ ကြေးနီနှင့်ရောရာသတ္တုရိုင်း၊ ခဲသတ္တုသန့်စင်၊ သွပ်သတ္တု

သန့်စင်၊ ကြေးနီစင်(ကက်သုတ်ကော့ပါး)၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ထုံးကျောက်၊ ဘရိုက်တီး ကျောက်တို့ကို ပိုမိုထုတ်လုပ်နိုင် ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၂၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ (၃-၂၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည် -

## ပုံ (၃-၂၂)

## ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိတွင် ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးရှိ ကုမ္ပဏီများသည် ပွင့်လင်းရာသီတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်းရှိ အသေးစားလုပ်ကွက်များမှ အဖြိုက်နက်သတ္တုသားပါဝင်သည့် သတ္တုများ တူးဖော်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ မော်ချီးသတ္တုတွင်းတွင် လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိအောင် စီမံဆောင်ရွက်နိုင်ခြင်းကြောင့် ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ကျောက်မီးသွေးထုတ်လုပ်သော ကုမ္ပဏီများမှ လုပ်ငန်းများ စတင်ဆောင်ရွက်လာနိုင်ခြင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ကို နမ့်ယွန်းကုမ္ပဏီမှ ထုတ်လုပ်မှုစတင်လာခြင်း၊ ကရင်ပြည်နယ်တွင် ဘိလပ်မြေစက်ရုံ ကုန်ကြမ်းဖြစ်သော ထုံးကျောက်ထုတ်လုပ်မှု တိုးတက်လာခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

သို့ရာတွင်ရွှေစင်(အသေးစား) လုပ်ကွက်များ ပြန်လည်အပ်နှံခဲ့ခြင်း၊ ရွှေစင်(အကြီးစား) ထုတ်လုပ်မှုလုပ်ငန်းများ ရပ်နားထားခဲ့ခြင်း၊ အချို့သောလုပ်ငန်းများသည် သက်တမ်းတိုး ဆောင်ရွက်နေခြင်း၊ သက်တမ်းကုန်လုပ်ကွက်များကို လုပ်ပိုင်ခွင့်ချထားပေးမှု မရှိခြင်းတို့ကြောင့် ရွှေထုတ်လုပ်မှုလျော့နည်း

ခဲ့ပါသည်။ မြန်မာပွန်ပီပက်ကုမ္ပဏီ (ဟိန္ဒာသတ္တုတွင်း)သည် စက်များပြင်ဆင်နေခြင်း ၊ ယမုံအကြီးစား သတ္တုတွင်းသည် မိုးတွင်းကာလ လမ်းများပျက်စီးသဖြင့် တူးဖော်ဆောင်ရွက်မှု ရပ်နားထားခြင်း၊ ဟာမြင်းကြီးသတ္တုတွင်းနှင့် ပကာရီဆင်းတွင်းကြီးလုပ်ကွက်များ ရပ်နားထားခြင်း၊ ကလုံးတာသတ္တုတွင်း သက်တမ်းတိုးခြင်းတို့ကို ခွင့်မပြုခဲ့ခြင်းတို့ကြောင့် ထုတ်လုပ်မှုလုပ်ငန်း အချို့ ရပ်နားထားခဲ့ပြီး ခဲမဖြူနှင့် အဖြိုက်နက် အပါအဝင် သတ္တုထုတ်လုပ်မှု အချို့လျော့နည်းခဲ့ပါသည်။

အသေးစားလုပ်ကွက်နှင့် လက်လုပ်လက်စားလုပ်ကွက်များအား တိုင်းဒေသကြီး/ပြည်နယ်များသို့ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ထားပြီးဖြစ်၍ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိစေရန်နှင့် သတ္တုကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် အသေးစားနှင့် လက်လုပ်လက်စားလုပ်ကွက်များမှ ရှာဖွေတူးဖော်ခြင်းလုပ်ငန်း များကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝ သယံဇာတအရင်းအမြစ်များကို လက်ရှိနှင့် အနာဂတ်နိုင်ငံတော်၊ နိုင်ငံသားများအတွက် အကျိုးအရှိဆုံး ဖြစ်စေရန်နှင့် တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူခြင်းများကို စနစ်တကျမှန်ကန်သည့် နည်းလမ်းများဖြင့် ဖော်ထုတ်ရန် လိုအပ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းမှ ပါဝင်သည့် စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဇုန်များ၊ စက်မှုဥယျာဉ်များ စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးနှင့် စနစ်တကျရှိစေရေး အတွက် စက်မှုဇုန်ဥပဒေ၊ စက်မှုလုပ်ငန်းဥပဒေတို့ကို အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အထောက် အကူပြုစေရန် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင် ရေးဆွဲလျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၆,၅၂၂,၁၁၉.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများ အရ ၁၁.၂ ရာခိုင်နှုန်း တိုးတက်ရန်လျာထားခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ စာရင်းများအရ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၆,၀၆၂,၃၃၈.၀ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများ အရ ၉.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ( ၃-၂၃)**

**၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**စက်မှုလက်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၂၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၂၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နိုင်ငံပိုင်ဆေးဝါးစက်ရုံများမှ ထုတ်ကုန်များ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေး ကောင်းမွန်ရေးတို့အတွက် သုတေသနပြုမှုနှင့် တီထွင်ဆန်းသစ်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ဆေးဝါးအမယ်သစ်များကို ထုတ်လုပ်ခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် ထုတ်လုပ်သူနှင့် ကုန်စည်ဖြန့်ဖြူးရောင်းချသူများအကြား ချိတ်ဆက်နိုင်ရန်၊ ကုန်ထုတ်လုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်နေသည့် လုပ်ငန်းများအချင်းချင်း ပေါင်းစပ်နိုင်စေရန်နှင့် ပြည်တွင်းဈေးကွက်ချဲ့ထွင်နိုင်စေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ MSME Agency များပူးပေါင်း၍ ကုန်စည်ပြပွဲပြိုင်ပွဲများ စီစဉ်ပေးခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်နိုင်ရန်အတွက် ပြည်ပကုန်စည်ပြပွဲများတွင် ပြည်တွင်းထုတ်ကုန်များ ပါဝင်ပြသနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လူသုံးကုန်၊ စားသောက်ကုန်၊ အထည်ဆိုးဆေးထုတ်လုပ်မှုတို့တွင် ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာများ ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းရှင်များ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဗဟုသုတများ ရရှိစေရေး၊ ဘေးအန္တရာယ်ကင်းသည့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများအား ကျင်းပပေးခဲ့ပါသည်။ MSME လုပ်ငန်းများအတွက် လိုအပ်သည့် ဖွံ့ဖြိုးမှုလမ်းပြမြေပုံ (Development Road Map)များကို ဂျာမနီနိုင်ငံ Friedrich Naumann Foundation (FNF) အဖွဲ့အစည်း၊

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Action Plan ကို ကနေဒါနိုင်ငံ Canadian Executive Services Organization (CESO) အဖွဲ့အစည်း၊ MSME လုပ်ငန်းများထူထောင်ရေးနှင့် တီထွင်ဆန်းသစ်မှုများအတွက် ကိုရီးယားသမ္မတနိုင်ငံ၊ Ministry of SME and Startups တို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ စက်မှုလက်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၂၆)**

**၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**စက်မှုလက်မှုကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသောငွေကြေးအရင်းအနှီးရရှိစေရန် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် ချေးငွေများထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ ဘဏ္ဍာနှစ်အတွင်း Credit Guarantee Insurance (CGI) စနစ်အရ လုပ်ငန်းရှင် ၃၅၃ ဦးအား ကျပ် ၆,၃၉၃.၅ သန်း၊ Two Step Loan အစီအစဉ်အရ Phase-I တွင် လုပ်ငန်းရှင် ၂၈ ဦးအား ကျပ် ၇,၄၄၈ သန်း၊ Phase-II တွင် Credit Guarantee Insurance (CGI) စနစ်အရ လုပ်ငန်းရှင် ၄၁၂ ဦးအား ကျပ် ၆၉,၉၉၇.၆ သန်း ထုတ်ချေးပေးခဲ့ပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှလည်း လုပ်ငန်းရှင် ၁၂၀ ဦးအား ကျပ် ၄,၇၈၅.၄ သန်း ထုတ်ချေးပေးခဲ့ပါသည်။ ထိုအပြင် ဒိန်းမတ်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍

တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတို့မှ Energy Efficiency, Water Use Efficiency, Waste Treatment & Recycling, Occupational Safety and Health (OSH), Food Safety, Managerial & Supervisory Skills နှင့် Practical & Technical Skills စီမံကိန်းများ ဆောင်ရွက်မည့် လုပ်ငန်းရှင် ၁၇၈ ဦးအား ရွေးချယ်၍ ကျပ် ၅,၇၇၈.၇ သန်း ထောက်ပံ့ပေးခဲ့ပါသည်။ ထို့ကဲ့သို့ နိုင်ငံတော်မှ နည်းပညာနှင့် ငွေကြေးအရင်းအနှီး ပံ့ပိုးပေးခဲ့ခြင်း၊ ပြပွဲများနှင့် ဆွေးနွေးပွဲများ လုပ်ငန်းအချင်းချင်း ချိတ်ဆက်နိုင်ခြင်းကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများအား စက်စွမ်းအားပြည့် မောင်းနှင်ထုတ်လုပ်နိုင်ရန်၊ ပင်မဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းများအား စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်၊ ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို ပိုမိုတိုးချဲ့တည်ဆောက်၍ ဓာတ်အားမရသေးသော ဒေသများသို့ ဓာတ်အားရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့်သာမက ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၁,၃၃၃,၃၈၂.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၂.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၄၇၄,၆၉၉.၀ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၁၀.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၂၇)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ နိုင်ငံပိုင်အခန်း၌ JV/BOT အပါအဝင် အကြီးစားရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ ၂၈ ရုံ ၊ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၃ ရုံ၊

ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ၅ ရုံ၊ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ ၁၂ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များ၊ ပုဂ္ဂလိကပိုင် နေရောင်ခြည်စွမ်းအင်သုံး(မင်းဘူး)နှင့် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အားဓာတ်အားပေးစက်ရုံ ၁၆ ရုံ တို့တွင် စုစုပေါင်း ၅,၈၃၉ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် စုစုပေါင်း ကီလိုဝပ်နာရီ ၂၂,၈၇၉.၄ သန်း ထုတ်လုပ်၍ ကီလိုဝပ်နာရီ ၁၉,၂၉၅.၂ သန်း သုံးစွဲနိုင်ခဲ့ပြီး ကီလိုဝပ်နာရီ ၁,၅၂၇.၅ သန်းကို ပြည်ပသို့ရောင်းချနိုင်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် တစ်နိုင်ငံလုံး ကျေးရွာပေါင်း ၈၉၉ ရွာ ထပ်မံမီးလင်းရန် ဆောင်ရွက်နိုင်သဖြင့် ကျေးရွာ စုစုပေါင်း ၃၄,၅၃၄ ရွာ မီးလင်းခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာများကို နိုင်ငံပိုင်ဓာတ်အားလိုင်းမှ တိုးချဲ့ဖြန့်ဖြူးနိုင်ခြင်းနှင့် အခြား ဒီဇယ်မီးစက်၊ အသေးစား ရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့၊ လေအား စသည်တို့ဖြင့် ဆောင်ရွက်ပေး လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၂၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၂၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ရင်းမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၃၀)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ လျှပ်စစ်ဓာတ်အားကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ်တွင် အထက်နမ့်ထွမ် ရေအား လျှပ်စစ်စက်ရုံ ၃.၂ မဂ္ဂါဝပ်ကို ၉.၁.၂၀၁၉ ရက်နေ့တွင်ဖွင့်လှစ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေး စက်ရုံ ၂၂၅ မဂ္ဂါဝပ် စီမံကိန်းနှင့် ဓာတ်ငွေ့အင်ဂျင်သုံး ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတို့အား ၁.၂.၂၀၁၉ ရက်နေ့မှ စီးပွားဖြစ် စတင်လည်ပတ်ခဲ့ခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်ရှိ ဘဲလင်း ဓာတ်အားခွဲရုံအတွင်း ဓာတ်ငွေ့အင်ဂျင်သုံး ၁၄၅ မဂ္ဂါဝပ် Rental ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၉.၄.၂၀၁၉ ရက်နေ့မှစ၍ စီးပွားဖြစ် စတင်လည်ပတ်နိုင်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်တွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ပထမအဆင့် ၄၀ မဂ္ဂါဝပ် ကို ၂၇.၆.၂၀၁၉ ရက်နေ့မှစ၍ လည်ပတ်နိုင်ခြင်း တို့ကြောင့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၂၂,၈၇၉.၄ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

နှစ်စဉ် နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲနေရသည့် လျှပ်စစ်ဓာတ်အားအသုံးစရိတ်ကို လျှော့ချရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ် ကာမိစေရန် ၁.၇.၂၀၁၉ ရက်နေ့မှ စတင်၍ လျှပ်စစ်ဓာတ်အားခ နှုန်းထားများ တိုးမြင့်ကောက်ခံ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အဆိုပါ ဓာတ်အားခအတွက် စိုက်ထုတ်သုံးစွဲနေရသည့် ငွေပမာဏကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမည့် လုပ်ငန်းများသို့ ပြန်လည်ရင်းနှီးမြှုပ်နှံ၍ လျှပ်စစ်ဓာတ်အား မရရှိသေးသည့်ဒေသများသို့ ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရန် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းများ သွယ်တန်း၍ ဓာတ်အားရောင်းဝယ်နိုင်ရေးအတွက် လာအိုနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

လျှစ်စစ်ဓာတ်အားကဏ္ဍတွင် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ် တိုးတက်ရင်းနှီးမြှုပ်နှံလာမှုကြောင့် နှစ်အလိုက် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု တိုးတက်လာပါသည်။ လျှပ်စစ်ဓာတ်အား အလေအလွင့် မရှိစေရန်နှင့် ပျောက်ဆုံးမှု လျှော့ချရန်အတွက် ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း စသည့် လုပ်ငန်းစဉ်များကို အချိတ်အဆက်မိမိ ဆောင်ရွက်လျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ လမ်း၊ တံတားများ၊ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်၊ မြို့ပြဒေသများနှင့် လမ်း၊ တံတားများ အချိုးညီ တိုးတက်စေရန်၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ခရိုင်ချင်းဆက်လမ်းများ၊ ကျေးလက်လမ်း၊ တံတားများအား ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးစရိတ်နှင့်အချိန်ကို လျှော့ချနိုင်ရန်၊ ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်များအပေါ်တွင် အခြေခံပြီးဟန်ချက်ညီသော မြို့ပြကွန်ရက် စနစ်ပေါ်ပေါက်နိုင်ရန်နှင့် သင့်လျော်ကောင်းမွန်သည့်အိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုး ကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၈၇၃,၀၃၄.၈ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ စာရင်းများအရ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၇၀၇,၁၅၉.၁ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၇.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၈.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၃၁)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်မှုလုပ်ငန်းများတွင် အိမ်ရာ ၅၀.၇ ရာခိုင်နှုန်း၊ ရုံး ၊ ကျောင်း၊ ဆေးရုံ စသည်များ ၁၆.၉ ရာခိုင်နှုန်း၊ လမ်း ၁၀.၉ ရာခိုင်နှုန်း၊ တံတား ၃.၂ ရာခိုင်နှုန်း၊ ဆိပ်ကမ်း၊ ဆည်မြောင်းများ ၃.၇ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးနှင့်မဟာဓါတ်အားလိုင်းများ ၀.၈ ရာခိုင်နှုန်း၊ ဓါတ်အားလိုင်းများတွင် ၂.၄ ရာခိုင်နှုန်း၊ သတ္တုတွင်းစက်ရုံများ ၀.၅ ရာခိုင်နှုန်း၊ အားကစားကွင်း၊ ပန်းခြံ ၀.၃ ရာခိုင်နှုန်း၊ အခြားမြို့ပြအင်ဂျင်နီယာလုပ်ငန်းများ (အဆောက်အဦဖြိုဖျက်ခြင်း၊ လုပ်ငန်းခွင်များ ရှင်းလင်းခြင်း၊ တောရိုင်းမြေပြုပြင်ခြင်း အပါအဝင်) ၁၀.၆ ရာခိုင်နှုန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ဆောက်လုပ်မှုကဏ္ဍ၏ နိုင်ငံပိုင်အခန်းနှင့် နိုင်ငံပိုင်နှင့်ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်–

- တိုင်းဒေသကြီး/ပြည်နယ်များနှင့် ချိတ်ဆက်လျက်ရှိသည့် ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သော အဓိကပြည်ထောင်စုလမ်းမကြီး(၃)လမ်းအနက် တွင်းငယ်–မိုးမိတ်လမ်း (တွင်းငယ်–ညောင်ပင်စောက်(မိုးမိတ်)လမ်း)၊ ကျန်ပြည်ထောင်စုလမ်း (၂၈)လမ်း အနက် ဟားခါး–မတူပီလမ်း၊ မတူပီ–ပလက်ဝလမ်း၊ ပုသိမ်–မုံရွာလမ်း (ကံကလေး (ပုသိမ်)–မုံရွာလမ်း)၊ နေပြည်တော်–တောင်ညို–မြို့သစ်–ကံပြား (မကွေး)လမ်း၊ ပုဏ္ဏားကျွန်း–ရသေ့တောင်–ဘူးသီးတောင်လမ်း၊ ဘိုကလေး – မော်လမြိုင်ကျွန်း – ကျုံမငေး –ဝါးခယ်မ–မြောင်းမြလမ်း၊ ကြိမ်ချောင်း – ဂုပ္ပိတောင်ကျော်လမ်း၊ ဥဒေါင်း–ညောင်ချောင်း–မေယုတောင်ကျော်လမ်း၊ သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်း၊ သက်ကိုင်ညာ – ပဒဂါးတောင်လမ်း အပါအဝင် ပြည်ထောင်စုလမ်းမကြီး (၂၄)လမ်းတို့မှာ ရရှိဘဏ္ဍာငွေအလိုက် လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပါသည်။
- နိုင်ငံတကာနှင့်ဆက်သွယ်မည့် ပြည်ထောင်စုလမ်းမကြီး (၄) လမ်းအနက် မုဒုံ–မြဝတီလမ်း (မုဒုံ–ချောင်းနှစ်ခွ–မဲသရော–လှိုင်ကွယ် (ကော့ကရိတ်)လမ်း) (မုဒုံ–ချောင်းနှစ်ခွ–မဲသရောအပိုင်း)၊ ဂန့်ဂေါ–ကလေးလမ်း၊ မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ်လမ်း၊ အဓိကပြည်ထောင်စုလမ်းမကြီး (၁၁) လမ်းအနက် ရွှေဘို–မြစ်ကြီးနားလမ်း၊ အောင်ပန်း–ပင်လောင်း–မိုးဗြဲ–လွိုင်ကော်လမ်း၊ ရန်ကုန်–ပြည်–မန္တလေးလမ်း အပါအဝင် ပြည်ထောင်စုလမ်းမကြီး(၇)လမ်း၊ ကျန်ပြည်ထောင်စုလမ်း(၁၈)လမ်းအနက် မြစ်ကြီးနား – ဆွမ်ပရာဘွမ် – ပူတာအိုလမ်း၊ ဖားဆောင်း – မယ်ဆည်နန် – မယ်စဲ့– နန်းမန်းလမ်း (ဖားဆောင်း – မယ်ဆည်နန် – မယ်စဲ့ – နန်းမန်း – ဘီပီ ၁၃ လမ်း) ၊ တီးတိန်–တွန်းဇံ–ကျီခါးလမ်း၊ နေပြည်တော် – တောင်ညို – ချောင်းနက် – တောင်တွင်းကြီးလမ်း၊ လေညာ–

ရတနာပုံလမ်း အပါအဝင် ပြည်ထောင်စုလမ်းမကြီး (၁၃) လမ်းတို့ကို ရရှိဘဏ္ဍာငွေအလိုက် လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပါသည်။

- တိုင်းဒေသကြီး/ပြည်နယ်များ၏ နယ်စပ်ဒေသများ၌ ဒေသဖွံ့ဖြိုးရေးလမ်းများဖောက်လုပ်ရာတွင် မြေလမ်း ၃၈၄ မိုင်၊ ကျောက်လမ်း ၂၂၄ မိုင်၊ ကတ္တရာလမ်း ၆၁ မိုင်၊ ကွန်ကရစ်လမ်း ၁၃ မိုင်၊ လမ်းတာချဲ့ခြင်း ၁၃ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၁၂ မိုင်၊ ကြိုးတံတား ၃ စင်း၊ ကွန်ကရစ်တံတား ၂၀၁ စင်း၊ ဘေလီတံတား ၃ စင်း၊ Box Culvert ၁,၄၁၀ စင်း၊ ရေပြွန် ၆၉ စင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။
- ကျေးလက်လမ်းများကို ရာသီမရွေးသွားလာနိုင်ရေး အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ကွန်ကရစ်လမ်း ၄၄ မိုင် ၃.၉၄ ဖာလုံ၊ ကတ္တရာလမ်း ၁၅၅ မိုင် ၆.၆၀ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၇၈ မိုင် ၃.၉၇ ဖာလုံ၊ ကျောက်ချောလမ်း ၂၀၃ မိုင် ၃.၁၈ ဖာလုံ၊ ဂဝံလမ်း ၁၁၆ မိုင် ၅.၂၀ ဖာလုံ၊ မြေသားလမ်း ၃၅၉ မိုင် ၇.၂၈ ဖာလုံ၊ စုစုပေါင်း ၉၅၈ မိုင် ၆.၁၇ ဖာလုံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်တံတားများအနေဖြင့် ကွန်ကရစ်တံတား ၉၉ စင်း ၄,၅၇၈ ပေ ၊ သစ်သားတံတား ၁၀ စင်း ၂၈၉ ပေ၊ ဘေလီတံတား ၈ စင်း ၅၄၅ ပေ၊ ရေကျော် ၃၇ စင်း ၅,၈၁၉ ပေ၊ Box Culvert ၃၂၂ စင်း ၁,၆၂၄ ပေ၊ စုစုပေါင်း ၄၇၆ စင်း ၁၂,၈၅၅ ပေ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ်များနှင့် ချိတ်ဆက်လျက်ရှိသည့် ဆောင်ရွက်ဆဲတံတား ၄၄ စင်းအနက် ရခိုင်ပြည်နယ်အတွင်းရှိ ကင်းချောင်းတံတား၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပဲခူးမြစ်ကူးတံတားအမှတ် (၃)၊ ဒလတံတား (မြန်မာ-ကိုရီးယား ချစ်ကြည်ရေး တံတား)၊ ရှမ်းပြည်နယ်တွင် ကွမ်းလုံကြိုးတံတား အပါအဝင် ဆောင်ရွက်ဆဲတံတား အချို့မှာ ပြီးစီးရန် လိုအပ်လျက်ရှိပြီး ၊ ကုလားတန်မြစ်ကူး (ပလက်ဝ)တံတား (မတူပီ-ပလက်ဝလမ်း)၊ တောင်ငူ- ကျောက်ကြီး- ရွှေကျင်- ဝင်းကံလမ်းပေါ်ရှိ ရွှေကျင်တံတား ၊ မင်းဘူး-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယော(ကံတွင်း)တံတား၊ မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင် လမ်းပေါ်ရှိ မုန်းချောင်းတံတား(ပွင့်ဖြူ)၊ ရေဝတီတံတား (အောင်လံ-သရက်) အပါအဝင် တံတား ၃၃ စင်းသည် ရရှိဘဏ္ဍာငွေအလိုက် ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပါသည်။
- ကရင်ပြည်နယ် အတွင်းရှိ ဂျိုင်း(ကော့ကရိတ်)တံတား၊ ရခိုင်ပြည်နယ် အတွင်းရှိ ရသေ့တောင်-ဘူးသီးတောင်လမ်းပေါ်ရှိ တံတားအမှတ်(၁/၁၃)၊ တံတားအမှတ် (၁/၁၄)၊ တံတားအမှတ်(၁/၁၆)၊ အောင်သပြေချောင်းတံတား(၁/၂၂)တို့မှာ ပြီးစီးရန် လိုအပ်လျက်ရှိပြီး၊ ရန်ကုန်-မော်လမြိုင်လမ်းပေါ်ရှိ ဝေါမြို့လယ်တံတား၊ ပုသိမ်-မုံရွာလမ်းပေါ်ရှိ မဲဇလီတံတား၊ ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ရာမောင်တံတား၊ မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား(တာဆန်း)၊ မိုင်းနောင်-မိုင်းရှူးလမ်းပေါ်ရှိ နမ့်ပန်ချောင်း တံတား

(မိုင်းရှူး)၊ ပုသိမ် မြစ်ကူးတံတား အမှတ်(၂)၊ မြောင်းမြ- လပွတ္တာလမ်းပေါ်ရှိ လပွတ္တာ (ပင်လယ်လေး)တံတား၊ ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းပေါ်ရှိ ရွှေလောင်းတံတား နှင့် ဝါးခယ်မတံတား အပါအဝင် တံတားလုပ်ငန်းသစ် ၄၉ စင်းမှာ ရရှိဘဏ္ဍာငွေအလိုက် ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပါသည်။

- ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၈ ခုရှိ မြို့ပေါင်း ၃၀ တွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် လှည့်ပတ်ရန်ပုံငွေဖြင့် အိမ်ရာစီမံကိန်း ၁၃ ခု ကို ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မင်္ဂလာဒုံမြို့နယ် ပုလဲဥယျာဉ် အိမ်ရာစီမံကိန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက် ပန်းဆိုးတန်းလမ်း Atrium Condominium Project ၊ လှည်းကူးမြို့နယ်တွင် Eco Green City အပါအဝင် လုပ်ငန်းစီမံကိန်း ၂၂ ခု ကို ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်ရန်ကုန်တိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်း၊ မန္တလေးတိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းနှင့် နေပြည်တော် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်း၊ သန်လျင်၊ ကျောက်တန်း သီလဝါစက်မှုဇုန်အနီး တန်ဖိုးနည်းအိမ်ရာ၏ Infrastructure လုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဆောက်လုပ်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၃၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၃၃)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ဆောက်လုပ်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၃၄)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ဆောက်လုပ်မှုကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်များတွင် တံတားများတည်ဆောက်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းများ ဖောက်လုပ်ခြင်း၊ တာတမံပြုပြင်ထိန်းသိမ်းခြင်း၊ ဆေးရုံ၊ ရုံး၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ကရင်ပြည်နယ်တွင်မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂)၊ ဂျိုင်းမြစ်ကူး Pontoon ဒုတိယတံတားတည်ဆောက်ခြင်း၊ ကမ်းနားလမ်းသာယာလှပရေးနှင့် လမ်းတိုးချဲ့ခြင်းစီမံကိန်း၊ ပဲခူးတိုင်းဒေသကြီးတွင် မက်(စ်)မြန်မာကုမ္ပဏီမှ ရန်ကုန်-ပြည်လမ်းမကြီး ပြင်ဆင်မွမ်းမံခြင်း၊ ကမ္ဘောဇကုမ္ပဏီမှ အမြန်လမ်းမကြီး ပြင်ဆင်မွမ်းမံခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် Oriental Highway Co.Ltd မှ BOT စနစ်ဖြင့် ပြင်ဦးလွင်-မန္တလေး (၄)လမ်းသွားတိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဇွဲကပင်ပလာဇာရှော့ပင်းမော၊ ရွှေဖားစည်အဆင့်မြင့်အိမ်ရာ(၁) နှင့်(၂)၊ တနင်္သာရီတိုင်းဒေသကြီးတွင် SEA VIEW CONDO နှင့် အထပ်မြင့်အိမ်ရာများ၊ မန္တလေးတိုင်းဒေသကြီးတွင် မင်္ဂလာမန္တလေး

စီမံကိန်း၊ နန်းဦးလွင်အိမ်ရာ ၊ Mandalay City Apartment Complex တန်ဖိုးသင့်အိမ်ရာ တည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ်တွင် MAY YU SHOPPING COMPLEX တည်ဆောက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရွာဝဏ်-ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း၊ ရွာဝဏ်-ရွှေလီအိမ်ရာ စီမံကိန်း၊ ဇေ့ာတိကအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ် Sky City Condo၊ ရန်ကင်းမြို့နယ် Sky Suite Condo ၊ ဒဂုံမြို့နယ် Y Complex Project ၊ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့်ဟံသာဝတီလမ်းထောင့်တွင် Time City Project ၊ Inno International Development Co.Ltd မှ လူနေအိမ်ခန်း၊ ဟိုတယ်၊ ရုံးခန်းနှင့် ဈေးဝယ်စင်တာ၊ ယာဉ်ရပ်နားစခန်းနှင့်တွဲလျက် ခန်းမဆောင် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် A & G Korea ကုမ္ပဏီမှဆောက်လုပ်ရေးသုံးပစ္စည်းစက်ရုံ၊ Zheng Bang ကုမ္ပဏီမှ ကြက်စာ/ဘဲစာစက်ရုံ၊ Diamond Mayson ကုမ္ပဏီမှ ဘီယာစက်ရုံ၊ မော်လမြိုင်မြို့နယ် ကျောက်တန်းစက်မှုဇုန်တွင် ကွန်ကရစ်ဖျော်စက်ရုံဆောက်လုပ်ခြင်း၊ မရမ်းကုန်းမြို့နယ် Sky Driving အားကစားရုံ၊ အင်းစိန်မြို့နယ်တွင် ဒညင်းကုန်းသစ်သီးဝလံဟင်းသီးဟင်းရွက် အဆင့်မြင့်ဈေးသစ် တို့ကို တည်ဆောက်ခြင်း၊ မွန်ပြည်နယ်တွင် UNDP အစီအစဉ်ဖြင့် ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ သထုံမြို့နယ်၊ ပေါင်မြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ထိရောက်သောပို့ဆောင်ရေးကွန်ရက် စနစ် တည်ထောင်ရန်၊ မော်တော်ယာဉ်များဖြင့် စီးပွားရေးအလို့ငှာ ဆောင်ရွက်သောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား စနစ်တကျဖြစ်စေရန်နှင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့်လုံခြုံမှုရှိစေရေး တို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အထောက်အကူပြုလုပ်ငန်းများ ဖြစ်သည့် စဉ်ဆက်မပြတ်စောင့်ကြည့်စနစ်ဖြင့် အရည်အသွေးအာမခံအကဲဖြတ်ခြင်း၊ ရေကြောင်းနှင့် လေကြောင်း ပို့ဆောင်ရေးတို့တွင် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်တို့ကို ကျင့်သုံး၍ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၁၁,၄၉၁,၇၇၃.၄ သန်း အကောင်အထည် ဖော်ရန်နှင့် ပုံမှန်စျေးနှုန်းများအရ ၈.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ စာရင်းများအရ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၁၁,၈၃၈,၈၁၃.၆ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၃.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်စျေးနှုန်းများအရ ၈.၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**ပုံ(၃-၃၅)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်စျေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပင်လယ်ရေကြောင်းကုန်သွယ်ရေး၌ ရန်ကုန်ဆိပ်ကမ်းသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုပမာဏ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ဆောင်ရွက်လျက်ရှိပြီး၊ ပင်လယ်ကူးသင်္ဘောကြီးများသို့ ကုန်တင်ခြင်း၊ ကုန်ချခြင်း၊ တစ်ဆင့်လွှဲပြောင်းကုန်များ လက်ခံပေးပို့ခြင်းစသည့် ကုန်ကိုင်တွယ်မှုလုပ်ငန်းများကို မြန်ဆန်စေရန် စီမံဆောင်ရွက်လျက် ရှိပါသည်။

လေကြောင်းပို့ဆောင်ရေးတွင် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ပြည်တွင်း ၂၈ မြို့နှင့် ပြည်ပခရီးစဉ် ၆ မြို့သို့ လည်းကောင်း၊ ပြည်တွင်းပုဂ္ဂလိကလေကြောင်းလိုင်းများဖြစ်သည့် Air KBZ, Yangon Airway, Golden Myanmar Air, Air Myanmar နှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့မှ ပြည်တွင်း/ ပြည်ပခရီးစဉ်များ ပျံသန်းလျက်ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ပို့ဆောင်ရေးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၃၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၃၇)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ ပို့ဆောင်ရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ ( ၃-၃၈ )**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ပို့ဆောင်ရေးကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ဆောင်ရေးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အောက်တိုဘာလမှစက်တင်ဘာလကုန် (ယာယီ) အထိ စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိက လေကြောင်းလိုင်းများ ယခင်နှစ်ကထက် ပျံသန်းမှုအကြိမ်ရေပိုမိုခြင်း၊ ပုဂ္ဂလိကကုန်စည်ပို့ဆောင်ရေးယာဉ်များ ကျေးရွာအလိုက် တိုးချဲ့ပြေးဆွဲလာခြင်း၊ ဒေသတွင်းခရီးတိုသွားလာမှု ပိုမိုများပြားလာခြင်း၊ ကျေးရွာချင်းဆက်/မြို့နယ်ချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာခြင်း၊ ဆက်သွယ်နိုင်မှုတိုးမြင့်လာခြင်း၊ ပြည်တွင်းခရီးသွားလာမှု ပိုမိုများပြားလာခြင်း၊ လယ်ယာထွက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းများ ပို့ဆောင်မှု တိုးမြင့်လာခြင်းကြောင့် ဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် ပုဂ္ဂလိကလေကြောင်းလိုင်းများဖြစ်သည့် မန်းရတနာပုံလေကြောင်းလိုင်း၊ Air KBZ နှင့် Golden Myanmar လေကြောင်းလိုင်းတို့မှ ယခင်နှစ်ကထက် ပျံသန်းမှုအကြိမ်ရေ ပိုမိုပြေးဆွဲခဲ့ခြင်း၊ ပုဂ္ဂလိကခရီးသည်တင်ယာဉ်လိုင်းများက ခရီးသည်များ ပိုမိုသယ်ဆောင်ပေးနိုင်မှုတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍ ဝင်ငွေ တိုးတက်မှုကိုဖြစ်ပေါ်စေခဲ့ပါသည်။

ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာရုံသာမက ပြည်နယ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုရန် ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများပို့ဆောင်ရမှု တိုးမြင့်လာမှုကြောင့် ပုဂ္ဂလိက ကဏ္ဍ ပို့ဆောင်ရေးဝင်ငွေ တိုးတက်ခဲ့ရပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကပိုင်မော်တော်ယာဉ် စီးရေတိုးမြင့်လာခြင်း၊ တန်ခိုးကြီးဘုရားများ နှင့် ရှေးဟောင်းအမွေအနှစ် အလည်အပတ်နေရာများအပေါ် စိတ်ဝင်စားမှုရှိခြင်းကြောင့် နိုင်ငံခြားသား၊ ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေခရီးသွားလာမှုပိုမိုများပြားခြင်း၊ ကျေးရွာချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာခြင်း၊ လယ်ယာထွက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းများ ပို့ဆောင်မှု ပိုမိုကောင်းမွန်လာခြင်းကြောင့် တိုးတက်ရခြင်း ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ရေကြောင်းပို့ဆောင်ရေး၌ အကောင်အထည်ဖော်မှု လျော့နည်းခဲ့ သော်လည်း ကုန်စည်ပို့ဆောင်ရာတွင် ရထားပို့ဆောင်ရေးကို အသုံးပြုခြင်း၊ ရေလမ်းအသုံးပြု ကုန်စည် ပို့ဆောင်မှုထက် မော်တော်ယာဉ်ဖြင့် ပို့ဆောင်မှုပိုမို မြင့်မားလာခြင်း၊ ပုဂ္ဂလိကမော်တော်ယာဉ် (Express) လိုင်းများဖြင့် ရုံး/ကျောင်းပိတ်ရက်ကာလများတွင် ဘုရားဖူးခရီးနှင့် ပြည်တွင်းခရီးသွားလာမှု ပိုမိုများ ပြားလာခြင်း၊ မြို့တွင်းသွား သုံးဘီးယာဉ်များ ပိုမိုများပြားလာခြင်း၊ လျှပ်စစ်စက်ဘီး ငှားရမ်းလည်ပတ်မှု တိုးမြင့်လာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍ တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ကားလမ်းများ ယခင်နှစ်ကထက် ပိုမိုကောင်းမွန်လာပြီး၊ ပုဂ္ဂလိကပိုင် ယာဉ်လိုင်းများတွင် ကားစီးရေများ ပိုမိုပြေးဆွဲလာခြင်း၊ ရေကြောင်းပို့ဆောင်ရေးတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများသည် ကုန်စည်နှင့်ခရီးသည်ပို့ဆောင်မှု ပိုမိုလာခြင်း၊ ပုဂ္ဂလိကလေကြောင်းလိုင်းများသည် ရက်သတ္တတစ်ပတ်လျှင် (၃) ရက်မှ (၄)ရက် ပြေးဆွဲလျက်ရှိခြင်း၊ ယခင်နှစ်များထက် ပြေးဆွဲမှု ခရီးစဉ်အကြိမ်ရေ ပိုမိုတိုးမြင့်လာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍဝင်ငွေ တိုးတက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စီမံကိန်းရည်မှန်းချက် ပြည့်မီလုနီးပါး အကောင်အထည်ဖော်နိုင် ခဲ့ပါသည်။ မြန်မာ့မီးရထား၏ ခရီးသည်ပို့ဆောင်မှု ဝင်ငွေ လျော့နည်းခဲ့သော်လည်း ကုန်စည်ပို့ဆောင်မှု ဝင်ငွေမှာအနည်းငယ်တိုးတက်ခဲ့ပါသည်။ ရေကြောင်းပို့ဆောင်ရေးတွင် ဇက်ရေယာဉ်ကြီးများ ပိုမိုငှားရမ်း လာခြင်း၊ ရေယာဉ်/တွဲယာဉ်များ ငှားရမ်းမှုရှိခြင်း၊ မြန်မာအမျိုးသားလေကြောင်းမှ လေကြောင်း ပို့ဆောင်မှု ဝင်ငွေတိုးတက်လာခြင်း၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်လာသော ကြောင့် စီမံကိန်း ရည်မှန်းချက် ပြည့်မီလုနီးပါး အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံအပိုင်အခန်းကဏ္ဍမှ ပြည်တွင်းရေကြောင်းပို့ဆောင်မှုတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများ တိုးတက်ပို့ဆောင်နိုင်ခဲ့ခြင်း၊ ဆိပ်ကမ်းဝင်ငွေတိုးတက်ရရှိခဲ့ခြင်းနှင့် ခရီးစဉ်ဒေသများသို့ ခရီးသွားပို့ဆောင်မှု များပြားခြင်းတို့ကြောင့် စီမံကိန်းရည်မှန်းချက်ထက် ကျော်လွန် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ရထားပို့ဆောင်ရေးတွင် အာရှကုန်းလမ်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး စီမံကိန်းပါ ကိစ္စရပ်များအနက် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသော အာရှရထား လမ်းမကြီးကွန်ယက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်ကို ရယူခဲ့ပါသည်။ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးတွင် အမျိုးသားအဆင့် ရေကြောင်းပို့ဆောင်ရေး မူဝါဒရေးဆွဲရေးအတွက် ၁၃-၅-၂၀၁၉ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ အခြေခံအဆောက်အဦလုပ်ငန်းများတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ ပါဝင်လာစေရန် J.V, BOT နှင့် PPP စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

အခြေခံအဆောက်အဦဖြည့်တင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု အရည်အသွေး ပိုမိုကောင်းမွန်လာစေရန် ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ဘဏ် ချေးငွေဖြင့် ရောဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ကိုရီးယားနိုင်ငံချေးငွေဖြင့် တွံ့တေးတူးမြောင်း ဖွံ့ဖြိုးရေးစီမံကိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအထောက်အပံ့ဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း၊ ဂျပန်နိုင်ငံ အထောက်အပံ့ဖြင့် မန္တလေးဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်း၊ မြစ်ကူးတံတားများ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် စစ်ဆေးခြင်းလုပ်ငန်း၊ ရေလမ်းကြောင်းကောင်းမွန်စေရေးအတွက် သဲနုန်းပို့ချမှုတိုင်းတာခြင်းလုပ်ငန်းနှင့် မြို့ရွာများ ရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍအသီးသီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်သွယ်ရေး ဝန်ဆောင်ပေးမှုသည် အရေးပါသောအခန်းမှ ပါဝင်လျက်ရှိပါသည်။ တယ်လီဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှု လုပ်ငန်းများ၊ GSM / UMTS တိုးချဲ့ တပ်ဆင်ခြင်းလုပ်ငန်း၊ ICT Eco System တပ်ဆင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအပါအဝင် စာပို့တိုက်နှင့်ကြေးနန်း လုပ်ငန်းများဖြစ်သည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၃၀၇,၄၅၄.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၅.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိ စာရင်းများအရ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၀၇၇,၈၄၂.၉ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၀.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၁၂.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ ( ၃-၃၉)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးတက်စေရန် လက်ရှိဒစ်ဂျစ်တယ် အိတ်ချိန်းများကို ခေတ်မီ MSAN အိတ်ချိန်းများဖြင့် အစားထိုးလဲလှယ်ခြင်း၊ ကျေးလက်ဒေသများသို့ ကွန်ရက်ဖြန့်ကျက်နိုင်ရန်နှင့်

သုံးစွဲသူအရေအတွက် ပိုမိုလာစေရန် မိုဘိုင်းစခန်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ဖိုင်ဘာ ဆက်ကြောင်းများနှင့် ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုများကို စနစ်တကျ သွယ်တန်းခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ အဆင့်မြှင့်တင်ခြင်းဖြင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးတက်ရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်မှုများကြောင့် မိုဘိုင်းဖုန်း ဆင်းကဒ်သုံးစွဲမှု နှုန်း ၁၂၆ ရာခိုင်နှုန်း၊ တယ်လီဖုန်းသိပ်သည်းဆ ၁၀၀ ရာခိုင်နှုန်းကျော်နှင့် အင်တာနက်အသုံးပြုမှုမှာ ၈၀ ရာခိုင်နှုန်းကျော်အထိ ဖြစ်ပေါ်ခဲ့ပါသည်။ အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ စာပို့တိုက်ဝန်ဆောင်မှုများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ပုဂ္ဂလိကဘဏ် အချို့နှင့် ပူးပေါင်း၍ ဘဏ်လုပ်ငန်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း စသည့် ပြည်သူသို့ ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်အထိ တာဝါတိုင်ဆောက်လုပ်ပြီးစီးမှု အခြေအနေမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၈,၈၆၆ ခု၊ အော်ရီဒူးမြန်မာလီမိတက်က ၅,၇၉၂ ခု နှင့် တယ်လီနောမြန်မာလီမိတက်က ၈,၈၁၈ ခု၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ၁,၀၅၆ ခု၊ Mytel ကုမ္ပဏီလီမိတက်က ၇,၀၈၀ ခု စုစုပေါင်းတာဝါတိုင် ၃၁,၆၁၂ ခု ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်လာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဆက်သွယ်ရေးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ**

**ပုံ(၃-၄၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၄၁)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ဆက်သွယ်ရေး ကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှု အခြေအနေကို ပုံပြဂရပ် ဖြင့်ဖော်ပြအပ်ပါသည် -

**ပုံ(၃-၄၂)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ဆက်သွယ်ရေးကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

e-Government စနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ Data ID Card System ၊ Digital Government Strategy ၊ Cyber Security စနစ်တို့အား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေး၊ ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရယူပြီး လုပ်ငန်း ဆောင်ရွက်နေသည့် မိုဘိုင်းအော်ပရေတာများနှင့်ကုမ္ပဏီ အသီးသီးကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ Data Security ၊ Data Privacy ၊ Data Sharing စသည့် ကိစ္စရပ်များတွင် ပြည်သူပြည်သားများနှင့် နိုင်ငံ၏လုံခြုံမှုကို ကာကွယ်ပေးနိုင်မည့် အစီအစဉ်များ ဆောင်ရွက်ရန်နှင့် ဆက်သွယ်ရေးကိရိယာများ တိုးချဲ့တပ်ဆင်ခြင်း၊ ဆက်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

e-Government စနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် မဖြစ်မနေ လိုအပ်ချက် ဖြစ်ပါသည်။ ထိုစနစ်ကိုအထောက်အကူဖြစ်စေသည့် နိုင်ငံတကာစံနှင့်ကိုက်ညီသော မြန်မာယူနီကုဒ်စံစနစ်ကို နိုင်ငံတစ်ဝန်းလုံးတွင် စတင်ကူးပြောင်းအသုံးပြုနိုင်ခဲ့ပါသည်။ e-Government အတွက် အခြေခံကျသည့် e-Government Integrated Data Center (e-GIDC) တည်ဆောက်ခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စွာရရှိနိုင်ရန် Myanmar Sat - 2 ဂြိုဟ်တုကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်း ပြင်သစ်နိုင်ငံ၊ ဂီယာနာရှိ အာရိယန် အာကာသဒုံးပျံ ပစ်လွှတ်ရေး အခြေစိုက်စခန်းမှ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေကို တောင့်တင်းခိုင်မာစေပြီး၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပီပြင်စွာအကောင်အထည်ဖော်ရေးအတွက် ပြောင်းလဲကျင့်သုံးလျက်ရှိသည့် မူဝါဒများနှင့်အညီ ငွေကြေးအရင်းအမြစ်များကို စုစည်း၍ အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပ်ငွေအမျိုးအစားများကို တိုးချဲ့လက်ခံခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအပါအဝင် စက်မှုလက်မှုလုပ်ငန်းများကို အဓိကထား၍ ချေးငွေများထုတ်ချေးခြင်း၊ ငွေကြေးနှင့်အရင်းအနှီးဈေးကွက် ခိုင်မာစွာဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများကို ခေတ်မီနည်းပညာများ အသုံးပြု၍ နိုင်ငံတကာဘဏ်လုပ်ငန်းစံနှုန်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃၃၃,၆၀၆.၄ သန်း ဖြစ်ပေါ်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၉.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိ စာရင်းများအရ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃၉၂,၆၆၀.၈ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၁၇.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၁၁.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ (၃-၄၃)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဗဟိုဘဏ်အတိုးနှုန်းကို တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်း သတ်မှတ်ထား ရှိပါသည်။ အဆိုပါဗဟိုဘဏ်အတိုးနှုန်းမှာ ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်၍ လက်ရှိကာလအထိ တည်ငြိမ်စွာ သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အစိုးရငွေတိုက်စာချုပ်များ၊ အစိုးရငွေတိုက်လက်မှတ်များ ရောင်းချထားမှုအပေါ် အတိုးရငွေများနှင့် ဆောင်ရွက်ခရငွေများ တိုးတက်ရရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု အပေါ်မှ အတိုးရငွေများလည်း တိုးတက်ရရှိခဲ့ပါသည်။ ထို့အပြင် နိုင်ငံခြားဘဏ်များ၌ အချိန်ပိုင်းအပ်ငွေ နှင့် နိုင်ငံခြားငွေစာချုပ်များမှ အတိုးဝင်ငွေများ ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးပမာဏအား သတ်မှတ်ထားသော ရည်မှန်းချက်ဘောင် အတွင်း ရရှိစေရန် အပ်ငွေလေလံ (Deposit Auction) ၂၅ ကြိမ် ခေါ်ယူခဲ့ပြီး ဘဏ်လုပ်ငန်းစနစ်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့သည့်အပြင် Treasury Bill Auction (၂၄) ကြိမ် နှင့် Treasury Bond Auction (၁၂) ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန်ရည်ရွယ်၍ ပုဂ္ဂလိကဘဏ် စုစုပေါင်း ၂၇ ဘဏ် ကို ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီး ဘဏ်ခွဲများအနေဖြင့် ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၁၉၂ ခု တိုးချဲ့ ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရည်ညွှန်းငွေလဲလှယ်နှုန်းကို နိုင်ငံခြားငွေ စျေးပြိုင် လေလံစနစ်အရ သတ်မှတ်ခဲ့ပြီး ၅-၂-၂၀၁၉ ရက်နေ့မှ စတင်၍ နိုင်ငံခြားငွေကြေးစျေးကွက်ရှိ ရောင်းလိုအားနှင့် ဝယ်လိုအားအပေါ် အခြေခံ၍ တွက်ချက်ထုတ်ပြန်ခဲ့ပါသည်။

မြန်မာ့စီးပွားရေးဘဏ်မှ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA ODA SME Two Step Loan အဆင့်(၁)တွင် လုပ်ငန်းရှင် ၂၈ ဦး၊ အဆင့်(၂)တွင် လုပ်ငန်းရှင် ၄၁၂ ဦး သို့ ချေးငွေများ ထုတ်ချေးနိုင်ခဲ့ပါသည်။ Housing Finance Development Project အတွက် ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (CHIDB) မှ တစ်ဆင့် အိမ်ရာချေးငွေ ရယူလိုသူ ၁,၁၉၅ ဦးအား ချေးငွေများ ထုတ်ချေးနိုင်ခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများအတွက် ပုံမှန် ထုတ်ချေးပေးလျက် ရှိသော စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁,၇၄၇,၄၇၆.၉၅၀ သန်း အပြင် JICA Two Step Loan ချေးငွေ ကျပ် ၈၈,၈၀၃.၃၇၂ သန်းကို မြို့နယ် ၁၅၅ မြို့နယ်မှ တောင်သူ ၂,၁၂၆ ဦး နှင့် MEB Two Step Loan ချေးငွေ ကျပ် ၈,၉၄၈.၈၁၉ သန်းကို မြို့နယ် ၁၀၅ မြို့နယ်မှ တောင်သူနှင့် လုပ်ငန်းရှင် ၄,၅၁၆ ဦးကို ထုတ်ချေးနိုင် ခဲ့ပါသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမငွေစုငွေချေး အသေးစားချေးငွေများ ထုတ်ချေးပေးရာတွင် အဓိကအားဖြင့် China EXIM Bank ချေးငွေများဖြင့်

စိုက်ပျိုးရေးသမဝါယမအသင်းများနှင့် မွေးမြူရေးသမဝါယမအသင်းများသို့ ချေးငွေများ တိုးချဲ့ထုတ်ချေးပေးလျက် ရှိပါသည်။

ပုဂ္ဂလိကအသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများကို တိုးချဲ့ခွင့်ပြုပေးခဲ့ပြီး အဆိုပါလိုင်စင်ရ အဖွဲ့အစည်းများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ် ၂၄၄ မြို့နယ်၊ ရပ်ကွက် ၂,၀၆၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇,၃၄၀ အုပ်စု၊ ကျေးရွာ ၂၄,၂၂၈ ရွာတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်ကွပ်ကဲမှုနှင့်အညီ နိုင်ငံပိုင်ဘဏ်များ၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများ၊ အာမခံလုပ်ငန်းများနှင့် ပုဂ္ဂလိကအသေးစား ငွေစုငွေချေးလုပ်ငန်း/အဖွဲ့အစည်းများမှ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၄၄) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၄၅)တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ ငွေရေးကြေးရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၄၆)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**ငွေရေးကြေးရေးကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်စျေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကယားပြည်နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေပိုမိုထုတ်ချေးခြင်းကြောင့် အတိုးရငွေများ ပိုမိုရရှိခဲ့ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ် တောင်သူလယ်သမားများသို့ ထုတ်ချေးငွေများမှ အတိုးရရှိခြင်း၊ ဖွံ့ဖြိုးရေးချေးငွေများဖြစ်သည့် JICA Two Step Loan ၊ MEB Two Step Loan နှင့် စိုက်ပျိုး မွေးမြူရေးကဏ္ဍ (Agri Business) ဆောင်ရွက်သည့် တောင်သူလယ်သမားများသို့ နှစ်တို၊ နှစ်ရှည်ချေးငွေများ ထုတ်ချေးခြင်းတို့ကြောင့် အတိုးရငွေများ တိုးတက်ရရှိခဲ့ပါသည်။ မြစိမ်းရောင် ကျေးရွာစီမံကိန်း ယူနစ်များတိုးချဲ့ခြင်းမှ အတိုးရငွေများ သိသိသာသာတိုးတက် ရရှိခဲ့ပြီး အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ချေးငွေများထုတ်ချေးခြင်းအပေါ် အတိုးဝင်ငွေများ တိုးတက်ရရှိခဲ့ ပါသည်။

ကရင်ပြည်နယ်တွင် သမဝါယမငွေစုငွေချေးအသင်းများနှင့် ပုဂ္ဂလိကဘဏ်များဖြစ်သော ကမ္ဘောဇ ရတနာဘဏ်၊ ဧရာဝတီတောင်သူလယ်သမားများဘဏ်တို့ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ဘဏ် ထုတ်ချေးငွေအပေါ် အတိုးဝင်ငွေများ၊ ရွှေဖားစည်အိမ်ရာ၊ ဆိုင်ကယ်နှင့်ဖုန်းများ အရစ်ကျ ရောင်းချခြင်းမှ အတိုးများရရှိခြင်း၊ ချေးငွေလုပ်ငန်းများ၊ နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်းများ၊ ငွေလွှဲပေးပို့ခြင်း လုပ်ငန်း များမှ ဝင်ငွေများ ပိုမိုရရှိခဲ့ပါသည်။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတို့၏ အတိုးရငွေများလည်း တိုးတက်ရရှိခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် သမဝါယမဘဏ်တို့မှ အတိုးရငွေများ တိုးတက်ရရှိခဲ့ခြင်း၊ ပုဂ္ဂလိကပိုင်ဘဏ်များဖြစ်သည့် ကမ္ဘောဇရတနာဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ဧရာဝတီဘဏ်၊ ရိုးမဘဏ်နှင့် မြန်မာနိုင်ငံသားများဘဏ်တို့မှ ထုတ်ချေးငွေ အပေါ်အတိုးရငွေများနှင့် ငါးဖမ်းလှေများ အာမခံထားရှိလာခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ လုပ်ငန်းနှင့် ဂရင်း ဂါးဒီးယန်း အာမခံကုမ္ပဏီတို့မှ ဝင်ငွေများ တိုးတက် ရရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင်မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့အာမခံ လုပ်ငန်းများမှဝင်ငွေများ တိုးတက်ရရှိခဲ့ပြီး၊ သမပိုင်အခန်းတွင် သမဝါယမဘဏ် နှင့် ငွေစုငွေချေးအသင်း ထုတ်ချေးငွေများမှ အတိုးဝင်ငွေများပိုမိုရရှိခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင် ပုဂ္ဂလိကဘဏ်ခွဲများမှ ဝင်ငွေများတိုးတက်လာခြင်း၊ ငွေလွှဲလုပ်ငန်းများမှ ဝင်ငွေများတိုးတက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ သမဝါယမ ငွေစုငွေချေးအသင်းနှင့် သမဝါယမဘဏ်၊ ပုဂ္ဂလိကဘဏ်များ၊ အသေးစားငွေစုငွေချေးအဖွဲ့များ၊ ဆင်းရဲမှု လျှော့ချရေးချေးငွေများမှ အတိုးရငွေများနှင့် အာမခံကုမ္ပဏီများမှ ဝင်ငွေများရရှိခဲ့ပါသည်။ နိုင်ငံခြား ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်ခွဲများမှ အချိန်ပိုင်းအပ်ငွေနှင့် နိုင်ငံခြားငွေစာချုပ်များမှ အတိုးဝင်ငွေများ ပိုမိုရရှိခဲ့ပြီး နိုင်ငံတကာကွန်ရက်များနှင့် ချိတ်ဆက်၍ ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများတွင်ပါ ငွေထုတ်ယူနိုင်သည့် Master, VISA စသည့် နိုင်ငံတကာ ATM ကဒ်များ ဆောင်ရွက်ပေးခဲ့သည့်အတွက် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် သမပိုင်အခန်း၏ သမဝါယမဘဏ်နှင့် ဌာနဆိုင်ရာ ငွေစုငွေချေးသမ အသင်း၏ ငွေထုတ်ချေးမှုမှ အတိုးရငွေများ ပိုမိုရရှိခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အခန်းတွင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှခွင့်ပြုထားသော ငွေရေးကြေးရေး အဖွဲ့အစည်း ၃၆ ဖွဲ့မှ ချေးငွေများ ပိုထုတ်ချေးပေးနိုင်ခြင်းကြောင့် ဝင်ငွေများတိုးတက်ခဲ့ပါသည်။

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်၊ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူ့ဝန်ထမ်းကောင်းများ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရရှိစေရန်၊ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရန်၊ ပညာရေး အဆင့်အတန်း မြင့်မားလာစေရန်၊ လူမှုအကာအကွယ်ပေးရေး လုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်း များရရှိစေရန်၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၆၁၁,၅၈၀.၂ သန်း ရရှိစေရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ စာရင်းများအရ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၄၅၈,၄၀၇.၂ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၄၇)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နေ့စားဝန်ထမ်းများ၏ အနည်းဆုံး အခကြေးငွေနှုန်းထားကို ၂၀၁၈ ခုနှစ်၊ မေလ (၁၄) ရက်နေ့မှစ၍ ၃၆၀၀ ကျပ်မှ ၄၈၀၀ ကျပ်သို့ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ ဖွဲ့စည်းပုံများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကြောင့် ဝန်ထမ်းအင်အား တိုးလာခြင်း ၊ ဒေသစရိတ်များ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ**

**ပုံ(၃-၄၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၄၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၅၀)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍာရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ တွင် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

- ကျေးလက်နှင့် ဝေးလံဒေသမှ ကလေးများ သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိနိုင် စေရန်အတွက် ကျောင်းပေါင်း ၆,၃၈၇ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ အခြေခံပညာကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ဘာသာရပ်အလိုက် စာအုပ်များအား ကျောင်းသား/သူများကို အခမဲ့ထောက်ပံ့ပေးနိုင်ခဲ့ပါသည်၊
- ကျွမ်းကျင်မှုအခြေပြုကာလတို သက်မွေးပညာသင်ယူမှု အခွင့်အလမ်းများ ပိုမို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာဆိုင်ရာသင်တန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ စိုက်ပျိုးရေးနှင့် အခြားသက်မွေးပညာရပ်ဆိုင်ရာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်၊
- ပြည်ပအကူအညီဖြင့် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်းနှင့် ဆရာအတတ်သင်သိပ္ပံ(ဗဟန်း) တည်ဆောက်ရေး၊ သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း နှင့် လက်တွေ့ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေး စီမံကိန်း

(Equipping Youth for Employment Project –EYE) အစီအစဉ်အရ အစိုးရနည်းပညာ အထက်တန်းကျောင်း (နေပြည်တော်၊ ရွှာမ၊ မန္တလေး)တို့တွင် Bricklaying, Barbending, Concrete Shuttering နှင့် Road Construction တို့နှင့် ပတ်သက်၍ (၃)လ သင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်၊

- ပြည်ပအထောက်အပံ့ဖြင့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးကဏ္ဍ ပြုပြင် ပြောင်းလဲရန်အတွက် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ကျောင်းအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ လမ်းညွှန်ချက် (မူကြမ်း) ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊
- အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိ သော ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ကျပ် ၁၆,၃၃၉.၅၅၃ သန်း ထောက်ပံ့ပေးခဲ့ပါသည်၊
- Grade–6(သင်ရိုးသစ်)အတွက် သင်ထောက်ကူ ၄၃ မျိုးပါ Kit ပုံး ၃၁,၇၄၅ ပုံးကို ခရိုင် များသို့လည်းကောင်း၊ မူလွန်နှင့်လခွဲကျောင်းများအတွက် တစ်ကျောင်းလျှင် (၁) ပုံးနှုန်း ဖြင့်လည်းကောင်း၊ ကျောင်းများ၌အသုံးပြုရန် CPD Hand Book ၁၆၅,၂၄၆ အုပ်ကို လည်းကောင်း ဖြန့်ဝေပေးနိုင်ခဲ့ပါသည်၊
- ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့(၈) ဦး၊ ဆေးလက်တွေ့ ပါရဂူဘွဲ့ (၁၇)ဦး၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ (၁) ဦး၊ ဒီပလိုမာဘွဲ့ (၂) ဦး၊ ဆေးပညာမဟာသိပ္ပံ (၉၈) ဦး နှင့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံ (၁) ဦးနှင့် သွားမဟာသိပ္ပံ (၃) ဦး မွေးထုတ်ပေး နိုင်ခဲ့ပါသည်၊
- ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် တီဘီလူနာ ၁၃၅,၄၀၁ ဦး၊ အနာကြီး ရောဂါလူနာ ၄,၈၂၇ ဦး၊ မျက်စိအကြီးစားခွဲစိတ်မှု ၁၄,၈၉၄ ခု၊ အသေးစား ခွဲစိတ်မှု ၇,၁၂၄ ခု၊ ပြင်ပလူနာ ကြည့်ရှုခြင်း ၇၂,၅၈၆ ခု နှင့် ကွင်းဆင်းကြည့်ရှုခြင်း ၅၂,၁၆၇ ဦး တို့ကို ကုသပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ၁၉၀ ကြိမ် နှင့် သုတေသနလုပ်ငန်း ၁၉ ခု တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်၊
- ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်စေရန် အတွက် (၁၆) ခုတင် ဆံ့တိုက်နယ်ဆေးရုံ(၁)ရုံအား (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ် ခွင့်ပြု ခဲ့ပြီး (၁၆) ခုတင်ဆံ့ တိုက်နယ် ဆေးရုံ(၁၇)ရုံ၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(၅)ရုံ၊ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ (၁) ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၅၃ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၇၊ ၁ တိကို အသစ်တိုးခဲဲ ဖင်လှစ်ခြင်း၊ တိုင်းရင်းဆေးဝါး စက်ရုံ (၁) ရုံ

အဆင့်မြှင့်တင်ခြင်းနှင့် နေပြည်တော် ခုတင် ၃၀၀ ဆံ့ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဆေးရုံအား နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၃၀၀ ဆံ့အဖြစ် အမည်ပြောင်းလဲ ပြင်ဆင်ခဲ့ပါသည်၊

- အစီရင်ခံသည့် နှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် မြေလမ်း ၃၈၄ မိုင်၊ ကျောက်လမ်း ၂၂၄ မိုင်၊ ကတ္တရာလမ်း ၆၁ မိုင်၊ ကွန်ကရစ် လမ်း ၁၃ မိုင်၊ လမ်းတာချဲ့ခြင်း ၁၃ မိုင်၊ လမ်းပြုပြင် ထိန်းသိမ်းခြင်း ၁၁၂ မိုင်၊ ကြိုးတံတား ၃ စင်း၊ ကွန်ကရစ်တံတား ၂၀၁ စင်း၊ ဘေလီတံတား ၃ စင်း၊ Box Culvert ၁,၄၁၀ စင်း၊ ရေပြွန် ၆၉ စင်း၊ မြေထိန်းနံရံ ၃ ခု၊ ဆိုလာ ၂,၀၁၄ စုံ၊ လျှပ်စစ်မီး သွယ်တန်းခြင်း ၁၇ ခု၊ ဘုန်းကြီးကျောင်း ၈ ကျောင်း၊ တန်ဖိုးနည်းအိမ်ရာ ၁၇၄ လုံး၊ စာသင်ကျောင်း ၁၀ ကျောင်း နှင့် ကျန်းမာရေးလုပ်ငန်းတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂ ခု တို့ကို ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ပြည်ပအကူအညီဖြင့် စာသင်ကျောင်း ၁၂၀ ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁ ခု၊ မြေလမ်း ၁၁ လမ်း၊ တံတား ၆ စင်း၊ Box Culvert ၂၂၇ စင်း၊ မြေထိန်းနံရံ ၁ ခု၊ အိမ် ၁,၇၀၀ လုံး နှင့် ရေတွင်း ၂၈ တွင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ ပါသည်၊
- ပြည်သူလူထုအား စာပေအသိပညာ ရရှိစေရန်အတွက် သုတ၊ ရသ စာအုပ် ၆၂,၃၃၇ အုပ်၊ ဒို့ကျေးရွာဂျာနယ် ၈၄၃,၅၁၀ စောင် ၊ အထိမ်းအမှတ် လက်ကမ်း စာစောင် ၁၂ သိန်း၊ အာဇာနည်နေ့အမှတ်တရ စာအုပ်ကို အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့် အုပ်ရေ ၅၃,၀၀၀ တို့ကို ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပြီး စာဖတ်ဝိုင်း ၁,၂၈၀ ကြိမ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ Online အသုံးပြု သတင်းအချက်အလက် ရှာဖွေခြင်းသင်တန်းတွင် ၁၀၃ ဦး၊ Advanced Online/ Digital Journalism သင်တန်းတွင် ၁၆ ဦး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး သင်တန်းတွင် ၄၅ ဦး တက်ရောက်ခဲ့ပါသည်၊
- ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအတွက် Religious Visa လျှောက်ထားသူ ၄၁ ဦး၊ ပြည်ဝင်ခွင့်ဗီဇာ ရရှိရေးနှင့် ပြည်နေခွင့်သက်တမ်းတိုး နေထိုင်ခွင့်ဗီဇာရရှိရေး လျှောက်ထားသူ ၁၆၆ ဦး တို့ကို ထောက်ခံပေးခဲ့ပြီး ဘာသာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှု၊ တွေ့ဆုံမှုတို့ကို ဆောင်ရွက်ခဲ့ပါသည်၊
- ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်အတွက် ရှေးဟောင်းပစ္စည်း ၃,၄၃၄ ခု၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် ၁,၄၇၁ ခုတို့ကိုစုဆောင်းနိုင်ခဲ့ပြီး မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်နိုင်ရေးအတွက် အဆိုပြု စာတွဲ (မူကြမ်း) တင်ပြနိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်၊

- နိုင်ငံ/သမဝါယမ/ပုဂ္ဂလိကပိုင်၊ ဖက်စပ်နှင့်အခြားကဏ္ဍတို့တွင် လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်အလုပ်ဌာနပေါင်း ၃၃,၆၉၄ ဌာနနှင့် အလုပ်သမားပေါင်း ၁,၄၁၅,၁၈၇ ဦး အကျိုးခံစားခွင့်များ ရရှိခဲ့ပြီး အကျိုးခံစားခွင့်အမျိုးအစားအလိုက် စုစုပေါင်း ကျပ် ၁၇,၂၅၁.၇၂၂ သန်းကို ထုတ်ပေးခဲ့ပြီး အလုပ်သမားဆေးရုံကြီး တို့တွင် စုစုပေါင်း လူနာ ၁၀၇,၄၁၉ ဦး၊ အာမခံအလုပ်သမား ၉၈၈,၅၃၉ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု ပေးခဲ့ပါသည်၊
- ကလေးပြုစုရေးဌာန ၇ ခု တွင် ကလေးငယ်များ ၃၅၅ ဦး ၊ မူလတန်းကြို ကျောင်း ၁၂၉ ကျောင်းတွင် ကလေးငယ်များ ၁၈,၀၇၆ ဦးနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁,၀၂၄ ကျောင်းတို့ကို ထောက်ပံ့ပေးခဲ့ပါသည်၊
- တိုင်းဒေသကြီး/ပြည်နယ်များတွင် လူငယ်ရိပ်သာ ၂၆ ခု၊ စေတနာမူလတန်း ညကျောင်း ၁၇ ကျောင်း၊ လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်း ၁၀ ခု ဖွင့်လှစ်ထားပြီး လူငယ် ၄,၄၁၉ ဦး တို့ကို ကျောင်းပညာ သင်ကြားပေးခဲ့ပြီး အိမ်တွင်းမှု သင်တန်း ၇,၀၄၆ ဦးနှင့် ရပ်ရွာအခြေပြု အိမ်တွင်းမှုသက်မွေးသင်တန်း ၅,၀၃၄ ဦး တို့ကို သင်ကြားပေးခဲ့ပါသည်၊
- မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်မြို့၊ မန္တလေးမြို့)တွင် ကျောင်းသား/ကျောင်းသူ ၃၄၃ ဦးကို လေ့ကျင့်ပေးခဲ့ပြီး မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် သင်တန်းသား ၈၀ ဦးကို အီလက်ထရောနစ် ၊ စက်ချုပ်၊ တံဆိပ်ရိုက်၊ ခါတ်ပုံ၊ ဆံသ နှင့် ကွန်ပျူတာသင်တန်းတို့ကို သင်ကြားပေးခဲ့ပါသည်၊
- မျက်မမြင်ကျောင်း (ရန်ကုန်၊ စစ်ကိုင်း)တွင် ကျောင်းသား/ကျောင်းသူ ၂၅၅ ဦးကို မျက်မမြင် လက်စမ်းစာပေ Braille၊ IE စနစ်ဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့်တက္ကသိုလ်၊ ကွန်ပျူတာ၊ အသက်မွေးဝမ်းကျောင်း ပညာတို့ကို သင်ကြားပေးခဲ့ပါသည်၊
- နားမကြားသောကလေးများကျောင်း(မန္တလေး၊ရန်ကုန်)တွင် ကျောင်းသား/ကျောင်းသူ ၃၅၈ ဦး ကို Sign Language ဖြင့် ကျောင်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြား ပေးခဲ့ပါသည်၊
- ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေး သူငယ်များအစီအစဉ်အရ ချင်း၊ ရခိုင်၊ ကရင်၊ ကယားပြည်နယ်တို့နှင့် နာဂရိုင် အုပ်ချုပ်ခွင့်ရဒေသတို့တွင် အကျိုးခံစားခွင့်ရှိသူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၀၆,၁၈၆ ဦးအား ငွေကြေးထောက်ပံ့ ပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထက် ၁၉၉,၄၄၁ ဦး ပိုခဲ့ပါသည်။ ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားပေါင်း ၁၈၈,၇၄၀ ဦးကို လူမှုရေးပင်စင် ထောက်ပံ့ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ထက် ၁၄၇,၇၅၈ ဦး ပိုခဲ့ပါသည်။

- လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာသို့ အကူအညီလာရောက် တောင်းခံသူ ၃၁၄ ဦး ရှိပြီး လူကုန်ကူးခံရသူ စုစုပေါင်း ၄၅၉ ဦးအား မိဘနေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခြင်း၊ ၂၆၈ ဦးအား နောက်ဆက်တွဲ စောင့်ရှောက်မှုပေးခြင်းနှင့်၎င်းတို့မှ ၁၈၃ ဦးကို ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ပေးခဲ့ပါသည်၊
- တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တိုင်းရင်းသား ဘာသာစာပေဖြင့် သင်ကြားပေးနေသော ဆရာ၊ ဆရာမ ၇,၁၁၀ ဦးကို ပညာရေးဝန်ကြီးဌာနတွင် ခန့်ထားပေးခဲ့ပြီး တိုင်းရင်းသားဘာသာ ၆၆ မျိုးဖြင့် ပုံပြပုံပြင်စာအုပ်များကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိတွင် စီမံခန့်ခွဲရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အပေါ် မူဝါဒ ချမှတ်ရန်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား အဆင့်မဟာဗျူဟာ(မူကြမ်း) ရေးဆွဲရန် ဆောင်ရွက်ခဲ့ပါသည်၊
- ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူစာချုပ်တွင် အရေးကြီးသည့် အခြေခံမူများရရှိရေး၊ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် လုပ်ငန်းလမ်းညွှန်ချက်များ ပြင်ဆင်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် နှင့်ပတ်သက်၍ (၂၁) ရာစု ပင်လုံ ညီနှိုင်းအစည်းအဝေးပွဲများ ကျင်းပခဲ့ပါသည်၊
- အသက်(၁၀)နှစ်ပြည့်ကတ် ၆၉၁,၈၅၉ ဦး၊ အသက်(၁၈)နှစ်ပြည့်ကတ် ၆၃၅,၈၈၈ ဦး၊ အသက်(၁၀)နှစ်ပြည့်မှ အသက်(၁၈)နှစ်ပြည့်ကတ် ၄၆၀,၂၉၅ ဦးတို့ကို နိုင်ငံသား စိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ နိုင်ငံသား ၅၇၁,၇၂၉ ဦးကို စိစစ်ရေးကတ်ပြား မိတ္တူကိုလည်းကောင်း၊ ဧည့်နိုင်ငံသားလက်မှတ်၂၁၉ ဦး၊ နိုင်ငံသားပြုခွင့်လက်မှတ် ၄,၀၉၄ ဦးနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား စုစုပေါင်း ၁၉,၁၇၄ ကတ်တို့ကို ထုတ်ပေး နိုင်ခဲ့ပါသည်၊
- မြန်မာ့ပညာရေးအရည်အသွေးမြင့်မားရေးလုပ်ငန်းအစီအစဉ် (Myanmar Education Quality Improvement Program-My-EQIP) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျောင်းအရည်အသွေး အာမခံမှုစံသတ်မှတ်ချက်အညွှန်းဘောင် (မူကြမ်း) ရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ပါသည်၊
- သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့်လေ့ကျင့်ရေးဥပဒေနှင့် နည်းဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်၊

- အစီရင်ခံသည့်ကာလအတွင်း ကျန်းမာရေးဆိုင်ရာဥပဒေ (၂) မျိုးကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) (၅) မျိုး နှင့် ကျန်းမာရေးဥပဒေ (၁၃) မျိုး တို့ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်၊
- ၂၀၁၈ ခုနှစ် အမျိုးသားစီမံကိန်း (ဧပြီလမှ စက်တင်ဘာလကုန်အထိ)(၆)လအစီရင်ခံစာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ပထမ(၆)လပတ် အစီရင်ခံစာနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ ပြုစုခြင်း တို့ကို ဆောင်ရွက်ခဲ့ပြီး MSDP နှင့်အညီ ရေးဆွဲတင်ပြထားသော စီမံကိန်းများကို Project Bank Proposal Template, Project Screening Tool, Project Prioritization Tool ဖြင့် စိစစ်၍ Project Bank သို့ ထည့်သွင်းနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊
- တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိုဘိုင်းဖုန်းသုံးစွဲမှု အခြေအနေ၊ ရွှေဘိုမြို့နယ် အတွင်း စပါးစိုက်ပျိုး ကုန်ကျစရိတ် လေ့လာဆန်းစစ်မှု ကွင်းဆင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊
- မှတ်တမ်းများ စုဆောင်းခြင်း၊ မှတ်တမ်းဖလှယ်ခြင်း၊ ကွင်းဆင်းရယူခြင်းတို့ဖြင့် သမိုင်းဝင် မော်ကွန်းမှတ်တမ်းများအား ထိန်းသိမ်းခြင်းလုပ်ငန်းသာမက မိတ္ထီလာ စီးပွားရေး တက္ကသိုလ် နှင့် ပူးပေါင်း၍ MBA၊ MPA သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းနှင့် ဘာသာရပ်ဆိုင်ရာ ရက်တိုသင်တန်းများ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်လျက် ရှိပါသည်၊
- ၂၀၁၈ ခုနှစ် စာရင်းအင်းနည်းဥပဒေများ ထုတ်ပြန်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အကောင်အထည် ဖော်ဆောင်ရာ၌ စောင့်ကြည့်အကဲဖြတ်နိုင်ရန်အတွက် အမျိုးသားညွှန်ကိန်းမူဘောင် ပေါ်ထွက်လာစေရန် ဆောင်ရွက်ခဲ့ပြီး စာရင်းအင်းစနစ် အရည်အသွေးစနစ် မြင့်မား စေရန်အတွက် National Quality Assurance Framework(NQAF) ရေးဆွဲနိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်၊
- မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) အရည်အသွေးဆိုင်ရာစစ်တမ်း(၂၀၁၈) အစီရင်ခံစာ၊ မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၇) မှ ဆင်းရဲနွမ်းပါးမှုအစီရင်ခံစာ မိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း အရေအတွက်ဆိုင်ရာ စစ်တမ်း (၂၀၁၉) ကောက်ယူခြင်း နှင့်အစီရင်ခံစာ ပြုစုခြင်းကို ဆောင်ရွက်ခဲ့ပါသည်၊
- အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံများကို တင်ပြရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ၃ ခု၊ ဝန်ကြီးဌာန ၁၅ ခု၊ နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီရုံး ၁ ရုံးတိကို စိစစ်ထောက်ခံခဲ့ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ၉ ခု၊

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး (၁) ရုံး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ၁ ခု နှင့် ဝန်ကြီးဌာန(၂၈) ခုတို့တွင် ဝန်ထမ်းသစ် ၄၇,၁၄၁ ဦး ခန့်ထားနိုင်ရေး အတွက် သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါသည်၊

- အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် စီးပွားရေးလုပ်ငန်းရှင် ၆၄၅ ဦးအား ထုတ်ချေးနိုင်ခဲ့ပြီး အိမ်ရာချေးငွေအတွက် ၁,၁၉၅ ဦး ကို ထုတ်ချေးခဲ့ပါသည်၊
- ငွေရေးကြေးရေးဝန်ဆောင်မှု အနေဖြင့် အငြိမ်းစားများအား E-Pension ကဒ် ၆၅,၂၂၁ ကဒ် ထုတ်ပေးခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊
- ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအားကောင်းစေရန်အတွက် ဘဏ်အချင်းချင်း ချေးငွေ ထုတ်ချေးခြင်း၊ ကာလတို မြန်မာကျပ်ချေးငွေ ထောက်ပံ့ခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်၊
- မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ကျေးလက်နေ တောင်သူလယ်သမားများ လိုအပ်သော ငွေကြေးအရင်းအနှီးများကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ရာသီအလိုက် နှစ်ချင်းဆပ် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ပါသည်၊
- မြန်မာ့အာမခံလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် နိုင်ငံဝန်ထမ်း(ကာလတို) အသက်အာမခံ၊ နှစ်တို ငွေပင်ငွေရင်း အသက်အာမခံ၊ မြန်မာနိုင်ငံသား (တရားဝင်) ပြည်ပလုပ်သား အသက်အာမခံ၊ကျွဲ/နွားအာမခံ၊ရာသီဥတုညွှန်းကိန်းအခြေပြုသီးနှံအာမခံနှင့် ကျန်းမာရေး အာမခံ၊ တောင်သူလယ်သမားအသက်အာမခံ၊ ပညာရေးအသက်အာမခံ၊ စာသင်သား အသက်အာမခံ၊ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ၊ ပရီမီယံ ၁ ကြိမ် ပေးချေးငွေ အသက်အာမခံ၊ ပရီမီယံ ၁ ကြိမ်ပေး နှစ်တိုချေးငွေ အသက်အာမခံ စသည် တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်၊
- အစိုးရ၏ ဝယ်ယူရေးနှင့် ပိုင်ဆိုင်ပစ္စည်းများ ထုခွဲရောင်းချရေးဆိုင်ရာ ဥပဒေ (မူကြမ်း) ရေးဆွဲနိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်၊
- ခေတ်မီနည်းပညာအသုံးချ ဘက်စုံလွှမ်းခြုံသော အခွန်စီမံခန့်ခွဲမှုစနစ် အကောင်အထည် ဖော်ရန်အတွက် လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များအား SOP မူကြမ်းရေးဆွဲခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်၊
- အခွန်ထမ်းပြည်သူများ လွယ်ကူစွာ အခွန်ပေးဆောင်နိုင်စေရေးအတွက် Core Banking စနစ်ရှိသော ပုဂ္ဂလိကဘဏ်များတွင် Deposit Only Account ဖွင့်လှစ် ၍ M-Banking, e-Banking, i-Banking စနစ်များဖြင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ Myanmar Payment Solution Services (mpss) လုပ်ငန်းမှ မိုဘိုင်းဘဏ်လုပ်ငန်းလိုင်စင် ရရှိထားသော CB

ဘဏ်နှင့် Tax Aggregator Platform ချိတ်ဆက်ကာ အခွန်ငွေပေးဆောင်ရန်နှင့် Easy Pay မှ Easy Mobile Application ဖြင့် အခွန် ပေးဆောင်ရန် ဆောင်ရွက်လျက်ရှိပါသည်၊

- အခွန်ဆိုင်ရာ စီမံအုပ်ချုပ်ခွင့်ဥပဒေ၊ အထူးကုန်စည်ခွန်နည်းဥပဒေ၊ ဝင်ငွေခွန်ဥပဒေ (မူကြမ်း) ရေးဆွဲနိုင်ရေးနှင့် အမိန့်ကြော်ငြာစာ ၃ ခု၊ အမိပ္ပာယ်ရှင်းလင်း ဖွင့်ဆိုချက် ၈ ခု နှင့် လိုက်နာကျင့်သုံးရန် သတ်မှတ်ချက် ၄ ခု တို့ကို ထုတ်ပြန်ခဲ့ပါသည်၊
- အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှု ဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှု မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်၊
- ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစား ငွေရေးကြေးရေး ဥပဒေ(မူကြမ်း) ရေးဆွဲနိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ တွင် စီးပွားရေး နှင့် ဆက်နွယ်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

- Digital စနစ် ရုပ်ရှင်ပြသသည့်ရုံများ ပေါ်ထွန်းလာရေးအတွက် Digital စနစ် စံချိန်စံညွှန်း နှင့် ကိုက်ညီသည့်ရုပ်ရှင်ရုံ ၃၆ ရုံကို လိုင်စင်များ ခွင့်ပြုပေးနိုင်ခဲ့ပြီး ပုံနှိပ်သူ ၆၈ ဦး၊ ထုတ်ဝေသူ ၂၅၆ ဦး၊ သတင်းအေဂျင်စီ ၁၀၄ ဦး တို့ကို လုပ်ငန်း လုပ်ကိုင်ခွင့်အသစ် ခွင့်ပြုပေးခဲ့ပြီး ပြည်တွင်း/ပြည်ပ ရုပ်ရှင်နှင့် ဗီဒီယို ဇာတ်ကား စုစုပေါင်း ၆၇၉ ကားကို စိစစ်ခွင့်ပြုခဲ့ပါသည်၊
- ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၂၆၈ ခုမှ ပြည်ပနိုင်ငံ ၈ နိုင်ငံ သို့ စုစုပေါင်းအလုပ်သမား၂၇၁,၄၉၅ ဦး စေလွှတ်ခဲ့ပြီး အေဂျင်စီ ၅၃ ခုအား အကျိုးဆောင် လိုင်စင်များ ထုတ်ပေးခဲ့ပြီး ပြည်ပရှိနိုင်ငံသားများမှ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂၈၈,၃၃၃ ဝင်ငွေခွန်ရရှိခဲ့ပါသည်၊
- ပြည်သူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ရောဂါဗေဒဓာတ်ခွဲ စမ်းသပ်မှု များ၊ အဏုဇီဝဗေဒဓာတ်ခွဲ စမ်းသပ်မှုများနှင့် အစားအသောက်နမူနာ ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊
- ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုင်စင်အသစ် ထုတ်ပေးခြင်း ၄၉ ခုနှင့် လိုင်စင်သက်တမ်းတိုးခြင်း ၈၆ ခုတို့ကို ဆောင်ရွက်ပေးနိုင် ခဲ့ပါသည်။

**အခြားဝန်ဆောင်မှုကဏ္ဍ။** ဝန်ဆောင်မှုအခန်းကဏ္ဍသည် စီးပွားရေးတွင် အရေးပါသည့်အခန်းမှ ပါဝင်ပါသည်။ အခြားဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်သည့် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲမှုလျှော့ချခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ခရီးသွားလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမို တိုးတက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၄၃၄,၉၆၆.၇ သန်း ရရှိစေရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၁၂.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

အခြားဝန်ဆောင်မှုကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ စာရင်းများအရ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၄၁၈,၅၈၆.၁ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၁၂.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၅၁)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အခြားဝန်ဆောင်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

## အခြားဝန်ဆောင်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၃-၅၂)အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၅၃)တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုဂ္ဂလိကကျောင်းနှင့် ဆေးရုံများ ပိုမိုဖွင့်လှစ်လာခြင်း၊ အိမ်ငှားဝန်ဆောင်မှု၊ အိမ်တွင်းဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ စားသောက်ဆိုင်နှင့် ဘော်ဒါဆောင်များ တိုးတက်လာခြင်းများကြောင့် အခြားဝန်ဆောင်မှုကဏ္ဍကို တိုးတက်စေပါသည်။

ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးခဲ့ခြင်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်ကို နိုင်ငံသားပိုင်ခရီးလှည့်လည်ရေးကုမ္ပဏီ ၃,၀၅၁ ခုနှင့်ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၈,၈၃၄ ဦး တို့ကို ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အခြားဝန်ဆောင်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၅၄)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**အခြားဝန်ဆောင်မှုကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပြည်သူများ စိတ်အပန်းပြေခရီးသွားလာခြင်း၊ အားလပ်ရက်ရှည်ခရီးစဉ်များ ပိုမိုသွားလာခြင်းတို့ကြောင့် ပြည်တွင်း/ပြည်ပ ခရီးသွားမှုများ တိုးတက်လာပါသည်။ အထူးသဖြင့် ယဉ်ကျေးမှုဒေသများ၊ သဘာဝအပန်းဖြေနေရာများ၊ ရာသီဥတုကောင်းမွန်သည့်နေရာများတွင် ပိုမိုဝင်ရောက်ခဲ့ပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် စားသောက်ဆိုင်၊ ရိုးရာလက်မှုဆိုင်၊ ဒေသထွက်လက်ဆောင်ဆိုင်၊ စုစုပေါင်း ၁,၇၃၂ ဆိုင် ပိုမိုဖွင့်လှစ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် ခရီးသွားလုပ်ငန်းကိုအခြေပြု၍ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်ရေး၊ ဝင်ငွေတိုးပွားလာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ခရီးသည် ၄,၁၇၂,၇၁၄ ဦး ဝင်ရောက်ခဲ့ပြီး၊ ယခင်နှစ်ကာလထက်ခရီးသည် ၇၂၈,၇၅၇ ဦး တိုးတက်ခဲ့ပါသည်။ ကမ္ဘာလှည့်ခရီးသည်များ သုံးစွဲမှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂,၀၉၄.၅၄၂ သန်း ရရှိခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန် ရေတို၊ ရေရှည် စီမံချက်များချမှတ်ကာ နှစ်လတ်စီမံကိန်း (Medium Term Programme– MTP) နှင့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export–led Growth) ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုပညာပေးရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး စသည့် ကဏ္ဍများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍ၏ ကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂၂,၁၃၅,၃၅၆.၉ သန်း ရရှိစေရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ စာရင်းများအရ ကုန်သွယ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂၁,၆၃၈,၂၉၈.၂ သန်း ရှိသဖြင့် ရည်မှန်းချက်အပေါ် ၉၇.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃–၅၅)**

**၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**( နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပြည်တွင်း/ပြည်ပကုန်သွယ်မှု တိုးတက်စေရေးအတွက် နိုင်ငံခြားသားကုမ္ပဏီများနှင့် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီများကို လက်လီ၊ လက်ကား ရောင်းချခွင့်ပြုခဲ့ပါသည်။ အထူးစီးပွားရေးဇုန်များနှင့် ပို့ကုန်အခြေပြု စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် ကုန်သွယ်မှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည် တိုးတက်လာနိုင်ခြင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာကုန်သွယ်မှုများ ဖွံ့ဖြိုးလာခြင်းတို့ကို ရရှိခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ကုန်သွယ်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃- ၅၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၅၇ ) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ပြည်ပကုန်သွယ်မှုအခြေအနေ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်ပကုန်သွယ်မှုတန်ဖိုး (ပို့ကုန်တွင် Re-export အပါအဝင်) အမေရိကန်ဒေါ်လာ ၃၁,၁၀၀.၀ သန်း ကုန်သွယ်ရန် ရည်မှန်းထားပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာမှစက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်မှုတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆,၉၆၃.၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၈,၀၅၇.၇ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅,၀၂၀.၉ သန်း ကုန်သွယ်နိုင်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၁၂.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်အုပ်စုများအနေဖြင့် စက်မှုကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ ၆,၂၆၈.၈ သန်း၊ သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၃,၉၂၄.၉ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၃,၂၆၁.၆ သန်း၊ သတ္တုတွင်းထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၄၆၅.၅ သန်း၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၇၃၂.၂ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၃၆၆.၄ သန်း၊ သစ်တောထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၇၄.၈ သန်းနှင့် အခြားပစ္စည်း အမေရိကန်ဒေါ်လာ ၇၆၉.၀ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆,၉၆၃.၂ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

အများဆုံးတင်ပို့သည့် ပို့ကုန်များမှာ ချုပ်ပြီးအထည်၊ သဘာဝဓာတ်ငွေ့၊ ပဲအမျိုးမျိုး၊ သတ္တုနှင့် သတ္တုရိုင်း၊ ဆန်၊ ငါးနှင့် ကျောက်စိမ်းတို့ဖြစ်ကြပါသည်။

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅,၂၅၀.၄ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃,၂၇၇.၀ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁,၄၀၅.၅ သန်း၊ အမေရိကန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၂၉.၇ သန်းနှင့် အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၆၈၂.၈ သန်း တင်ပို့ခဲ့ပါသည်။

သွင်းကုန်အုပ်စုများအနေဖြင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတန်ဖိုး အမေရိကန် ဒေါ်လာ ၇,၃၅၀.၈ သန်း၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၅,၈၆၁.၄ သန်း၊ လူသုံးကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄,၈၄၅.၅ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈,၀၅၇.၇ သန်း တင်သွင်းခဲ့ပါသည်။

ရေနံထွက်ပစ္စည်းများ၊ ချည်ထည်များ၊ စက်နှင့် စက်ပစ္စည်းများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေး ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းတို့ကို အများဆုံးတင်သွင်းခဲ့ပါသည်။

သွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန် ဒေါ်လာ ၆,၃၄၃.၆ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃,၁၅၆.၅ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂,၁၇၀.၅ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၀၅.၄ သန်း နှင့် မလေးရှားနိုင်ငံမှ အမေရိကန် ဒေါ်လာ ၈၀၆.၀ သန်းဖြစ်ပါသည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာမှစက်တင်ဘာလကုန်(ယာယီ) အထိ ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၁,၀၉၄.၅ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၃၃.၁ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံနှင့် ၁၅.၆ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံနှင့် ၁၀.၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ၅.၄ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံနှင့် ၄.၁ ရာခိုင်နှုန်း၊ အခြားနိုင်ငံများနှင့် ၃၁.၈ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃ - ၅၈)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**ကုန်သွယ်မှုကဏ္ဍရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ကုန်တိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅)တွင် လယ်ယာထွက်အခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်း၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ လက်မှုအနုပညာပစ္စည်း၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းကဏ္ဍတို့ကို ရွေးချယ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Myanmar Trade and Investment Project-TIP) ကို ကယား၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မန္တလေး၊ မွန်၊ ဧရာဝတီ စသည့် တိုင်းဒေသကြီး/ပြည်နယ် (၇)ခုတွင် စတင်ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပြည်ပနိုင်ငံများတွင် စီးပွားရေးသံမှူးများထားရှိကာ နိုင်ငံတကာနှင့် ကုန်သွယ်မှု၊ သတင်းအချက်အလက်ဖလှယ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲများမှတစ်ဆင့် ဈေးကွက်ရရှိရေးနှင့် ပို့ကုန်အမယ်သစ် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကန်စည်ပြပွဲများ ကျင်းပခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်

အသီးသီးတွင် ကုန်သွယ်မှုဗဟိုဌာန ၁၂ ခု ကို ဖွင့်လှစ်ခဲ့ပြီး ဗီဇာသက်တမ်း တိုးခြင်းနှင့် ကုန်ပစ္စည်း ဝယ်ယူရောင်းချမှုနှင့်ပတ်သက်၍ မေးမြန်းလာသည့် ကုန်သွယ်မှုဆိုင်ရာကိစ္စများကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

| | | | | - ဓါတ်ခွဲခန်း အဆောက်အဦဆောက်လုပ်ခြင်း(အင်းစိန်) | ၇,၆၇၃.၉၂၅ | ၄,၇၃၈.၄၆၂ | ၆၁.၇၅ | |
| | | | | - စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၂,၂၄၅.၉၁၈ | | | |
| | | | ၂ | တိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလျှော့ ချရေးစီမံချက်(IFAW) | ၂၀.၀၀၀ | ၂၀.၀၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | | - Animal Shelter အဆောက်အဦဆောက်လုပ်ခြင်း(ဟသ်ာတ) | ၂၀.၀၀၀ | ၂၀.၀၀၀ | ၁၀၀.၀၀ | |
| ၁၁ | | | | **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၁၆၀,၃၇၀.၀၇၃** | **၁၅၈,၄၂၃.၆၃၇** | **၉၈.၇၉** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၁၅၁,၀၆၀.၉၂၃** | **၁၄၉,၉၄၂.၈၇၆** | **၉၉.၂၆** | |
| | | | ၁ | မြို့နယ် တိုးချဲ့ရေပေးရေးလုပ်ငန်းအပိုင်း(၂)(JICA ODA Loan) (ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဧရာဝတီ အတွင်းရှိ မြို့ ၂၂ မြို့တွင်ဆောင်ရွက်ရန်) | ၁၂,၃၈၀.၀၀၀ | ၁၀,၈၉၅.၀၉၅ | ၈၈.၀၁ | ၁၆.၅၂ |
| | | | ၂ | မြို့နယ်တိုးချဲ့ရေပေးရေးလုပ်ငန်းအပိုင်း(၂)အတွက်အကြံပေးစရိတ် | | ၁၀၇.၃၅၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၃ | အမျိုးသားလျှပ်စစ်စွမ်းအင်စီမံကိန်း | ၆၀,၅၄၁.၆၇၃ | ၅၇,၇၉၉.၉၁၀ | ၉၅.၄၇ | ၆၀.၁၇ |
| | | | | (၁)ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ | ၄၇,၃၃၀.၇၆၂ | ၄၄,၅၉၀.၂၀၉ | ၉၄.၂၁ | |
| | | | | (၂) နိုင်ငံတော်ဘတ်ဂျက်မှ ကျခံဆောင်ရွက်မည့်လုပ်ငန်း | ၁၃,၂၁၀.၉၁၁ | ၁၃,၂၀၉.၇၀၁ | ၉၉.၉၉ | |
| | | | ၄ | လူထုဗဟိုပြုစီမံကိန်း(World Bank ချေးငွေ) * | ၇၈,၁၃၉.၂၅၀ | ၈၁,၁၄၀.၅၂၁ | ၁၀၃.၈၄ | ၅၂.၀၀ |
| | | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၉,၃၀၉.၁၅၀** | **၈,၄၈၀.၇၆၁** | **၉၁.၁၀** | |
| | | | ၁ | လူထုဗဟိုပြုစီမံကိန်း(Italy Loan) | ၉,၃၀၉.၁၅၀ | ၈,၄၈၀.၇၆၁ | ၉၁.၁၀ | ၃၃.၉၂ |
| | | | | **ဝန်ကြီးဌာနစုစုပေါင်း** | **၃၇၉,၉၅၄.၆၂၈** | **၃၁၃,၉၁၈.၈၀၅** | **၈၂.၆၂** | |

* မူလခွင့်ပြုငွေထက်ကျော်လွန်ရခြင်းမှာ ဘဏ္ဍာငွေလုံလောက်မှု မရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိသောကြောင့်ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၃၇၉,၉၅၄.၆၂၈ သန်း လျာထားခဲ့ရာ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) စာရင်းအရ ကျပ် ၃၁၃,၉၁၈.၈၀၅ သန်း သုံးစွဲခဲ့ပြီး လျာထားချက်အပေါ် ၈၂.၆၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းစီမံကိန်းများအနက်မှ သုံးစွဲမှုလျော့နည်းခဲ့သည့် လုပ်ငန်းစီမံကိန်းများမှာ-

(က) မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်း (FARM Project) တွင် ကျေးလက် စီးပွားရေး ရန်ပုံငွေပံ့ပိုးခြင်းနှင့် လုပ်ငန်းအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ရာ၌ အထောက် အပံ့ပေးနိုင်မည့် Service Provider ငှားရမ်းမှုမရနိုင်သဖြင့် လျာထားငွေ၏ ၂၄.၈၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။ စီမံကိန်းတစ်ခုလုံး၏ ၅၅.၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါသည်။

(ခ) အိန္ဒိယချေးငွေဖြင့်ဆောင်ရွက်သည့် မြန်မာနိုင်ငံဆည်မြောင်းဖွံ့ဖြိုးရေး စီမံကိန်းများတွင် အိန္ဒိယဘက်နှင့် ညှိနှိုင်းနေဆဲဖြစ်ခြင်းကြောင့်လျာထားငွေ၏ ၄.၇၉ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

(ဂ) ရေသွင်းစိုက်ပျိုးမှုဧရိယာအပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ADB ချေးငွေ )တွင်တင်ဒါပိုလျှံခြင်း၊ အတိုင်ပင်ခံ ကုန်ကျစရိတ်များမှာ မူလလျာထားသည့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းအောက် လျော့နည်းပေးချေခဲ့ခြင်း၊ အတိုင်ပင်ခံအဖွဲ့ Irrigation System Modernization Unit-2 (ISMU-2) ငှားရမ်းသည့် လုပ်ငန်းစဉ်များမပြီးပြတ်၍ ပေးချေနိုင်မှုမရှိခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ စီမံကိန်းလုပ်ငန်းများအား မူလအကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလထက် အချိန်(၂)နှစ် ပိုယူခြင်း၊ PMU အကြံပေးအဖွဲ့သည် ၂၀၁၈ ခုနှစ် မတ်လမှ စတင်၍ လုပ်ငန်းစတင်ခဲ့သော်လည်း အဆိုပါ အကြံပေးအဖွဲ့တွင် တင်ဒါလုပ်ငန်းများ ဆောင်ရွက်မည့် Procurement Specialists (ပြည်တွင်းနှင့် ပြည်ပ) ခန့်ထားရာတွင် လျာထားချက်အတိုင်း ဆောင်ရွက်နိုင်မှု မရှိခဲ့ခြင်း၊ ADB နှင့် AFD တို့အကြား မတူညီသည့် လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းဆောင်ရွက် လျက်ရှိခြင်းများကြောင့် လာမည့်ဘဏ္ဍာနှစ်များတွင် သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်နိုင် မည် ဖြစ်ပါသည်။

(ဃ) Agricultural Income Improvement Project (AIIP) ချေးငွေဖြင့်ဆောင်ရွက်မည့် စိုက်ပျိုးရေးဝင်ငွေ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ရေအားအဆောက်အဦတိုင်းတာခြင်း (Structure Survey) လုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် စက်ဝယ်ယူရန် လျာထား

ငွေမှာ တင်ဒါ အောင်မြင်မှုမရှိခြင်းတို့ကြောင့် လျာထားငွေ၏ ၄၇.၄၈ ရာခိုင်နှုန်း သာ သုံးစွဲခဲ့ပါသည်။

(င) IFAD ချေးငွေဖြင့် ကျေးလက်ဒေသဆင်းရဲသားများ၏ ဝင်ငွေတိုးတက်မြင့်မားရေး အတွက် ဘက်စုံလယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Eastern States Agri-business Project-ESAP)မှ ဆည် (၅)ခုတွင် ဆည်(၃) ခု၌သာ မြေပြင်စူးစမ်းလေ့လာတိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ အတိုင်ပင်ခံကုန်ကျစရိတ်များမှာ ရုံးချုပ်နှင့် စီမံကိန်း ဒေသများဖြစ်သည့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင်ရှိသည့် လုပ်ငန်းများအတွက် အတိုင်ပင်ခံများအား ခန့်ထားရန်လျာထားခဲ့သော်လည်း ပြည်နယ်စိုက်ပျိုးရေး စီမံကိန်းရုံး များအတွက် ခန့်ထားနိုင်မှုမရှိခြင်းတို့ကြောင့် သုံးစွဲမှု လျော့နည်းခဲ့ပါသည်။

(စ) လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Irrigated Agriculture Inclusive Development Project-IAIDP) ကွင်းဆင်းတိုင်းတာခြင်း၊ စာရင်းကောက်ယူခြင်း လုပ်ငန်း များအတွက် လျော့နည်းသုံးစွဲခဲ့ခြင်းနှင့် စက်ပစ္စည်းများအတွက် တင်ဒါဈေးနှုန်း လျော့နည်း ခြင်းကြောင့် သုံးစွဲမှုလျော့နည်းခဲ့ပါသည်။

(ဆ) Japan ODA ချေးငွေ ဖြင့်ဆောင်ရွက်သည့် စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်း Agricultural Income Improvement Project (AIIP) အတွက် တင်ဒါအောင်မြင်ခဲ့သော ဈေးနှုန်းမှာ JICA Consultant မှ ခန့်မှန်းတွက်ချက်ပေးထားသည့် ဈေးနှုန်းအောက် လျော့နည်းခြင်းကြောင့် သုံးစွဲမှုလျော့နည်းခဲ့ပါသည်။

(ဇ) စိုက်ပျိုးရေးပညာပေးရေးဌာနခွဲမှ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ပေးရေး စီမံကိန်း (Agricultural Development Support Project- ADSP) World Bank ချေးငွေ ဖြင့်ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းတွင် မြို့နယ်(၆)မြို့နယ်တွင်သာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခြင်းကြောင့် ပိုလျှံငွေများ ပြန်လည် အပ်နှံခဲ့ပါသည်။

(ဈ) ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အဆင့်မြှင့်တင်ရေးစီမံချက်(JICA အထောက်အပံ့)၏ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေး စက်ရုံအသစ် တည်ဆောက်ခြင်း၊ ဓာတ်ခွဲခန်းအဟောင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက် ရန် Constructor နှင့် Supplier ကန်ထရိုက်များကို ဂျပန်နိုင်ငံတွင် တင်ဒါခေါ်ယူရန် အခွန် ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး ညှိနှိုင်းရခြင်းဖြစ်၍ တင်ဒါခေါ်ယူမှု နောက်ကျခဲ့ခြင်းကြောင့် အဆိုပါစီမံကိန်းတွင် အဆောက်အဦဆောက်လုပ်ရန်အတွက် သုံးစွဲနိုင်ခဲ့ပြီး ကျန်ငွေများအား ပြန်လည်အပ်နှံခဲ့သဖြင့် စီမံကိန်းတစ်ခုလုံး ပြီးစီးမှု ရာခိုင်နှုန်း ၅.၈၀ ရာခိုင်နှုန်းဖြစ်ပါသည်။

(ည) ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက် စီမံကိန်း (Global Agriculture and Food Security Program – GASFP) အထောက်အပံ့ လုပ်ငန်းစီမံကိန်းသစ်သည် ADB ၏ လုပ်ငန်းအစီအစဉ် ပြောင်းလဲမှုကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်းဖြစ်ပါသည်။

(ဋ) ရေသွင်းစိုက်ပျိုးမှုဧရိယာ အပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Irrigated Agriculture Inclusive Development Project–IAIDP) ၏ စိုက်ပျိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ရန် Agriculture Development Unit–ADU Consultant အဖွဲ့ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ယင်းအဖွဲ့ဖွဲ့စည်းပြီးမှသာ လုပ်ငန်းဆက်လက်ဆောင်ရွက်ရမည် ဖြစ်သဖြင့် စီမံကိန်း ဆောင်ရွက်နိုင်မှုမရှိခြင်း ဖြစ်ပါသည်။

(ဌ) Japan International Cooperation Agency–JICA အကူအညီဖြင့် ဆောင်ရွက်မည့်ကျေးလက်ဒေသများအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးပို့ခြင်း စီမံကိန်းအတွက် Exchange of Note လက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း Grant Agreement လက်မှတ်ရေးထိုးနိုင်ရန် လုပ်ငန်းစဉ်များညှိနှိုင်းဆဲ ဖြစ်ပါသည်။

(ဍ) အပြည်ပြည်ဆိုင်ရာ ပဲတီစိမ်းဖွံ့ဖြိုးတိုးတက်မှု ကွန်ရက်တည်ထောင်ခြင်း စီမံကိန်းတွင် World Vegetable Center မှ ပြည်ပကုမ္ပဏီများကို စိစစ်ရွေးချယ် ပြီးသော်လည်း အိန္ဒိယနိုင်ငံမှပစ္စည်းပေးပို့မှုများ အချိန်မီမရောက်ရှိခြင်းကြောင့် ရန်ပုံငွေပြန်လည်အပ်နှံခဲ့ပါသည်။

(ဎ) ဩစတြေးလျနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်နေသော Australian Centre for International Agricultural Research – ACIAR လုပ်ငန်းစီမံကိန်းမှာ ဘဏ္ဍာနှစ် အတွင်းငွေပံ့ပိုးမှုမရရှိသောကြောင့် သုံးစွဲနိုင်မှုမရှိခြင်း ဖြစ်ပါသည်။

(ဏ) China Development Assistance Coordination Unit ၏ အထောက်အပံ့ဖြင့် Agricultural Technical Vocational Education and Training – AVET Centre တည်ထောင်ခြင်းများတွင် Project လုပ်ငန်းများဆောင်ရွက်နိုင်ရန် Drop out များအတွက် AVET အဖွဲ့သို့ ဆက်သွယ်နိုင်မှု မရှိ၍ ပြန်လည်အပ်နှံခဲ့ခြင်း ဖြစ်ပါသည်။

(တ) မှိုစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် Korea Rural Community Corporation နှင့်စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနတို့၏ အစည်းအဝေးမှတ်တမ်းအရ ထောက်ပံ့ငွေ တင်ပြထားခဲ့သော်လည်း ရန်ပုံငွေမရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

# ဇယား ( ၄-၂ )

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)

# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | | | စီမံကိန်းတစ်ခုလုံး အပေါ် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| | | | | | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၆၃,၃၄၉.၇၇၀** | **၃၁,၁၉၅.၂၄၁** | **၄၉.၂၄** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၃၂,၀၉၆.၂၀၀** | **၂၀,၄၂၃.၅၂၅** | **၆၃.၆၃** | |
| | | | ၁ | ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း | ၂၇,၂၀၇.၀၀၀ | ၂၀,၃၉၂.၄၅၃ | ၇၄.၉၅ | ၇၀.၀၀ |
| | | | | (အသေးစားပြန်လည်နေရာချထားရေးအသုံးစရိတ်) | | | | |
| | | | ၂ | တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၄,၈၈၉.၂၀၀ | ၃၁.၀၇၂ | ၀.၆၄ | |
| | | | | (မြေယာလျော်ကြေး၊အခွန်အခ၊စီမံခန့်ခွဲရေးစရိတ်) | | | | |
| | | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၃၁,၂၅၃.၅၇၀** | **၁၀,၇၇၁.၇၁၆** | **၃၄.၄၇** | |
| | | | ၁ | မန္တလေးဆိပ်ကမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း | ၃၀,၅၆၆.၇၇၀ | ၁၀,၄၆၁.၀၄၁ | ၃၄.၂၂ | |
| | | | | (လျော်ကြေးနှင့်စီမံခန့်ခွဲရေးစရိတ်) | | | | |
| | | | ၂ | မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ | ၆၈၆.၈၀၀ | ၃၁၀.၆၇၅ | ၄၅.၂၄ | ၃၅.၀၀ |
| | | | | (က)ဝမ်ပုံဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်းအတွက်ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းလုပ်ငန်း | | | | |
| ၂ | | | | **လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၅၄၄.၀၀၀** | **၄၃၈.၄၈၄** | ၈၀.၆၀ | |
| | | ၁ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၅၄၄.၀၀၀** | **၄၃၈.၄၈၄** | ၈၀.၆၀ | |
| | | | ၁ | ရန်ကုန်၊မန္တလေးနှင့်နေပြည်တော်လေဆိပ်များတွင် Consultant Fee ပေးချေခြင်း(Japan Grant FE) | ၅၄၄.၀၀၀ | ၄၃၈.၄၈၄ | ၈၀.၆၀ | ၈၀.၆၀ |
| ၃ | | | | **ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၁၇,၇၈၇.၄၄၀** | **၁၀,၈၈၉.၉၉၃** | ၆၁.၂၂ | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၁၇,၇၈၇.၄၄၀** | **၁၀,၈၈၉.၉၉၃** | ၆၁.၂၂ | |
| | | | | **မြန်မာနိုင်ငံဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း** | **၁၇,၇၈၇.၄၄၀** | **၁၀,၈၈၉.၉၉၃** | ၆၁.၂၂ | ၇၇.၃၀ |
| | | | | **(Support for Telecommunication Sector Reform Project)** | | | | |
| | | | | **(ကမ္ဘာ့ဘဏ်ချေးငွေ)** | | | | |
| ၄ | | | | **သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၁၀၉,၈၂၂.၃၅၀** | **၁၂၉,၇၅၉.၀၁၉** | **၁၁၈.၁၅** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၁၀၉,၆၉၂.၃၅၀** | **၁၂၉,၆၃၈.၀၃၀** | **၁၁၈.၁၈** | |
| | | | ၁ | မြန်မာဂြိုဟ်တုစနစ်စီမံကိန်း * | **၁၀၉,၆၉၂.၃၅၀** | **၁၂၉,၆၃၈.၀၃၀** | ၁၁၈.၁၈ | **၈၀.၁၅** |
| | | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၁၃၀.၀၀၀** | **၁၂၀.၉၈၉** | ၉၃.၀၇ | |
| | | | ၁ | **Email Security System Project** | **၁၃၀.၀၀၀** | **၁၂၀.၉၈၉** | ၉၃.၀၇ | ၁၀၀.၀၀ |
| ၅ | | | | **မြန်မာ့မီးရထား** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၅၄၁,၁၅၂.၄၉၇** | **၂၂၃,၁၄၃.၈၃၃** | **၄၁.၂၃** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၅၁၇,၀၈၉.၄၆၀** | **၂၂၂,၇၃၁.၁၅၈** | **၄၃.၀၇** | |
| | | | | **မြို့ပြအင်ဂျင်နီယာဌာန** | **၂၅၈,၅၁၇.၉၃၆** | **၁၃၇,၂၅၆.၅၇၀** | **၅၃.၀၉** | |
| | | | ၁ | ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း * | ၂,၆၇၅.၀၀၀ | ၃၃၂၃.၅၄၉ | ၁၂၄.၂၄ | ၉၉.၁၇ |
| | | | ၂ | နေပြည်တော်ဘူတာတည်ဆောက်ရေးစီမံကိန်း | ၁၀၀.၀၀၀ | ၇၅.၄၀၂ | ၇၅.၄၀ | ၆၇.၃၀ |
| | | | ၃ | ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၁၀၀.၀၀၀ | ၉၃.၃၉၆ | ၉၃.၄၀ | ၇၈.၂၅ |
| | | | ၄ | မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်း * | ၆၇၀.၀၀၀ | ၁,၁၄၈.၁၉၀ | ၁၇၁.၃၇ | ၂၀.၂၄ |
| | | | ၅ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် စက်ခေါင်းသစ်တပ်ဆင်ရေး * | ၂,၄၉၁.၀၀၀ | ၅,၄၉၁.၀၀၀ | ၂၂၀.၄၃ | ၉၈.၀၀ |
| | | | | စက်ရုံနှင့်လူစီးတွဲနှင့်ကုန်တွဲသစ်စက်ရုံဆောက်လုပ်ခြင်း | | | | |
| | | | | (US$ ၉၄.၅၃သန်း) | | | | |
| | | | ၆ | ရွာသာကြီးဘူတာယာဒ်ဝင်း တည်ဆောက်ရေးစီမံကိန်း | ၇၈၂.၀၀၀ | ၇၂၄.၈၉၅ | ၉၂.၇၀ | ၅.၀၀ |
| | | | ၇ | မြစ်ငယ်ကုန်းတွင်းဆိပ်(Dry Port )တည်ဆောက်ရေးစီမံကိန်း | ၃၀၉.၀၀၀ | ၁၃၃.၁၈၁ | ၄၃.၁၀ | ၇၅.၀၀ |
| | | | ၈ | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း(ODA Loan) | ၂၃၇,၆၂၅.၁၇၈ | ၁၁၄၄၅၄.၄၇၆ | ၄၈.၁၇ | ၁၅.၀၀ |

* မူလခွင့်ပြုငွေထက်ကျော်လွန်ရခြင်းမှာ ဘဏ္ဍာငွေလုံလောက်မှု မရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိသောကြောင့်ဖြစ်ပါသည်။

## ဇယား (၄-၂) အဆက်

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)

## <u>လုပ်ငန်းစီမံကိန်းများ</u> အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | | | စီမံကိန်းတစ်ခုလုံး အပေါ် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| | | | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၉ | အင်းစိန်ကားလမ်းကူးခုံးကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်း | ၄၀၀.၀၀၀ | ၄၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀.၀၀ |
| | ၁၀ | ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း(ODA Loan) * | ၆,၀၀၀.၀၀၀ | **၆,၁၂၄.၁၉၉** | **၁၀၂.၇၄** | **၅၈.၀၀** |
| | ၁၁ | အိန္ဒိယချေးငွေ(US $ 86.31)သန်းဖြင့်သံလမ်းပြုပြင်ထိန်းသိမ်းရန် စက်ယန္တရားနှင့်စက်ပစ္စည်းများဝယ်ယူခြင်း | ၆,၇၄၀.၇၅၈ | ၃,၉၉၈.၅၅၄ | ၅၉.၃၂ | ၆၇.၀၀ |
| | ၁၂ | စီမံကိန်းများအတွက် မြေယာလျော်ကြေးများ ပေးချေခြင်း * | ၆၂၅.၀၀၀ | ၁,၁၈၉.၅၂၈ | ၁၉၀.၃၂ | |
| | | **စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန** | **၁၉၂,၇၈၅.၉၆၈** | **၅၁,၂၀၀.၅၈၆** | **၂၆.၅၆** | |
| | ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့်စက်ခေါင်းသစ်ဆောက်လုပ်ရေးစက်ရုံနှင့်လူစီးတွဲ ၊ ကုန်တွဲသစ်ဆောက်လုပ်ရေးစက်ရုံ တည်ဆောက်ခြင်းUS$ (၉၄.၅၃)သန်း | ၆,၂၃၅.၇၀၄ | ၆,၀၀၉.၃၇၇ | **၉၆.၃၇** | ၁၀၀.၀၀ |
| | ၂ | အိန္ဒိယချေးငွေဖြင့်ဒီဇယ်စက်ခေါင်းများ၊လူစီးတွဲများနှင့် စက်ပစ္စည်းများဝယ်ယူခြင်း US$(၈၆.၃၁)သန်း | ၂၉,၈၆၅.၀၅၄ | ၁၆,၆၀၄.၆၁၈ | ၅၅.၆၀ | ၈၀.၀၀ |
| | ၃ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့်စက်ခေါင်း(၆)ခေါင်း (သို့မဟုတ်)လူစီးတွဲ(၃၀)တွဲဝယ်ယူခြင်းYuan (၈၀)သန်း | ၁၅,၆၄၉.၂၀၀ | | | |
| | ၄ | ကိုရီးယားချေးငွေ(EDCF Loan)ဖြင့်ပထမအကြိမ်လူစီးတွဲ(၁၀၀) ဝယ်ယူခြင်း | ၅၁,၄၂၃.၀၅၅ | ၇,၉၄၂.၀၄၄ | ၁၅.၄၄ | ၂၀.၀၀ |
| | ၅ | ဂျာမနီနိုင်ငံချေးငွေဖြင့်ဒီဇယ်ဟိုက်ဒြောလစ်စက်ခေါင်းစွမ်းအားမြှင့် ပြင်ဆင်ခြင်း( KFW) | ၆,၁၁၆.၃၆၇ | ၆၁၀.၂၄၉ | ၉.၉၈ | ၁၀.၀၀ |
| | ၆ | ရန်ကုန်-မန္တလေးလမ်းပိုင်းအဆင့်မြှင့်တင်ရေး(Japan ODA Loan) | ၁၀,၈၀၉.၉၄၈ | ၁၀,၇၇၅.၅၈၀ | ၉၉.၆၈ | ၂၀.၀၀ |
| | ၇ | ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေး(Japan ODA Loan) | ၇၂,၆၈၆.၆၄၀ | ၉,၂၅၈.၇၁၈ | ၁၂.၇၄ | ၂၀.၀၀ |
| | | **သွားလာပို့ဆောင်ရေးဌာန** | **၆၅,၇၈၅.၅၅၆** | **၃၄,၂၇၄.၀၀၂** | **၅၂.၁၀** | |
| | ၁ | ရန်ကုန် – ပြွန်တံဆာလမ်းပိုင်း Operation Control Center ( OCC ) နှင့် Safety equipment များ တပ်ဆင်ခြင်းလုပ်ငန်း * (ဂျပန်နိုင်ငံ၏ Grant ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါသည်။) | ၈,၃၇၅.၂၉၀ | ၈,၇၅၅.၁၉၆ | ၁၀၄.၅၄ | ၈၀.၀၀ |
| | ၂ | ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း (Japan ODA Loan) | ၂၃,၆၅၉.၄၂၈ | ၁၂,၀၅၀.၇၇၀ | ၅၀.၉၃ | |
| | ၃ | ရန်ကုန် – မန္တလေးလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း (Japan ODA Loan) | ၃၃,၆၈၁.၂၈၉ | ၁၃,၄၄၆.၃၈၀ | ၃၉.၉၂ | |
| | ၄ | ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်ရထားဆက်သွယ်ရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ၆၉.၅၄၉ | ၂၁.၆၅၆ | ၃၁.၁၄ | |
| ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၂၄,၀၆၃.၀၃၇** | **၄၁၂.၆၇၅** | | |
| | | **မြို့ပြအင်ဂျင်နီယာဌာန** | **၁,၀၅၀.၀၀၀** | | | |
| | ၁ | မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးလုပ်ငန်း (Korea ချေးငွေ) | ၁,၀၅၀.၀၀၀ | | | |
| | | **စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန** | **၅,၀၄၅.၁၅၇** | **၃၈၃.၂၈၂** | | |
| | ၁ | JICS (Japan International Cooperation System) မှ စက်ပစ္စည်းများဝယ်ယူခြင်း(Grant) | ၅,၀၄၅.၁၅၇ | ၃၈၃.၂၈၂ | ၇.၆၀ | ၅.၀၀ |
| | | **သွားလာပို့ဆောင်ရေးဌာန** | **၁၇,၉၆၇.၈၈၀** | **၂၉.၃၉၃** | | |
| | ၁ | ပဲခူးဘူတာမှရန်ကုန်ဘူတာအထိ Soft Switch Telephoneတပ်ဆင်ခြင်း | ၁၀.၈၄၀ | ၁၀.၇၉၃ | ၉၉.၅၇ | ၁၀၀.၀၀ |
| | ၂ | CCTV တပ်ဆင်ခြင်းလုပ်ငန်း(ရန်ကုန်၊ ပျဉ်းမနား) | ၅၆.၆၉၀ | ၁၈.၆၀၀ | ၃၂.၈၁ | ၁၀၀.၀၀ |
| | ၃ | မန္တလေး – မြစ်ကြီးနားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်း (ကိုရီးယားချေးငွေ) | ၁၁၁.၃၅၀ | | | |
| | ၄ | ပဲခူး-မော်လမြိုင်လမ်းပိုင်းအချက်ပြနှင့်ဆက်သွယ်ရေးအဆင့်မြှင့်တင် ခြင်းလုပ်ငန်း | ၁၇,၇၈၉.၀၀၀ | | | |

* မူလခွင့်ပြုငွေထက်ကျော်လွန်ရခြင်းမှာ ဘဏ္ဍာငွေလုံလောက်မှု မရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိသောကြောင့်ဖြစ်ပါသည်။

# ဇယား (၄-၂) အဆုံး

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)

# <u>လုပ်ငန်းစီမံကိန်းများ</u> အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | | | စီမံကိန်းတစ်ခုလုံး အပေါ် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| | | | | | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၆ | | | | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | | | | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၅၂,၃၆၉.၂၈၃ | ၉၉၉.၈၁၀ | ၁.၉၁ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၅၂,၃၆၉.၂၈၃ | ၉၉၉.၈၁၀ | ၁.၉၁ | |
| | | | | ဆက်သွယ်ရေးကွန်ရက်များအဆင့်မြှင့်တင်မှုစီမံကိန်း (Communication Networks Improvement Project) | ၅၂,၃၆၉.၂၈၃ | ၉၉၉.၈၁၀ | ၁.၉၁ | ၂၀.၀၀ |
| ၇ | | | | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | | | | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၁၃၅,၂၅၅.၂၉၇ | ၈၆,၄၂၈.၆၅၃ | ၆၃.၉၀ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁၃၅,၂၅၅.၂၉၇ | ၈၆,၄၂၈.၆၅၃ | ၆၃.၉၀ | |
| | | | ၁ | ဂျပန်နိုင်ငံ ODA Loan ဖြင့် သီလဝါဆိပ်ကမ်းမြေကွက်အမှတ် (၂၅၊ ၂၆) တွင် ကုန်သေတ္တာ နှင့် အထွေထွေကုန်စည်ဆိပ်ကမ်း တည်ဆောက်ခြင်း (ပထမအဆင့်၊ ဒုတိယပိုင်း) ဆိပ်ခံတံတား (၁)လက်နှင့်ချဉ်းကပ်တံတား(၃)လက် | ၁၃၅,၂၅၅.၂၉၇ | ၈၆,၄၂၈.၆၅၃ | ၆၃.၉၀ | ၈၀.၀၀ |
| | | | | **ဝန်ကြီးဌာနစုစုပေါင်း** | ၉၂၀,၂၈၀.၆၃၇ | ၄၈၂,၈၅၅.၀၃၃ | ၅၂.၄၇ | |

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၉၂၀,၂၈၀.၆၃၇ သန်းလျာထားခဲ့ရာ အောက်တိုဘာ လမှ စက်တင်ဘာ လကုန် (ယာယီ) စာရင်းအရ ကျပ် ၄၈၂,၈၅၅.၀၃၃ သန်းသုံးစွဲပြီး လျာထားချက် အပေါ် ၅၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မြန်မာ့မီးရထားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စက်ခေါင်း(၆)ခေါင်း (သို့မဟုတ်)လူစီးတွဲ (၃၀) တွဲဝယ်ယူရန် လျာထားခဲ့သော်လည်းလူစီးတွဲ (၂၈)တွဲ ဝယ်ယူရန် Exchange Letter အား ၁၄-၃-၂၀၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး အကောင်အထည် ဖော်ရန် ညှိနှိုင်းဆဲဖြစ်၍ မသုံးစွဲ နိုင်ခြင်းဖြစ်ပါသည်။

ပဲခူး-မော်လမြိုင် လမ်းပိုင်းအချက်ပြနှင့် ဆက်သွယ်ရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် အိန္ဒိယ နိုင်ငံ EXIM Bank ၏ ချေးငွေဖြင့်ဆက်သွယ်ရေးနှင့်အချက်ပြ ပစ္စည်းများဝယ်ယူတပ်ဆင်ခြင်း လုပ်ငန်း

တင်ဒါခေါ်ယူနိုင်ရေးအတွက် EXIM Bank of India သို့ ပြန်လည်ညှိနှိုင်းရသဖြင့် ဘဏ္ဍာငွေ မသုံးစွဲနိုင်ခြင်းဖြစ်ပါသည်။

မန္တလေး-မြစ်ကြီးနားရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း (မြို့ပြအင်ဂျင်နီယာဌာန) တွင် ကိုရီးယား ချေးငွေဖြင့်ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း Korea Exim Bank နှင့်ညှိနှိုင်းဆဲ ဖြစ်သောကြောင့် ခွင့်ပြုဘဏ္ဍာငွေ သုံးစွဲနိုင်မှုမရှိဘဲ ပြန်လည်အပ်နှံခဲ့ခြင်းဖြစ်ပါသည်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း (သွားလာပို့ဆောင်ရေးဌာန)တွင် ကိုရီးယားနိုင်ငံအကူအညီဖြင့် Feasibility Study(F/S) ဆောင်ရွက်ပြီးဖြစ်သော်လည်း မြန်မာ့မီးရထားမှ မူလလျာထားသည့် ဂျိုးထောင်-မဲဇာလမ်းပိုင်းအပြင် မော်ဟန်-ကာဒူလမ်းပိုင်းကိုပါ တိုးချဲ့ပြုပြင်ရန် လိုအပ်လာသဖြင့် ရန်ပုံငွေထပ်လိုအပ်မှုဖြစ်ပေါ်ခဲ့ပါသည်။ ယင်းသို့ လုပ်ငန်းပမာဏပြောင်းလဲခြင်းအပေါ် ပြန်လည် ညှိနှိုင်းမှုများဆောင်ရွက်ရသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လျာထားမှု မသုံးစွဲနိုင်ခြင်း ဖြစ်ပါသည်။

မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရန် မြေယာကိစ္စများ ညှိနှိုင်းဆဲဖြစ်ခြင်းနှင့် မြစ်ရေမြင့်တက်ခြင်းတို့ကြောင့် လုပ်ငန်းစတင်မည့်ရက် နောက်ကျ၍ အချိန်မီ မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပိုလျှံငွေဖြစ်ပေါ်ကာ ပြန်လည်အပ်နှံရခြင်း ဖြစ်ပါသည်။

မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ၊ ဝမ်ပုံဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း လုပ်ငန်းတွင် ရွေးချယ်ခံရသည့် ကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်နိုင်ရန်အတွက် Terms of References (TOR) များ၊ Primary Study for EIA နှင့် Scope of Work များ ရေးဆွဲပြင်ဆင် လျက်ရှိပြီး EOI ခေါ်ယူခြင်းကိုအချိန်မီ မဆောင်ရွက်နိုင်ခြင်းကြောင့် ပိုလျှံငွေဖြစ်ပေါ်ကာ ပြန်လည် အပ်နှံရခြင်း ဖြစ်ပါသည်။

မြစ်ငယ်ကုန်းတွင်းဆိပ် (Dry Port) တည်ဆောက်ရေး စီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ရန် လျာထားသောလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုလျာထား လုပ်ငန်းများသည် ၂၀၁၈ ခုနှစ်၊ (၆)လ(ဧပြီလမှ စက်တင်ဘာလအထိ) မှ စတင်၍ ဆောင်ရွက်ခဲ့သော နှစ်ဆက် လုပ်ငန်းများဖြစ်ခြင်း၊ တင်ဒါအောင်မြင်သည့်အခါ တင်ဒါတန်ဘိုး လျော့နည်းသွားခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် ဆောင်ရွက်ပြီးစီးသည့် အတိုင်းအတာများအတိုင်း Measurement Book ( MB ) ရေးသွင်း၍ ငွေပေးချေခြင်းတို့ကြောင့် မူလခွင့်ပြုဘဏ္ဍာငွေအောက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

ဂျပန် ODA Loan ဖြင့် ဆောင်ရွက်သည့် ရန်ကုန်-မန္တလေး လမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းတွင် မြို့ပြအင်ဂျင်နီယာဌာနမှ သံလမ်းအပါအဝင် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရာတွင် စာချုပ်

ချုပ်ဆိုမှု နောက်ကျခဲ့သဖြင့် လျာထားချက်အတိုင်း ပစ္စည်းမရောက်ရှိခြင်း၊ တင်ဒါ လုပ်ငန်းစဉ်များ မပြီးပြတ်သေး၍ စာချုပ်ချုပ်ဆိုနိုင်မှုမရှိသေးခြင်း၊ ပစ္စည်းရောက်ရှိချိန်မှသာငွေပေးချေရခြင်းဖြစ်သဖြင့် နိုင်ငံခြားမှ အပိုပစ္စည်းများ ဝယ်ယူရာတွင် ပစ္စည်းများ အချိန်မီ မရရှိခြင်းတို့ကြောင့် ခွင့်ပြုဘဏ္ဍာငွေအောက်လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

ကိုရီးယားချေးငွေ (Economic Development Cooperation Fund– EDCF Loan) ဖြင့် ပထမအကြိမ် လူစီးတွဲ (၁၀၀) ဝယ်ယူခြင်းတွင် စာချုပ်တန်ဘိုး၏ ၁၀% ဖြစ်သော ကြိုတင်ပေးငွေ (Advance Payment) နှင့် အတိုင်ပင်ခံစရိတ်(Consultant Fee) တို့ကိုသာ ပေးချေနိုင်ခဲ့ခြင်း၊ ဂျာမနီနိုင်ငံ (Kreditanstalt fur Wiederaufbau – KfW)ချေးငွေဖြင့် ဒီဇယ်ဟိုက်ဒြောလစ် စက်ခေါင်းစွမ်းအားမြှင့်ပြင်ဆင်ခြင်းနှင့် ဂျပန် ODA Loan ဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းတို့တွင် Consultant Fee ကိုသာ ပေးချေနိုင်ခဲ့ခြင်းကြောင့် ခွင့်ပြုဘဏ္ဍာငွေအောက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

JICS (Japan International Cooperation System) မှ ထောက်ပံ့ငွေဖြင့် စက်ပစ္စည်းများဝယ်ယူမည့် သံလမ်းနှင့် တွဲပြုပြင်ထိန်းသိမ်းရေး ပစ္စည်း ကိရိယာများ လက်ခံရေးအတွက် ကိုယ်စားလှယ်စရိတ်အား ပထမအကြိမ်အတွက်သာ ပေးချေနိုင်ခဲ့ခြင်းကြောင့် လျော့နည်း သုံးစွဲရခြင်းဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ဂျပန်နိုင်ငံ JICA (Japan International Cooperation Agency) ချေးငွေဖြင့် ဆောင်ရွက်သော ဆက်သွယ်ရေး ကွန်ယက်များ အဆင့်မြှင့်တင်မှု စီမံကိန်းအတွက် တင်ဒါအောင်မြင်ခဲ့သည့် Sojitz Corporation နှင့် စက်ပစ္စည်းများဝယ်ယူရန်အတွက် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်ညှိနှိုင်းရာတွင် ဈေးနှုန်း စိစစ်မှုနှင့်နည်းပညာဆိုင်ရာ အသေးစိတ် ညှိနှိုင်းမှုများပြုလုပ်ရပါသည်။ သို့ဖြစ်ရာ စီမံကိန်းအတွက် အကြံပေးစရိတ်နှင့် ဘဏ်စရိတ်သာ ပေးချေနိုင်ခဲ့သဖြင့် မူလလျာထားချက်၏ ၁.၉၁ % သာ သုံးစွဲနိုင် ခဲ့ပြီး စီမံကိန်းတစ်ခုလုံးအပေါ် ၂၀ % အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

ရန်ကုန်ဘူတာကြီးနှင့်ပျဉ်းမနားဘူတာတို့တွင် CCTV တပ်ဆင်ရန်အတွက် တင်ဒါတင်သွင်းသည့် ဈေးနှုန်းနှင့် ပစ္စည်းအမျိုးအစားပေါ် မူတည်၍ ဝယ်ယူခဲ့ခြင်းကြောင့် လျော့နည်း သုံးစွဲရခြင်းဖြစ်ပါသည်။

## ဇယား ( ၄-၃ )

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | စီမံကိန်းတစ်ခုလုံး အပေါ် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | **သစ်တောဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၃၈၆၆.၉၇၅** | **၃၇၁၇.၂၇၀** | **၉၆.၁၃** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | | | | |
| | | | ၁ | တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း(TNRP) * | ၆၁၂.၀၀၀ | ၆၇၂.၁၁၃ | ၁၀၉.၈၂ | ၆၁.၉၆ |
| | | | ၂ | အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့် ပညာပေးရေးသင်တန်းကျောင်း ( AFoCo RETC ) တည်ထောင်ခြင်းစီမံကိန်း | ၂၉၂.၃၈၀ | ၂၉၂.၀၈၄ | ၉၉.၉၀ | ၉၆.၀၇ |
| | | | ၃ | ရေသယံဇာတအရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်းစီမံကိန်း(IWRM) | ၂၉.၇၈၉ | ၂၉.၇၈၉ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၄ | ဟိမဝန္တာတောင်တန်းဒေသအတွင်း သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အတွေ့အကြုံများအသုံးချတတ်စေခြင်းစီမံကိန်း (ICIMOD) * | ၃၃.၂၁၈ | ၅၀.၄၂၅ | ၁၅၁.၈၀ | ၁၀၀.၀၀ |
| | | | ၅ | မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်စပ် ပတ်သက်သူများ စွမ်းဆောင်ရည်မြှင့်မားရေး စီမံကိန်း(KFS REDD+) * | ၂၄၈.၆၂၁ | ၃၄၆.၈၀၀ | ၁၃၉.၄၉ | ၁၀၀.၀၀ |
| | | | ၆ | အပင်မျိုးစိတ်နှင့်သစ်တောမျိုးစေ့များထိန်းသိမ်း စောင့်ရှောက်ခြင်း (KNA) | ၈.၁၆၀ | ၆.၉၂၄ | ၈၄.၈၅ | ၇၇.၀၀ |
| | | | ၇ | ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သဘာဝနယ်မြေများစီမံ အုပ်ချုပ်မှုမြှင့်တင်ခြင်း စီမံကိန်း (NEA) * | ၅၀.၇၂၈ | ၅၁.၉၆၁ | ၁၀၂.၄၃ | ၁၀၀.၀၀ |
| | | | ၈ | လက်ထုတ်နှင့်ထက်လန်းကန်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းစီမံကိန်း( JIFPRO ) * | ၄၀.၅၂၀ | ၄၂.၅၄၃ | ၁၀၄.၉၉ | ၈၈.၃၈ |
| | | | ၉ | ပင်လယ်ကမ်းရိုးတမ်းနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှု နှင့်အညီလိုက်လျောညီထွေရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက် သစ်တောများ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်း(ဒိန်းမတ်) | ၂၄၃၈.၈၀၄ | ၁၈၈၁.၇၀၈ | ၇၇.၁၆ | ၂၅.၀၀ |
| | | | ၁၀ | မြန်မာနိုင်ငံတနင်္သာရီတောင်တန်းဒေသတွင်နယ်စပ်ဖြတ်ကျော် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုမြှင့်တင်ရေးအတွက်စွမ်းဆောင်ရည် မြှင့်တင်ခြင်းစီမံကိန်း ( ITTO ) | ၁၁၂.၇၅၅ | ၁၀၉.၄၈၂ | ၉၇.၁၀ | ၈၃.၀၀ |
| | | | ၁၁ | အသုံးဝင်ဇီဝအရင်းအမြစ်များဆိုင်ရာပူးပေါင်းဆောင်ရွက်မှု စီမံကိန်း (NIBR) ** | | ၁၂၇.၅၈၈ | ၈၉.၅၇ | ၅၀.၀၀ |
| | | | ၁၂ | တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ကာဗွန်တွက်ချက်ခြင်းနှင့်စောင့်ကြည့် လေ့လာရေးစနစ်အားအကောင်အထည်ဖော် ဆောင်ရွက်မည့် REDD+စီမံကိန်း(FFPRI)နှင့်ပူးပေါင်းဆောင်ရွက်သည့်စီမံကိန်း ** | | ၂၀.၅၉၂ | ၁၀၀.၀၀ | ၁၀၀.၀၀ |

မှတ်ချက်။ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းမှာ စီမံကိန်းလုပ်ငန်းတစ်ခုလုံးအပေါ် ပြီးစီးမှုရာခိုင်နှုန်းဖြစ်ပါသည်။

* မူလခွင့်ပြုငွေထက်ကျော်လွန်ရခြင်းမှာ ဘဏ္ဍာငွေလုံလောက်မှုမရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိသောကြောင့်ဖြစ်ပါသည်။

** လျာထားချက်၌မပါဝင်သော ထပ်တိုးစီမံကိန်းလုပ်ငန်းများအတွက် ဖြည့်စွက်ခွင့်ပြုထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

# ဇယား ( ၄-၃ ) အဆုံး

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)

# <u>လုပ်ငန်းစီမံကိန်းများ</u> အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | | | စီမံကိန်းတစ်ခုလုံး အပေါ် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| | | | | | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ၁၃ | မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့်သီးနှံရောနှောစိုက်ပျိုးခြင်း နည်းစနစ်များသရုပ်ပြခြင်းလုပ်ငန်းစီမံကိန်း(KMFCC)** | | ၈၅.၂၆၁ | ၉၄.၅၃ | ၅၉.၀၀ |
| ၂ | | | | **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၅၈၁၁.၆၀၆** | **၆၃၇၅.၀၉၀** | **၁၀၉.၇၀** | |
| | | ၁ | | **လုပ်ငန်းစီမံကိန်းသစ်များ** | | | | |
| | | | ၁ | တောင်အာရှနှင့်အရှေ့တောင်အာရှဖွံ့ဖြိုးဆဲနိုင်ငံများမြန်မာနိုင်ငံ စွမ်းအားမြှင့် မီးဖိုများဖြန့်ဝေရေးစီမံကိန်း(CCC Project) * | ၃၇၂၇.၆၅၁ | ၄၀၄၇.၅၂၁ | ၁၀၈.၅၈ | ၄၀.၅၀ |
| | | | ၂ | အပူပိုင်းဒေသသစ်တောကြိုးဝိုင်းများ၏ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်ရေးစီမံကိန်း (ADB–GEF Project) * | ၂၀၈၃.၉၅၅ | ၂၃၂၇.၅၆၉ | ၁၁၁.၆၉ | ၃၁.၃၆ |
| ၃ | | | | **မြန်မာ့သစ်လုပ်ငန်း** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၃၄.၀၀၀** | **၃၄.၀၀၀** | **၁၀၀.၀၀** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၃၄.၀၀၀** | **၃၄.၀၀၀** | **၁၀၀.၀၀** | |
| | | | ၁ | Grant မြန်မာ့ဆင်သုတေသနစီမံကိန်း | ၃၄.၀၀၀ (US$25000) | ၃၄.၀၀၀ (US$25000) | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | | **ဝန်ကြီးဌာနစုစုပေါင်း** | **၉၇၁၂.၅၈၁** | **၁၀၁၂၆.၃၆၀** | **၁၀၄.၂၆** | |

မှတ်ချက်။ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းမှာ စီမံကိန်းလုပ်ငန်းတစ်ခုလုံးအပေါ် ပြီးစီးမှုရာခိုင်နှုန်းဖြစ်ပါသည်။

* မူလခွင့်ပြုငွေထက်ကျော်လွန်ရခြင်းမှာ ဘဏ္ဍာငွေလုံလောက်မှုမရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိသောကြောင့်ဖြစ်ပါသည်။

** လျာထားချက်၌မပါဝင်သော ထပ်တိုးစီမံကိန်းလုပ်ငန်းများအတွက် ဖြည့်စွက်ခွင့်ပြုထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၉,၇၁၂.၅၈၁ သန်းလျာထားခဲ့ရာ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) စာရင်းအရ ကျပ် ၁၀,၁၂၆.၃၆၀ သန်း သုံးစွဲပြီး လျာထားချက် အပေါ် ၁၀၄.၂၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ မူလလျာထားချက်ပါ လုပ်ငန်းစီမံကိန်း (၁၃)ခုနှင့် လုပ်ငန်းလိုအပ်ချက်အရ ထပ်မံဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းစီမံကိန်း (၃)ခုအပါအဝင် စုစုပေါင်း (၁၆)ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းစီမံကိန်း (၇)ခုအတွက် လုပ်ငန်း လိုအပ်ချက်အရ ဖြည့်စွက်ရန်ပုံငွေ ထပ်မံတောင်းခံ ဆောင်ရွက်ခဲ့မှုကြောင့် ရာနှုန်းပြည့်ထက် ကျော်လွန် သုံးစွဲနိုင်ခဲ့ပါသည်။ အခြားလုပ်ငန်းစီမံကိန်း(၉)ခုမှာ ၇၀ ရာခိုင်နှုန်းနှင့် ၁၀၀ ရာခိုင်နှုန်းကြား သုံးစွဲ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

# ဇယား ( ၄-၄ )
# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)
## လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | | | စီမံကိန်းတစ်ခုလုံးအပေါ် ပြီးစီးမှုရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| | | | | | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၃၂၄,၃၄၃.၈၃၅** | **၂၆၅,၂၆၅.၄၀၆** | **၈၁.၇၉** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၃၀၆,၈၈၃.၇၅၅** | **၂၆၄,၁၀၅.၂၁၄** | **၈၆.၀၆** | |
| | | | ၁ | **စက်မှုလက်မှုလုပ်ငန်းသစ်များအတွက်ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်း** | **၄၅,၅၀၄.၈၀၄** | **၄၄,၈၈၁.၉၅၆** | **၉၈.၆၃** | |
| | | | ၁ | ၆၆ကေဗွီ မိုးကောင်း-ဖားကန့်ဓာတ်အားလိုင်းစီမံကိန်း | ၅၀.၀၀၀ | ၅၀.၀၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၂ | ၆၆ကေဗွီ ဖလမ်း-သိုင်းငင် ဓာတ်အားလိုင်းစီမံကိန်း * | ၂၀၀.၀၀၀ | ၅၀၀.၀၀၀ | ၂၅၀.၀၀ | ၉၅.၂၃ |
| | | | ၃ | ၆၆ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းစီမံကိန်း | ၈,၈၆၀.၄၇၀ | ၅၉၀၁.၆၈၂ | ၆၆.၆၁ | ၆၆.၀၂ |
| | | | ၄ | ၆၆ကေဗွီ မြဝတီ-ကော့ကရိတ် ဓာတ်အားလိုင်းစီမံကိန်း * | ၅၀.၀၀၀ | ၁၀၀.၀၀၀ | ၂၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၅ | ၆၆ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်းစီမံကိန်း | ၇,၁၇၄.၀၂၇ | ၇၁၇၄.၀၂၇ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၆ | ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်းစီမံကိန်း * | ၄,၅၉၀.၉၀၃ | ၆,၉၇၂.၆၆၂ | ၁၅၁.၈၈ | ၁၀၀.၀၀ |
| | | | ၇ | ၆၆ကေဗွီကျောက်ဖြူ-SEZ ဓာတ်အားလိုင်း | ၉၈.၄၅၂ | ၆၆.၅၈၂ | ၆၇.၆၃ | ၁၀၀.၀၀ |
| | | | ၈ | ၆၆ကေဗွီ သံတွဲ-ကျိန္တလီ ဓာတ်အားလိုင်း စီမံကိန်း | ၅၀.၀၀၀ | ၄၉.၉၁၀ | ၉၉.၈၂ | ၅၂.၀၀ |
| | | | ၉ | ၆၆ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း | ၃၀.၀၀၀ | ၃၀.၀၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၁၀ | ၆၆ကေဗွီ မူဆယ်(၁၀၅မိုင်)-နမ့်ဖက်ကာ ဓာတ်အားလိုင်း(၃၀)မိုင်နှင့်ခွဲရုံမျာ | ၄၀၅.၀၀၀ | ၄၀၅.၀၀၀ | ၁၀၀.၀၀ | ၇၇.၈၆ |
| | | | ၁၁ | ၆၆ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်းစီမံကိန်း | ၅,၀၆၉.၂၄၁ | ၄၅၀၃.၀၅၈ | ၈၈.၈၃ | ၆၃.၃၄ |
| | | | ၁၂ | ၆၆ကေဗွီ ရာဇဂြိုလ်-ကလေး-ကလေးဝဓာတ်အားလိုင်းစီမံကိန်း | ၈,၀၃၆.၁၆၈ | ၈၀၃၆.၁၆၈ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၁၃ | ၆၆ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်း | ၅၀.၀၀၀ | ၄၉.၅၁၆ | ၉၉.၀၃ | ၁၀၀.၀၀ |
| | | | ၁၄ | ၆၆/၃၃ကေဗွီ (၂ x ၄၅)အမ်ဗွီအေ ပေါက် ဓာတ်အားခွဲရုံစီမံကိန်း | ၁,၁၀၀.၀၀၀ | ၁,၀၉၉.၉၉၉ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၁၅ | ၆၆ကေဗွီ ကျောက်ထု ဓာတ်အားခွဲရုံတိုးချဲ့ခြင်း | ၄၄၉.၄၇၁ | ၄၄၉.၄၇၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၁၆ | ၆၆ ကေဗွီ ငရုတ်ကောင်း(တောင်)-ငရုပ်ကောင်း ဓာတ်အားလိုင်းနှင့် ခွဲရုံစီမံကိန်း | ၂,၈၉၉.၇၁၀ | ၂,၈၉၉.၇၀၈ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၁၇ | ၆၆ကေဗွီပုသိမ်-ငွေဆောင် ဓာတ်အားလိုင်းစီမံကိန်း | ၄,၀၃၇.၀၇၃ | ၄,၀၃၇.၀၇၃ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၁၈ | မြင်းခြံ-ငန်းဇွန်ဓာတ်အားလိုင်း(၀.၆)မိုင် | ၁,၃၀၄.၆၉၀ | ၁,၃၀၄.၆၉၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၁၉ | ၆၆ကေဗွီကာမိုင်း-တနိုင်းဓာတ်အားလိုင်းနှင့်ခွဲရုံများစီမံကိန်း | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၁၁.၀၀ |
| | | | ၂၀ | ၆၆ကေဗွီ ဇင်ချောင်း ပစ္စည်းသယ်ပို့ | | ၂.၂၇၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၂၁ | ၆၆ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်းစီမံကိန်း | | ၁.၃၁၇ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၂၂ | အခွန်အခ * | ၅၃၉.၅၉၉ | ၇၃၉.၅၉၉ | ၁၃၇.၀၆ | |
| | | | ၂၃ | ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများအတွက်သီးနှံနှင့်မြေယာလျော်ကြေး | ၅၀၀.၀၀၀ | ၄၉၉.၂၂၅ | ၉၉.၈၅ | |
| | | | ၂ | **မဟာဓာတ်အားလိုင်းစနစ်တိုးချဲ့ရေးစီမံကိန်း** | **၂၆၁,၃၇၈.၉၅၁** | **၂၁၉,၂၂၃.၂၅၈** | **၈၃.၈၇** | |
| | | | ၁ | ၂၃၀ကေဗွီ ဗန်းမော်-နဘား-ရွှေဘို-အုန်းတောလိုင်း (၂၅၅)မိုင်နှင့်ခွဲရုံများ * | ၄၈,၀၅၄.၃၉၆ | ၅၃,၉၉၆.၂၂၃ | ၁၁၂.၃၆ | ၈၅.၁၄ |
| | | | ၂ | ၂၃၀ကေဗွီ နမ့်စံ-မိုင်းပြင်း-ကျိုင်းတုံ ဓာတ်အားလိုင်း(၁၅၅)မိုင်နှင့်ခွဲရုံများ * | ၆၄၃၅၈.၅၉၁ | ၇၁၇၄၅.၅၄၆ | ၁၁၁.၄၈ | ၉၁.၇၇ |
| | | | ၃ | ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ မဟာဓာတ်အားလိုင်း | ၄,၄၇၃.၅၀၄ | ၄၂၉၂.၂၂၇ | ၉၅.၉၅ | ၁၀၀.၀၀ |
| | | | ၄ | ၂၃၀ ကေဗွီ မန်း-အမ်း မဟာဓာတ်အားလိုင်းတွင် OPGW Joint Box တပ်ဆင်ခြင်း * | ၁.၂၈၄ | ၂၆.၂၈၄ | ၂,၀၄၇.၀၄ | ၁၀၀.၀၀ |
| | | | ၅ | ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်း * | ၁၁၇.၁၂၀ | ၁၂၈.၁၂၀ | ၁၀၉.၃၉ | ၉၇.၅၀ |
| | | | ၆ | ၅၀၀ ကေဗွီ သပြေဝ(မိတ္ထီလာ)-တောင်ငူ ဓာတ်အားလိုင်း * | ၂၇,၁၁၁.၂၆၈ | ၃၁၃၃၆.၃၂၆ | ၁၁၅.၅၈ | ၈၀.၃၀ |
| | | | ၇ | ၂၃၀/၃၃/၁၁ ကေဗွီ၊ ၂ x ၁၀၀အမ်ဗွီအေ ဘိုင်းဒါး(ဒိုက်ဦး)ဓာတ်အားခွဲရုံ | ၁,၃၅၀.၀၀၀ | ၁၂၆၈.၉၈၈ | ၉၄.၀၀ | ၇၁.၀၀ |

* မူလခွင့်ပြုငွေထက်ကျော်လွန်ရခြင်းမှာ ဘဏ္ဍာငွေလုံလောက်မှု မရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိသောကြောင့်ဖြစ်ပါသည်။

# ဇယား (၄-၄) အဆက်
# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | စီမံကိန်းတစ်ခုလုံး အပေါ် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၈ | ၅၀၀ ကေဗွီ တောင်ငူ-ကမာနတ် ဓာတ်အားလိုင်း (Korea EXIM Bank Loan) | ၁၃,၈၈၇.၇၉၆ | ၁၃၃၃၁.၉၅၁ | ၉၆.၀၀ | |
| ၉ | ၁၃၂ကေဗွီ ဗုဒ္ဓကုန်းဓာတ်အားခွဲရုံတွင် 400Vလိုင်း တည်ဆောက်ခြင်း | ၁၁.၆၄၉ | ၁၁.၆၄၉ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| ၁၀ | ၂၃၀ကေဗွီ တောင်တွင်းကြီး-ရွှေတောင်ဓာတ်အားလိုင်း | ၅၂.၃၅၄ | ၅၂.၃၅၄ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| ၁၁ | National Power Transmission Network Development Project (Phase-I)(Japan ODA Loan)(500kV) | ၂၈,၈၈၅.၉၈၅ | ၁၃၈၁.၄၁၈ | ၄.၇၈ | |
| ၁၂ | ၂၃၀ကေဗွီ အထက်ရဲရွာ-ရွှေစာရံ ဓာတ်အားလိုင်း | ၁,၀၀၀.၀၀၀ | ၁,၀၀၀.၀၀၀ | ၁၀၀.၀၀ | ၉၇.၇၆ |
| ၁၃ | ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)-ရွှေမြို့ မဟာဓာတ်အားလိုင်းတွင် OPGW Joint Box တပ်ဆင်ခြင်း | ၁.၄၇၇ | ၁.၄၇၇ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| ၁၄ | National Power Transmission Network Development Project (Phase-II)(Japan ODA Loan)(500kV) | ၄၈,၈၄၆.၆၄၅ | ၁၈၃၇.၉၀၆ | ၃.၇၆ | |
| ၁၅ | Infrastructure development project in Thilawa Area Project (Phase-I)(Japan ODA Loan) | ၃,၁၄၈.၆၅၇ | ၂,၄၇၆.၅၂၀ | ၇၈.၆၅ | ၁၀၀.၀၀ |
| ၁၆ | Power Transmission Improvement Project(ADB Loan) | ၅၀၃.၂၀၀ | ၄၆၄.၃၄၈ | ၉၂.၂၈ | |
| ၁၇ | ၂၃၀ကေဗွီ (ရွာမ-လှိုင်သာယာ)-ဝါးတရာ ဓာတ်အားလိုင်း * (၁၁)မိုင်နှင့်ခွဲရုံများ | ၁,၃၈၉.၇၇၃ | ၄,၄၅၈.၆၆၄ | ၃၂၀.၈၂ | ၈၂.၇၀ |
| ၁၈ | ၂၃၀/၃၃/၁၁ကေဗွီ၊ ကနောင်ဓာတ်အားခွဲရုံ * | ၁,၉၇၄.၀၀၀ | ၂,၀၇၁.၄၁၉ | ၁၀၄.၉၄ | ၁၀၀.၀၀ |
| ၁၉ | ၂၃၀/၆၆/၁၁ကေဗွီ၊(၂x၁၂၅)အမ်ဗွီအေဘုရင့်နောင်ဓာတ်အားခွဲရုံတိုးချဲ့ခြင်း | ၁,၀၆၈.၆၁၈ | ၁,၂၀၆.၃၄၆ | ၁၁၂.၈၉ | ၁၀၀.၀၀ |
| ၂၀ | ၂၃၀ ကေဗွီလှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်း * | ၆,၈၄၂.၆၃၄ | ၈,၃၆၄.၃၀၆ | ၁၂၂.၂၄ | ၁၀၀.၀၀ |
| ၂၁ | ၂၃၀ ကေဗွီအမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း | | ၇.၀၉၀ | | ၁၀၀.၀၀ |
| ၂၂ | ဘဏ်စရိတ်* | ၂,၅၀၀.၀၀၀ | ၃၄၆၅.၁၀၁ | ၁၃၈.၆၀ | |
| ၂၃ | အခွန်အခ * | ၃,၃၀၀.၀၀၀ | ၁၁၇၉၈.၉၉၅ | ၃၅၇.၅၅ | |
| ၂၄ | ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများအတွက်သီးနှံနှင့်မြေယာလျော်ကြေး * | ၂,၅၀၀.၀၀၀ | ၄၅၀၀.၀၀၀ | ၁၈၀.၀၀ | |
| ၂ | **လုပ်ငန်းစီမံကိန်းသစ်များ** | **၁၇,၄၆၀.၀၈၀** | **၁,၁၆၀.၁၉၂** | **၆.၆၄** | |
| ၁ | **စက်မှုလက်မှုလုပ်ငန်းသစ်များအတွက်ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်း** | **၈၄၀.၀၀၀** | **၈၃၅.၇၆၅** | **၉၉.၅၀** | |
| ၁ | ၂၃၀ကေဗွီ မြဝတီခွဲရုံ-၆၆ကေဗွီ မြဝတီခွဲရုံ ၆၆ကေဗွီ ဓာတ်အားလိုင်း(၁၀)မိုင်နှင့် ခွဲရုံများ | ၇၈၀.၀၀၀ | ၇၇၆.၇၂၄ | ၉၉.၅၈ | ၁၀၀.၀၀ |
| ၂ | ၆၆ကေဗွီ ကော့ကရိတ်-ကျုံဒိုးဓာတ်အားလိုင်း(၁၅)မိုင်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၄၇.၀၀ |
| ၃ | ၆၆ကေဗွီ သိန္နီ-ကွမ်းလုံ ဓာတ်အားလိုင်း(၄၇)မိုင်နှင့်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၈၀.၀၀ |
| ၄ | ၆၆ကေဗွီ တောင်ကြီး-ဟိုပုံး ဓာတ်အားလိုင်း(၁၃)မိုင်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၅၀.၀၀ |
| ၅ | ၆၆ကေဗွီ အင်းလေးဟိုတယ်ဇုံ-စကား ဓာတ်အားလိုင်း(၂၅)မိုင်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၉.၀၄၁ | ၉၀.၄၁ | ၁၀၀.၀၀ |
| ၆ | ၆၆ကေဗွီသံဖြူဇရပ်-ရေး ဓာတ်အားလိုင်း(၆၀)မိုင်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၄၄.၅၀ |
| ၇ | ၆၆ကေဗွီ ထားဝယ်-သရက်ချောင်း ဓာတ်အားလိုင်း(၆၀)မိုင်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၃.၀၀ |
| ၂ | **မဟာဓာတ်အားလိုင်းစနစ်တိုးချဲ့ရေးစီမံကိန်း** | **၁၆,၆၂၀.၀၈၀** | **၃၂၄.၄၂၇** | **၁.၉၅** | |
| ၁ | ၂၃၀ကေဗွီတောင်ငူ-၅၀၀ကေဗွီတောင်ငူ(စပါးကြွယ်)ဓာတ်အားလိုင်း (၁၀)မိုင်နှင့်ခွဲရုံများ | ၃၀.၀၀၀ | ၂၄.၈၁၆ | ၈၂.၇၂ | ၇၅.၀၀ |
| ၂ | ၂၃၀ကေဗွီမန်း-တောင်တွင်းကြီးဓာတ်အားလိုင်း(၈၅)မိုင်နှင့်ခွဲရုံများ | ၁၀၀.၀၀၀ | ၉၉.၆၁၁ | ၉၉.၆၁ | ၁၀၀.၀၀ |
| ၃ | ၂၃၀ကေဗွီ ညောင်ပင်ကြီး-ဂန့်ဂေါ ဓာတ်အားလိုင်း (၉၅)မိုင်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၇၅.၀၀ |
| ၄ | ၂၃၀ကေဗွီ မိတ္ထီလာ(သပြေဝ)-၅၀၀ကေဗွီကံကောင်းဓာတ်အားလိုင်း (၁၄)မိုင်နှင့်ခွဲရုံများ | ၃၀.၀၀၀ | ၃၀.၀၀၀ | ၁၀၀.၀၀ | ၇၅.၀၀ |

* မူလခွင့်ပြုငွေထက်ကျော်လွန်ရခြင်းမှာ ဘဏ္ဍာငွေလုံလောက်မှု မရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိသောကြောင့်ဖြစ်ပါသည်။

# ဇယား ( ၄-၄ ) အဆိုး
# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)
# <u>လုပ်ငန်းစီမံကိန်းများ</u> အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် | | | စီမံကိန်းတစ်ခုလုံးအပေါ် ပြီးစီးမှုရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| | | | | | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ၅ | ၂၃၀ကေဗွီမော်လမြိုင်-ရေး-ထားဝယ်ဓာတ်အားလိုင်းနှင့်ခွဲရုံများစီမံကိန်း | ၁၆,၂၉၀.၀၈၀ | | | |
| | | | ၆ | ဒေါင်းရွေးခွဲရုံခြံစည်းရိုးကာရံခြင်း | ၈၀.၀၀၀ | ၈၀.၀၀၀ | ၁၀၀.၀၀ | ၉၀.၀၀ |
| | | | ၇ | ခရမ်းခွဲရုံခြံစည်းရိုးကာရံခြင်း | ၈၀.၀၀၀ | ၈၀.၀၀၀ | ၁၀၀.၀၀ | ၇၆.၀၀ |
| ၂ | | | | **ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၁၂၄,၅၄၄.၃၆၆** | **၁၂၄,၂၉၁.၆၇၀** | **၉၉.၈၀** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၁၂၄,၅၄၄.၃၆၆** | **၁၂၄,၂၉၁.၆၇၀** | **၉၉.၈၀** | |
| | | | ၁ | အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း* | ၁,၁၃၂.၁၇၈ | ၁,၈၁၈.၃၇၀ | ၁၆၀.၆၁ | ၅.၀၀ |
| | | | ၂ | ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း * | ၁၈,၈၄၁.၁၂၇ | ၂၀,၈၆၆.၀၉၀ | ၁၁၀.၇၅ | ၁၁.၆၉ |
| | | | ၃ | အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း | ၁,၂၆၇.၆၁၄ | ၁,၁၉၉.၃၀၁ | ၉၄.၆၁ | ၁၀၀.၀၀ |
| | | | ၄ | ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း | ၂၅၅.၃၂၀ | ၁၁၆.၆၁၇ | ၄၅.၆၇ | ၁.၇၃ |
| | | | ၅ | အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း * | ၃၇,၆၆၈.၃၃၀ | ၃၉,၂၆၆.၀၉၆ | ၁၀၄.၂၄ | ၄၃.၅၀ |
| | | | ၆ | သူငွေးရေအားလျှပ်စစ်စီမံကိန်း | ၃၄,၂၃၇.၈၇၉ | ၃၃,၀၄၆.၁၂၁ | ၉၆.၅၂ | ၅၅.၃၅ |
| | | | ၇ | အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း | ၃၀,၉၅၇.၉၁၂ | ၂၇,၉၁၃.၇၈၄ | ၉၀.၁၇ | ၅၀.၈၃ |
| | | | ၈ | စိုက်ပျိုးမြေထောက်ပံ့ကြေး(လျော်ကြေး)(ရွှေကျင်၊မုံရွာ၊အမ်းချောင်း) | ၁၈၄.၀၀၆ | ၆၅.၂၀၀ | ၃၅.၄၃ | |
| ၃ | | | | **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၇၀,၃၀၂.၅၅၀** | **၁၈,၀၉၄.၆၉၅** | **၂၅.၇၄** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၄၄,၂၇၇.၅၅၀** | **၁၆,၈၀၉.၄၆၅** | **၃၇.၉၆** | |
| | | | ၁ | World Bank ချေးငွေဖြင့် သထုံတွင်ဆောင်ရွက်မည့် 118.9 MW power plant | ၄၃,၅၃၇.၅၅၀ | ၁၆,၀၉၉.၄၃၀ | ၃၆.၉၈ | ၉၉.၀၀ |
| | | | | - စက်ပစ္စည်းများ | ၃၂,၆၄၀.၀၀၀ | ၁၀၁၉၉.၀၉၂ | ၃၁.၂၅ | |
| | | | | -Consulting Service နှင့်နည်းပညာအကူအညီအထောက်အပံ့စရိတ် | ၉,၃၉၇.၈၅၉ | ၅၃၁၉.၉၈၇ | ၅၆.၆၁ | |
| | | | | - စက်ပစ္စည်းများဝယ်ယူခြင်းနှင့်ပေးဆောင်ရမည့်အခွန်အခများ | ၁,၄၉၉.၆၉၁ | ၅၈၀.၃၅၁ | ၃၈.၇၀ | |
| | | | ၂ | ပုထိုးလုံ 12MW ဓာတ်အားပေးစက်ရုံစီမံကိန်း<br>-MOGE GRSမှ ကျောဓာတ်အားခွဲရုံသို့ ဖလက်မသဘာဝဓာတ်ငွေ့ပိုက်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၈.၂၅မိုင်သွယ်တန်းခြင်းနှင့် GRS တပ်ဆင်မှုစရိတ်စကများ | ၇၀၀.၀၀၀ | ၇၀၀.၀၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| | | | ၃ | မြင်းခြံ Gas Station အတွက် ၅၀၀ ကေဗွီအေထရန်စဖော်မာ (၁) လုံးနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | ၂၀.၀၀၀ | ၁၀.၀၀၀ | ၅၀.၀၀ | ၁၀၀.၀၀ |
| | | | ၄ | အပူစွမ်းအင်သုံးစက်ရုံများအတွက်စက်ရုံစီမံကိန်းများ၏ စက်ပစ္စည်းများတပ်ဆင်ခြင်းနှင့်သယ်ယူပို့ဆောင်မှုစရိတ် | ၁၀.၀၀၀ | | | |
| | | | ၅ | ဘဏ်စရိတ်များ | ၁၀.၀၀၀ | ၀.၀၃၅ | ၀.၃၅ | |
| | | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၂၆,၀၂၅.၀၀၀** | **၁,၂၈၅.၂၃၀** | **၄.၉၄** | |
| | | | ၁ | ဂျပန်နိုင်ငံ အထောက်အပံ့ဖြင့်ရရှိမည့် မြန်အောင်ဓာတ်ငွေ့ အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (၂၃မဂ္ဂါဝပ်) | ၂၆,၀၁၅.၀၀၀ | ၁,၂၈၅.၂၃၀ | ၄.၉၄ | ၁၇.၉၀ |
| | | | ၂ | ဘဏ်စရိတ်များ | ၁၀.၀၀၀ | | | |
| | | | | **ဝန်ကြီးဌာနစုစုပေါင်း** | **၅၁၉,၁၉၀.၇၅၁** | **၄၀၇,၆၅၁.၇၇၁** | **၇၈.၅၂** | |

* မူလခွင့်ပြုငွေထက်ကျော်လွန်ရခြင်းမှာ ဘဏ္ဍာငွေလုံလောက်မှု မရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိသောကြောင့်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန လုပ်ငန်းစီမံကိန်းများအနေဖြင့် သုံးစွဲမှု လျော့နည်းရခြင်းမှာ –

(က) National Power Transmission Network Development Project(Phase–I နှင့် Phase–II) (Japan ODA Loan)(500kV) လျာထားချက်တွင် အကြံပေးဝန်ဆောင်မှု လုပ်ငန်းအတွက် Progress Payment (၁)နှစ်စာ၊ (၄)ကြိမ်ပေးချေရန် နှင့် ပစ္စည်းဖိုးနှင့် တည်ဆောက်ရေးလုပ်ငန်း ခန့်မှန်းစာချုပ်တန်ဖိုးကို Phase–I တွင် ၂၀ ရာခိုင်နှုန်းကို လည်းကောင်း၊ Phase–II တွင် ၅ ရာခိုင်နှုန်း ကိုလည်းကောင်း တောင်းခံခဲ့ပါသည်။ သို့ရာတွင် Time Base စနစ် အရ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး အနည်းဆုံး လူအရေအတွက်ဖြင့် လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ခဲ့သဖြင့် အကြံပေးဝန်ဆောင်မှု လုပ်ငန်းအတွက် လျော့နည်း ပေးချေရခြင်း၊ စာချုပ်မူကြမ်းအသေးစိတ် ဆွေးနွေးချိန် ကြာမြင့်ခြင်း၊ စာချုပ်ချုပ်ဆိုခွင့် အတည်ပြုချက်များ ရယူချိန်များကြာမြင့်ခြင်းတို့ကြောင့် စာချုပ်ချုပ်ဆိုမှု နောက်ကျသဖြင့် အသုံးစရိတ် လျော့နည်းရခြင်းဖြစ်ပါသည်။

(ခ) ၂၃၀ ကေဗွီမော်လမြိုင်– ရေး – ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း (ADB Loan) တွင် မူလလျာထားချက်တွင် အကြံပေးစရိတ်၊ ပစ္စည်းဖိုးနှင့် တည်ဆောက်ရေး ကုန်ကျစရိတ်တို့အတွက် Advance Payment ၁၀ ရာခိုင်နှုန်း စီတောင်းခဲ့သော်လည်း စာချုပ် ချုပ်ဆိုရန် ညှိနှိုင်းခြင်း၊ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ရသဖြင့် လျာထား သတ်မှတ်ချိန်အတွင်း ချုပ်ဆိုနိုင်မှု မရှိခြင်းကြောင့် မသုံးစွဲနိုင်ခြင်းဖြစ်ပါသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန လုပ်ငန်းစီမံကိန်းများအနေဖြင့် သုံးစွဲမှု လျော့နည်းရခြင်းမှာ –

(ဂ) ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းတွင် ANDRITZ HYDRO GmbH,KANSAI ELECTRIC POWER CO.,INC & HIGH TECH CONSTRUCTION TRUST Co.,Ltd တို့နှင့် ၁၆–၈–၂၀၁၈ ရက်နေ့တွင် Notice to Proceed ရေးထိုးပြီး ပြန်လည်ညှိနှိုင်းဆဲဖြစ်ပြီး လုပ်ငန်း တစ်ခုလုံး၏ ၁.၇၃ ရာခိုင်နှုန်းပြီးစီးခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းစီမံကိန်းများအနေဖြင့် သုံးစွဲမှုလျော့နည်းရခြင်းမှာ –

(ဃ) ချေးငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ တွန်းအားပေး ဆောင်ရွက်ခဲ့သော်လည်း မမျှော်မှန်းနိုင်သည့် စက်ချို့ယွင်းမှုများဖြစ်ပေါ်ခဲ့သဖြင့် စာချုပ်အရ ပေးချေရမည့်အချိန်တွင် ပေးချေနိုင်မှုမရှိခြင်း၊ ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းအတွက် ပစ္စည်း ရောက်ရှိမှုအပေါ် မူတည်၍ ပေးချေမှုများ ဆောင်ရွက်ရခြင်း၊ မြေပြင်တွင် အမှန်တကယ် လုပ်ငန်း ပြီးစီးမှုအပေါ် မူတည်၍ ငွေပေးချေခြင်းတို့ကြောင့် လျော့နည်း သုံးစွဲရခြင်း ဖြစ်ပါသည်။

ဇယား ( ၄-၅ )

# စက်မှုဝန်ကြီးဌာန

## ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)

## လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | စီမံကိန်းတစ်ခုလုံး အပေါ် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | **စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန** | **၆,၃၂၀.၆၅၀** | **၄,၁၈၄.၈၁၀** | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၆,၃၂၀.၆၅၀** | **၄,၁၈၄.၈၁၀** | | |
| | | ၁ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၆,၃၂၀.၆၅၀** | **၄,၁၈၄.၈၁၀** | | |
| | | | ၁ | စက်မှုသင်တန်းကျောင်း(သထုံ) | ၂,၈၉၂.၁၀၀ | ၂,၀၄၁.၃၆၁ | ၇၀.၅၈ | ၂၈.၈၃ |
| | | | ၂ | စက်မှုသင်တန်းကျောင်း(မုံရွာ) | ၃,၄၂၈.၅၅၀ | ၂,၁၄၃.၄၄၉ | ၆၂.၅၂ | ၂၅.၀၇ |
| ၂ | | | | **အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း** | **၇၃,၃၂၀.၀၉၁** | **၇၀,၀၁၈.၄၈၄** | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၇၃,၃၂၀.၀၉၁** | **၇၀,၀၁၈.၄၈၄** | | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၇၃,၃၂၀.၀၉၁** | **၇၀,၀၁၈.၄၈၄** | | |
| | | | ၁ | အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) | ၇၃,၃၂၀.၀၉၁ | ၇၀,၀၁၈.၄၈၄ | ၉၅.၅၀ | ၆၆.၅၂ |
| ၃ | | | | **အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း** | **၄၂၈.၇၁၆** | **၄၀၇.၇၇၀** | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၄၂၈.၇၁၆** | **၄၀၇.၇၇၀** | | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၄၂၈.၇၁၆** | **၄၀၇.၇၇၀** | | |
| | | | ၁ | စက်မှုနယ်မြေ(သထုံ) (ယခင်ကော့စတစ်ဆိုဒါစက်ရုံ) | ၄၂၈.၇၁၆ | ၄၀၇.၇၇၀ | ၉၅.၁၁ | ၉၄.၀၀ |
| | | | | **စုစုပေါင်း** | ၈၀,၀၆၉.၄၅၇ | ၇၄,၆၁၁.၀၆၄ | ၉၃.၁၈ | |

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၈၀,၀၆၉.၄၅၇ သန်း လျာထားခဲ့ရာ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) စာရင်းအရ ကျပ် ၇၄,၆၁၁.၀၆၄ သန်းသုံးစွဲနိုင်ခဲ့သောကြောင့် လျာထားချက်အပေါ် ၉၃.၁၈ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်း(သထုံ)အတွက် ကျပ် ၂,၈၉၂.၁၀၀ သန်း လျာထားခဲ့ရာတွင် တည်ဆောက်ရေး လုပ်ငန်းများသာ ဆောင်ရွက်ခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံမှ စက်ပစ္စည်းများအချိန်မီ မပေးပို့နိုင်ခဲ့၍ ၇၀.၅၈ ရာခိုင်နှုန်းသုံးစွဲနိုင်ခဲ့ပြီး လုပ်ငန်းစီမံကိန်း တစ်ခုလုံးအပေါ် ၂၈.၈၃ ရာခိုင်နှုန်း၊ စက်မှုသင်တန်းကျောင်း(မုံရွာ)အတွက် ကျပ် ၃,၄၂၈.၅၅၀ သန်း လျာထားခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများသာ ဆောင်ရွက်ခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံမှ ပေးပို့မည့် စက်ပစ္စည်းများမှ အချို့သာရောက်ရှိနိုင်ခဲ့သဖြင့် ၆၂.၅၂ ရာခိုင်နှုန်း သုံးစွဲနိုင်ခဲ့ပြီး လုပ်ငန်းစီမံကိန်း တစ်ခုလုံးအပေါ် ၂၅.၀၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းအတွက် အတိုးပေးချေရန်အပါအဝင် လျာထားခဲ့သည့် ခွင့်ပြုငွေ၏ ၉၅.၅၀ ရာခိုင်နှုန်းသုံးစွဲနိုင်ခဲ့ပြီး လုပ်ငန်း စီမံကိန်း တစ်ခုလုံး၏ ၆၆.၅၂ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

## ဇယား ( ၄-၆)

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်၊ (အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ)

## လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၈–၂၀၁၉ဘဏ္ဍာနှစ် လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | စီမံကိန်းတစ်ခုလုံး အပေါ် ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၂၂,၀၇၆.၈၀၉** | **၁၉,၁၁၁.၂၀၃** | **၈၆.၅၇** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၅,၆၆၆.၆၁၄** | **၅,၇၁၆.၉၁၅** | **၁၀၀.၈၉** | |
| | | | ၁ | ဧရာဝဏ်၊ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း Infrastructure | ၁,၃၇၄.၇၁၄ | ၁,၁၃၄.၈၉၅ | ၈၂.၅၅ | ၇၀.၀၀ |
| | | | ၂ | ၆၆ကေဗွီ(၂)ထပ်ခါတ်အားလိုင်း သွယ်တန်းခြင်း | ၇၉.၀၀၀ | ၆၄.၅၅၂ | ၈၁.၇၁ | ၁၀၀.၀၀ |
| | | | ၃ | ရိုးမတန်ဘိုးနည်းအိမ်ရာစီမံကိန်း Infrastructure | ၂,၃၅၀.၀၀၀ | ၂,၁၇၂.၇၅၀ | ၉၂.၄၆ | ၇၅.၀၀ |
| | | | ၄ | အောင်မြင့်မိုရ်အိမ်ရာစီမံကိန်း Infrastructure * | ၈၇၁.၄၅၀ | ၉၉၇.၅၂၀ | ၁၁၄.၄၇ | ၁၀၀.၀၀ |
| | | | ၅ | ယုဇနဥယျာဉ်မြို့တော်အိမ်ရာSluice Gate(၃)ခုဆောင်ရွက်ခြင်း ** | ၇၅၀.၀၀၀ | ၁,၁၂၄.၁၃၄ | ၁၄၉.၈၈ | ၁၀၀.၀၀ |
| | | | ၆ | မန္တလေးတိုင်းဒေသကြီး၊ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာ အိမ်ရာစီမံကိန်း Infrastructure | ၆၁.၄၅၀ | ၅၁.၀၀၀ | ၈၂.၉၉ | ၁၀၀.၀၀ |
| | | | ၇ | ဧရာဝတီတိုင်း၊ပုသိမ်မြို့ဥမ္မာဒန္တီတန်ဘိုးနည်းအိမ်ရာစီမံကိန်း Infrastructure | ၁၈၀.၀၀၀ | ၁၇၂.၀၆၄ | ၉၅.၅၉ | ၁၀၀.၀၀ |
| | | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၁၆,၄၁၀.၁၉၅** | **၁၃,၃၉၄.၂၈၈** | **၈၁.၆၂** | |
| | | | ၁ | ရန်ကုန်တိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်း | ၄,၉၉၅.၅၇၀ | ၃,၀၄၅.၂၀၇ | ၆၀.၉၆ | ၆၀.၉၆ |
| | | | ၂ | မန္တလေးတိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်း ** | ၅,၀၀၀.၀၀၀ | ၄,၈၃၀.၈၁၈ | ၉၆.၆၂ | ၁၀၀.၀၀ |
| | | | ၃ | နေပြည်တော် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်း ** | ၅,၀၀၀.၆၈၉ | ၄,၁၀၆.၁၃၀ | ၈၂.၁၁ | ၁၀၀.၀၀ |
| | | | ၄ | သန်လျင်၊ကျောက်တန်းသီလဝါစက်မှုဇုန်အနီး တန်ဘိုးနည်းအိမ်ရာ Infrastructure | ၁,၄၁၃.၉၃၆ | ၁,၄၁၂.၁၃၃ | ၉၉.၈၇ | ၂၄.၀၀ |
| | | | | **စုစုပေါင်း** | **၂၂,၀၇၆.၈၀၉** | **၁၉,၁၁၁.၂၀၃** | **၈၆.၅၇** | |

* ဖြည့်စွက်ခွင့်ပြုငွေနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းခြင်းအပါအဝင် ဖြစ်ပါသည်။

** အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းခြင်းအပါအဝင် ဖြစ်ပါသည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများအတွက် ၂၂,၀၇၆.၈၀၉ သန်း လျာထား ခဲ့ရာ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) စာရင်းအရ ကျပ် ၁၉,၁၁၁.၂၀၃ သန်း သုံးစွဲခဲ့သောကြောင့် လျာထားချက်အပေါ် ၈၆.၅၇ ရာခိုင်နှုန်း အကောင် အထည်ဖော် နိုင်ခဲ့ပါသည်။

အိမ်ရာစီမံကိန်း(၁၁)ခု အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် အောင်မြင့်မိုရ်အိမ်ရာနှင့် ယုဇနဥယျာဉ် မြို့တော်အိမ်ရာ(၂)ခုတို့၏ လုပ်ငန်းလိုအပ်ချက်အရ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံ သုံးစွဲခဲ့ရသဖြင့် အသုံးစရိတ်မှာ ရာနှုန်းပြည့်ထက် ကျော်လွန်ခဲ့ရခြင်းဖြစ်ပါသည်။

၆၆ ကေဗွီ(၂)ထပ်ခါတ်အားလိုင်း သွယ်တန်းခြင်း၊ မြရည်နန္ဒာအိမ်ရာ၊ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ (မန္တလေး၊ နေပြည်တော်) စသည့်စီမံကိန်း(၄)ခုတို့မှာ လုပ်ငန်းစီမံကိန်း တစ်ခုလုံး၏ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီးဖြစ်၍ တင်ဒါတန်ဖိုး လျော့နည်းခဲ့ခြင်း၊ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း (YESC)သို့ လုပ်ငန်း အပ်နှံဆောင်ရွက်ခဲ့ပြီးနောက် လုပ်ငန်းပြီးစီး၍ ပိုငွေပြန်အပ်ခဲ့ခြင်းတို့ကြောင့် လျာထားချက်အောက် သုံးစွဲငွေလျော့နည်းရခြင်းဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်း တည်ဆောက်ခြင်းလုပ်ငန်းမှာ အဆောက်အဦ (၄)လုံးကို ပြီးစီးအောင်ဆောင်ရွက်ခဲ့ပြီး ကျန်အဆောက်အဦ(၄)လုံးမှာ ကျူးကျော်များ ရှင်းလင်းနေရသဖြင့် (၁.၆.၂၀၁၉)မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရခြင်းကြောင့် ခွင့်ပြုလျာထားချက်ထက် သုံးစွဲနိုင်မှု လျော့နည်းရခြင်းနှင့် စီမံကိန်းလုပ်ငန်းများ မပြီးရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ဈေးငွေ/ထောက်ပံ့ငွေများ စာချုပ်ချုပ်ဆိုရာတွင် တစ်ဖက်အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများနှင့် ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်ရသဖြင့် လုပ်ငန်းအကောင်အထည်ဖော်မှုများ နောက်ကျကြောင်း တွေ့ရပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နှစ်စဉ် လျာထားချက်များ တောင်းခံချိန်တွင် “ဘဏ္ဍာငွေအရအသုံး လျာထားချက်များကို အမှန်အကောင်အထည်ဖော်နိုင်မှုနှင့် နီးစပ်စေရန်အတွက် ညွှန်ကြားချက်” ထုတ်ပြန်ခြင်းနှင့် တင်ဒါ ခေါ်ယူ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် “အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း” ကို ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက် လျက်ရှိပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် မူလလျာထားချက်ပါ အသုံးစရိတ်များကို အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရန် ငွေသားစီမံချက်(Cash Plan) နှင့် ငွေထုတ်ယူမှု ကန့်သတ်ချက် (Drawing Limit) တို့ကိုလည်း ချိတ်ဆက်၍ Cash Plan ကို ကျော်လွန်၍ ငွေထုတ်ယူခြင်း မပြုရန်နှင့် Cash Plan အတိုင်း သုံးစွဲနိုင်ရေးကို ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။

## အခန်း(၅)

## ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ မှ စက်တင်ဘာလကုန် (ယာယီ)အထိတွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဒေသန္တရစီမံကိန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

**ပုံ(၅-၁)**

**တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ မှ စက်တင်ဘာလကုန် (ယာယီ)အထိတွင် တိုင်းဒေသကြီး/ပြည်နယ်များတွင် စိုက်ပျိုးစရိတ်များနှင့် လယ်ယာသုံးစက်ကိရိယာများဝယ်ယူနိုင်ရန် နှစ်ဆင့် ချေးငွေများ (Two-Step Loans) ထုတ်ချေးခဲ့ခြင်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု မြင့်တက်ခဲ့ခြင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုရှင်းနှီးမြှုပ်နှံနိုင်ရန် အတွက် ပုဂ္ဂလိကဘဏ်များမှ ချေးငွေများ ထုတ်ချေးပေးခဲ့ခြင်း၊ နှစ်စဉ်နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲနေရသည့် လျှပ်စစ်ဓာတ်အား အသုံးစရိတ်ကို လျှော့ချရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ် ကာမိစေရန် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့် ကောက်ခံခြင်း၊ ဆေးရုံ၊ ကျောင်း၊ လမ်းတံတားများ တည်ဆောက်ပေးခဲ့ခြင်း၊ ကုန်စည်သယ်ပို့ခြင်း၊ ခရီးသွားလာမှုတိုးတက်ခဲ့ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတွင်ကျယ်လာခဲ့ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုကာကွယ်စောင့်ရှောက်ပေးရေးနှင့် လူမှုရေး

အထောက်အပံ့များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာပေါင်း ၈၉၉ ရွာကို လျှပ်စစ်မီး ရရှိရေးအတွက် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ တယ်လီဖုန်းကွန်ရက်ဆက်သွယ် မှုများ ပိုမိုတိုးတက်လာခဲ့ပါသည်။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာဝန်၊ သူနာပြုနှင့် ဆရာ/ဆရာမ ဦးရေများ တိုးမြှင့်ခန့်ထားနိုင်ခဲ့ပါသည်။

**ပုံ(၅-၂)**

**တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် တိုးတက်မှုနှုန်းနှင့် အကောင်အထည်ဖော်မှုအရ တိုးတက်မှုနှုန်း**

**နှိုင်းယှဉ်ချက်**

**(ပုံမှန်စျေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးရုံးများ

နိုင်ငံတော်၏ စီးပွားရေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် စီးပွားရေးတွင် ပါဝင်မှုအများဆုံး ရှိသည့် တိုင်းဒေသကြီးများ ဖြစ်ပါသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်၏ ဧရိယာ၊လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၅-၁)**

**ကချင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၃၄,၃၇၉.၂၂ | ၃၄,၃၇၉.၂၂ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၁,၈၄၇ | ၁,၈၈၁ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၈၀၅,၉၈၆.၄ | ၂,၀၄၉,၁၆၉.၆ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၃.၆ | ၇.၉ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၀.၇ | ၃၀.၆ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၁.၅ | ၃၁.၆ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၇.၈ | ၃၇.၈ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၉၈၄,၈၁၆.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၉.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၂,၀၄၉,၁၆၉.၆ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၃.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၅-၃)**

**ကချင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည် တိုးတက်မှု ပိုမိုရရှိစေခဲ့သည့် ကဏ္ဍများ ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ဖူးစားပြောင်း၊ ဆောင်းမြေပဲနှင့် ငှက်ပျောအပါအဝင် ဆောင်းသီးနှံများ ထွက်ရှိမှု ပိုမိုခဲ့ပါသည်။ သီးနှံစိုက်ပျိုးရေးတွင် အရေးပါသည့် စိုက်ပျိုးရေရရှိရေးအတွက် မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ်/ကျေးရွာများတွင် စက်ရေတွင်း ၁၅ တွင်းတူးဖော်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ စိုက်ပျိုးမြေဧက တိုးတက်စေရန် ဥယျာဉ်ခြံစိုက်ပျိုးမြေ ဖော်ထုတ်ခြင်းကို ဆော့လော်မြို့နယ်တွင် ဧက ၇၀၀၊ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းကို ဝိုင်းမော်မြို့နယ်တွင် ဧက ၁၀၀၊ မိုးညှင်းမြို့နယ်တွင် ဧက ၁၀၀ ဖော်ထုတ်နိုင်ခဲ့ပါသည်။

ငါးသားဖောက်စခန်း(၃)ခုမှ ငါးမျိုးစိတ် ၉ မျိုးဖြင့် ငါးသားဖောက် ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ တစ်နိုင်တစ်ပိုင် ငါးသားဖောက်စခန်းများမှ ငါးမှုန်၊ ငါးသန်များထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်နိုင်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်မှုနှင့် ကုသပေးမှုလုပ်ငန်း အထောက်အကူပြု သင်တန်းများ၊ ပညာပေး ဟောပြောပွဲများပြုလုပ်ပေးခြင်းနှင့် ပုဂ္ဂလိကပိုင် ပျားမွေးမြူရေးစခန်း ၅၁ ခုမှ ပျားရည်ထုတ်လုပ်မှု ၂၈၈,၆၁၅ ပေါင် ထုတ်လုပ်နိုင်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် ကျောက်စိမ်း (ကျောက်မျက်) တူးဖော်မှုကို ပွင့်လင်းရာသီ၌ ကီလို(ထောင်ပေါင်း) ၃၃,၆၉၃.၅၅၂ ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်အလားတူကာလထက် ကီလို (ထောင်ပေါင်း) ၆,၈၀၂.၂၉၉ ကို တိုးတက်ထုတ်လုပ်နိုင်ခဲပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် မြစ်ကြီးနားနယ်အတွင်း ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး မန္တလေး-မြစ်ကြီးနား လေအိတ်အထူးရထားကို ပြေးဆွဲပေးနိုင်ခဲ့ပါသည်။ ကုန်တင်မော်တော်ယာဉ် ၇၈ စီး၊ လူစီးခရီးသည်တင်ယာဉ် ၂၆ စီး၊ သုံးဘီး ၁၂ စီး၊ ထော်လာဂျီ ၃ စီး၊ စုစုပေါင်း ၁၁၉ စီး တို့ကို လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ခဲ့ပြီး ပြည်နယ်၏ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကို တိုးတက်အောင် ဆောင်ရွက်ခဲ့ပါသည်။

ကချင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ကချင်ပြည်နယ်၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံး

ကချင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၆)**

**ကချင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်စျေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံး

မိုးညှင်းခရိုင်တွင် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ခွဲရုံလုပ်ငန်းများ၊ ဗန်းမော်ခရိုင်တွင် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစနစ် တိုးချဲ့ခြင်းနှင့်ပင်မဓာတ်အားခွဲရုံများ၊ ပူတာအိုခရိုင်တွင် အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်း အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးရွာချင်းဆက်လမ်း/ တံတားလုပ်ငန်းများကို မြစ်ကြီးနားခရိုင်တွင် ၆ ခု၊ မိုးညှင်းခရိုင်တွင် ၃ ခု၊ ဗန်းမော်ခရိုင်တွင် ၄ ခုနှင့် ပူတာအိုခရိုင်တွင် ၃ ခု၊ စုစုပေါင်းလုပ်ငန်း ၁၆ ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန် ဒေါ်လာ ၁၂.၈၃၇ သန်းနှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၂.၀၃၈ သန်း၊ မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၆၄.၁၀၈ သန်း နှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃၂.၃၄၀ သန်းတို့ဖြင့် ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ကယားပြည်နယ်

ကယားပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၅-၂)**

**ကယားပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၄,၅၂၉.၅၆ | ၄,၅၂၉.၅၆ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၃၁၄ | ၃၂၀ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၃၁၀,၄၃၄.၅ | ၃၄၁,၅၃၆.၀ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၉ | ၄.၅ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၁.၇ | ၃၀.၀ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၅.၉ | ၂၆.၅ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၂.၄ | ၄၃.၅ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကယားပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃၆၀,၁၂၈.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၈.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃၄၁,၅၃၆.၀ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၄.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၅-၇)**

**ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလ မှ စက်တင်ဘာလကုန် (ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကယားပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့သည် တိုးတက်မှုကို ဖြစ်ပေါ်စေသည့် ကဏ္ဍများဖြစ်ပါသည်။

သားငါးကဏ္ဍတွင် တိုင်းရင်းကြက်မွေးမြူရေးနည်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် တိုင်းရင်းကြက် ၅၀၀ ကောင် ဖြန့်ဖြူးပေးခဲ့ခြင်း၊ မွေးမြူရေးပညာပေး သင်တန်းများ၊ ပညာပေး ဟောပြောပွဲများ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။ တိရစ္ဆာန် မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးမှုတွင် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဖားဆောင်း၊ မယ်စဲ့နှင့် နေရပ်ပြန်မိသားစုများအတွက် ဆိတ် ၄၀ ကောင်နှင့် ဝက် ၅၅၄ ကောင် တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ဘီလူးချောင်းဓာတ်အားပေး စက်ရုံ(၃)ရုံမှ လျှပ်စစ်ဓာတ်အားများကို ထုတ်ပေးလျက် ရှိပါသည်။ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း၊ အစားထိုး လဲလှယ်ခြင်း၊ ထရန်စဖော်မာများသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဓာတ်အားခွဲရုံများတွင် တပ်ဆင်အသုံးပြုထားသော Relay များချိန်ညှိခြင်း၊ Battery Bank များ စစ်ဆေးခြင်း၊ လိုင်းဟောင်းများ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင် အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ လွိုင်ကော်-ဖရူဆို-မူဆို-ဟိုယာလမ်း စသည့် လမ်းများပြုပြင်ထိန်းသိမ်းခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခဲ့ပါသည်။ ကျေးလက်ဒေသများတွင် ကျေးလက်လမ်းဦးစီးဌာနမှ ကတ္တရာလမ်း ၂၀/၄.၂ မိုင်၊ ကျောက်ချောလမ်း ၁၃/၂.၅ မိုင်၊ မြေသားလမ်း ၂၀/၆ မိုင်၊ တံတား ၆ စင်း နှင့် Box Culvert လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၄,၁၈၂.၁ သန်း ထုတ်ချေးပေးခဲ့ပါသည်။ ဖွံ့ဖြိုးရေးချေးငွေများဖြစ်သည့် JICA Two Step Loan ၊ MEB Two Step Loan နှင့် စိုက်ပျိုး မွေးမြူရေးကဏ္ဍ (Agri Business) ဆောင်ရွက်သည့် တောင်သူလယ်သမားများသို့ နှစ်တို၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်းမှ အတိုးရငွေများ တိုးတက်ရရှိခဲ့ပါသည်။ နိုင်ငံပိုင်၊ ပုဂ္ဂလိကဘဏ်များနှင့် Microfinance အဖွဲ့အစည်းများမှ ချေးငွေများ ထုတ်ချေးလျက်ရှိသဖြင့် အတိုးရငွေများ တိုးတက် ခဲ့ပါသည်။ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးရွာ ၁၂၅ ရွာတွင် စုစုပေါင်း ၈၃ ယူနစ် ဖွဲ့စည်း၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ပန်ပက်၊ တနီးလာလဲကျေးရွာ၊ ထေခိုကျေးရွာနှင့် ဒေါတမကြီး ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသဖြင့် ထိုဒေသရှိ ဒေသခံများ ဝင်ငွေတိုးတက် ရရှိခဲ့ပါသည်။ ခရီးစဉ် နေရာအသစ်အနေဖြင့် လွိုင်ကော်မြို့နယ်အတွင်း တောင်သုံးလုံး(ရဟန္တာ)၊ ထီးပရှုနူ သဘာဝလှိုဏ်ဂူ၊ ထိုင်း-မြန်မာ မယ်စဲ့ နယ်စပ်ဝင်ပေါက်၊ ကျိုင်ငံရေထွက်တို့ကို ဖော်ထုတ်နိုင်ခဲ့ပြီး ပြည်တွင်းခရီးသွားများ အပြင် နိုင်ငံခြားခရီးသွားဧည့်သည် ၁၂,၂၂၂ ဦး လာရောက်လည်ပတ်လျက်ရှိသဖြင့် ဝင်ငွေတိုးတက် ရရှိခဲ့ ပါသည်။

ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ကယားပြည်နယ်၏ နှစ်အလိုက်အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ**

**ပုံ(၅-၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကယားပြည်နယ်စီမံကိန်းဦးစီးရုံး

ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၁၀)**

**ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကယားပြည်နယ်စီမံကိန်းဦးစီးရုံး

ဒေသထွက်ကုန်များကို ပြည်ပသို့ တင်ပို့လျက်ရှိရာ တရုတ်နိုင်ငံဈေးကွက်သို့ အစေ့ထုတ်ပြောင်းများ တင်ပို့နိုင်ခဲ့ပြီး ကြက်သွန်နီ၊ အာလူးနှင့် ငရုတ်သီးခြောက်များကို ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးစခန်း မှတဆင့်တင်ပို့နိုင်ခဲ့ပါသည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်မြို့ တို့အကြား ညီအစ်မမြို့တော် (Sister Cities) အဖြစ် လက်မှတ်ရေးထိုးသတ်မှတ်နိုင်ခဲ့သဖြင့် မူဘောင်များ အတွင်းမှ ခရီးသွားလာရေး၊ယဉ်ကျေးမှုဖလှယ်ရေး၊ ပို့ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် ပညာရေးကိစ္စရပ်များ ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ခဲ့ပါသည်။ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဟင်းခတ်အမွှေးအကြိုင် ဖြစ်သော ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစသည့် စားဖိုဆောင်သီးနှံများကို တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁.၁၃၃ သန်း တင်ပို့နိုင်ခဲ့ပြီး၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ဝ.၃၁၄ သန်း တင်သွင်းခဲ့ပါသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၅-၃)**

**ကရင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၁,၇၃၀.၈၅ | ၁၁,၇၃၀.၈၅ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၁,၅၉၇ | ၁,၆၀၆ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၆၄၀,၅၇၂.၄ | ၁,၈၈၀,၆၁၇.၉ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၅ | ၈.၃ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၄.၂ | ၃၄.၆ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၂.၆ | ၂၂.၃ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၃.၂ | ၄၃.၁ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကိုနှစ်အလိုက်ဈေးနှုန်းများအရကျပ် ၁,၈၈၆,၃၀၄.၃ သန်းအကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၈၈၀,၆၁၇.၉ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်း များအရ ၈.၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

## ပုံ(၅-၁၁)

## ကရင်ပြည်နယ်၏၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန် (ယာယီ) အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ တို့မှာ တိုးတက်မှုကို ပိုမိုရရှိစေခဲ့သည့် ကဏ္ဍများ ဖြစ်ပါသည်။

သီးနှံစိုက်ပျိုးမှုတွင် ဒေသ၏ ရေမြေသဘာဝနှင့် ကိုက်ညီပြီး ဈေးကွက်ဝယ်လိုအား ကောင်းမွန်သော ကြက်ပေါင်စေး၊ ပီလောပီနံနှင့် ပဲလွမ်းထွက်ရှိမှု ပိုမိုခဲ့ပါသည်။ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်း ၆,၆၁၆.၇၅ ကိုထုတ်ချေးနိုင်ခဲ့ပါသည်။ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းကို ဘားအံမြို့နယ်တွင် ဧက ၁၀၀ နှင့် ကော့ကရိတ်မြို့နယ် တွင် ဧက ၁၅၀ ဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။

တိရစ္ဆာန်မွေးမြူမှုနှင့် အသားထုတ်လုပ်မှု တိုးတက်စေရန်အတွက် မွေးမြူရေးဇုန် ၈ ဇုန် တည်ထောင်ထားပြီး မွေးမြူရေးအစုအဖွဲ့ ၈ ဖွဲ့ကိုဖွဲ့စည်းထားခဲ့ပါသည်။ ငါးမွေးကန်ဧက ၇၄၀.၆၅ ဧက၊ အင်းဦးရေ ၃၄ ခု နှင့် ပုစွန်ကန် ၁၃၀ ဧကဖြင့် မွေးမြူဆောင်ရွက်လျက်ရှိခြင်း၊ ကျေးလက်ဒေသ အခြေခံမွေးမြူရေးနှင့် ကုသရေးသင်တန်း၊ ဝက်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်း၊ ဝက်မွေးမြူရေး သင်တန်းများအား မြို့နယ် ၇ မြို့နယ်တွင် ပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက် နိုင်ခဲ့ပါသည်။ ဇာသပြင်ငါးလုပ်ငန်းစခန်း၊ ကျုံဒိုးငါးလုပ်ငန်းစခန်းတို့တွင် ငါးမျိုးထုတ်လုပ်မှု၊ ငါးမျိုး ရောင်းချမှုနှင့် ငါးမျိုးစိုက်ထည့်မှုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မြစိမ်းရောင်(ငါးကဏ္ဍ)ဖြင့် ကျေးရွာ ၁၃ ရွာတွင် မတည်ရင်းနှီးငွေတစ်ရွာလျှင် ငွေကျပ် ၃၀၀ သိန်းစီဖြင့် ရင်းနှီးမတည်ကာ ငါးကဏ္ဍဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်နေသည်နှင့်အညီ နည်းပညာရရှိရေး၊ ငွေကြေးအရင်းအနှီး ရရှိရေး တို့အတွက်ဆောင်ရွက်ပေးခဲ့ပါသည်။ မြဝတီစီးပွားရေးဇုန်တွင် ဆောင်ရွက်မည့် အဆိုပြုလုပ်ငန်း (၁၃) ခုရှိပြီး ရွှေမြစ်သောင်ရင်း ပရိဘောဂစက်ရုံ၊ Apex World ဖိနပ်စက်ရုံ၊ သွပ်ပြားစက်ရုံ၊ ဝဥစက်ရုံနှင့် စပယ်ဦးသောက်ရေသန့်စက်ရုံတို့ကို တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဝဥစက်ရုံနှင့် စပယ်ဦး သောက်ရေသန့် စက်ရုံတို့မှာ စတင်လည်ပတ်နေပြီ ဖြစ်ပါသည်။

ဘားအံစက်မှုဇုန် နှင့် မြဝတီစီးပွားရေးဇုန်မှ ဘိလပ်မြေစက်ရုံတို့အား သထုံပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ(၂)ထပ် ဓာတ်အားလိုင်းဖြင့် ၂၄ နာရီဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိခြင်းနှင့် ဘားအံစက်မှုဇုန် ဖော်ထုတ်ပြီး ၆၆/၁၁ ကေဗွီ(၂၀) အမ်ဗွီအေခွဲရုံ ၁ ရုံမှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မော်လမြိုင်-ကော့ကရိတ်-မြဝတီ ၂၃၀ ကေဗွီဓာတ်အားလိုင်း ၈၀ မိုင် စီမံကိန်းအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်ဘတ်ဂျက်ဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ထရန်စဖော်မာများတည်ဆောက်ခြင်း၊ ၄၀၀ ဗို့ဓာတ်အား လိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းအဟောင်းများအား အစားထိုးလဲလှယ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံပိုင်ဆောက်လုပ်မှုအနေဖြင့် လမ်းများအားလမ်းအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ ဖောက်လုပ်ခြင်း၊ ကတ္တရာခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ဖာထေးခြင်း၊ ထပ်ပိုးလွှာ ခင်းခြင်း၊ အမာခံလမ်းပခုံးပြုလုပ်ခြင်း၊ ကတ္တရာရေပိတ်လွှာ လောင်းခြင်းလုပ်ငန်းများအပြင် လမ်းများအတွင်း သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်ခြင်း၊ တံတားချဉ်းကပ်လမ်းကတ္တရာခင်းခြင်း၊ သာမန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကုန်ထုတ်လမ်း၊ ကုန်ထုတ်တံတား များနှင့် ရေပေးရေးလုပ်ငန်းများဖြစ်သည့် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ ရေကန်၊ စိမ့်စမ်း စသည့် လုပ်ငန်းများအားဆောင်ရွက်နိုင်ခဲ့ပါသည်။ မြဝတီမြို့နယ်တွင် ထိုင်း-မြန်မာချစ်ကြည်ရေးတံတား အမှတ် (၂) တည်ဆောက်ရေးစီမံကိန်းနှင့်BCF (Border Control Facilities) အဆောက်အဦဝင်း တည်ဆောက် ခြင်းလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပါသည်။ ဘားအံမြို့ အထပ်မြင့် အိမ်ခန်းများ၊ ကွန်ဒို တိုက်ခန်းများ၊ လုံးချင်းအိမ်များပါဝင်သော ရွှေဖားစည် အဆင့်မြင့်အိမ်ရာနှင့် ဘားအံမြို့ကမ်းနားလမ်း သာယာလှပရေး လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါသည်။

အာရှလမ်းသစ်ကြီးမှာ ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်တို့ကို ဖြတ်သန်း ဖောက်လုပ် ပြီးစီးမှုကြောင့် ဘုရားဖူးခရီးသွားများအပန်းဖြေခရီး၊ ခရီးတိုသွားလာမှုများပြားလာခြင်း တို့ကြောင့် ပို့ဆောင်ရေးကဏ္ဍ တိုးတက်လာခဲ့ပါသည်။

ကရင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ကရင်ပြည်နယ်၏ နှစ်အလိုက် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၅-၁၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၁၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး

ကရင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၁၄)**

**ကရင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ) အထိကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး

သမဝါယမငွေစုငွေချေးအသင်းများနှင့် ပုဂ္ဂလိကဘဏ်များဖြစ်သော ကမ္ဘာ့ရတနာဘဏ်၊ ရောဝတီ တောင်သူလယ်သမားများဘဏ်တို့ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ဘဏ်ထုတ်ချေးငွေအပေါ် အတိုး ဝင်ငွေများ၊ ရွှေဖားစည်အိမ်ရာ၊ ဆိုင်ကယ်နှင့်ဖုန်းများ အရစ်ကျ ရောင်းချခြင်းမှ အတိုးများရရှိခြင်း၊ ချေးငွေ လုပ်ငန်းများ၊ နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်းများ၊ ငွေလွှဲပေးပို့ခြင်းလုပ်ငန်းများမှ ဝင်ငွေများ ပိုမိုရရှိခဲ့ပါ သည်။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အတိုးရငွေများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်၏ အတိုးရ ငွေများတိုးတက်ရရှိခဲ့ပါသည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဇယား(၅-၄)**

**ချင်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေးအခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၃,၉၀၆.၉၇ | ၁၃,၉၀၆.၉၇ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၅၁၁ | ၅၁၇ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၃၃၄,၈၀၅.၄ | ၃၇၅,၂၂၆.၀ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၈.၅ | ၅.၈ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၃.၇ | ၂၂.၂ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၄၁.၆ | ၄၃.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၄.၇ | ၃၄.၄ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄၃၆,၆၅၃.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃၇၅,၂၂၆.၀ သန်းရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၈၅.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၅-၁၅)

## ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့သည် တိုးတက်မှုကို ပိုမိုဖြစ်ပေါ်စေခဲ့ပါသည်။

ငါးသားပေါက်များ အလုံအလောက်ဖြန့်ဖြူးနိုင်ခြင်း၊ ဥစားကြက်နှင့် အသားစားကြက် မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ခြင်း၊ ကျွဲ၊ နွား၊ နွားနောက်၊ ဆိတ်၊ ဝက်နှင့်ကြက်စသည်တို့ ပိုမိုမွေးမြူလာနိုင်စေရေးအတွက် မိရိုးဖလာမွေးမြူရေးစနစ်မှ ခေတ်မီတစ်ဝက်လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူရန်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ဒေသအတွင်းရှိ တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ ကောင်းရေတိုးအောင်ဆောင်ရွက်ခြင်း၊ ကျေးရွာအရောက် ခေတ်မီမွေးမြူရေးစနစ်များ သင်ကြားပေးခြင်း၊ မွေးမြူရေးချေးငွေများ ထုတ်ချေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွေရာသီ တိရစ္ဆာန်အစာရှားပါးမှုကို ဖြေရှင်းနိုင်ရေးအတွက် ရေရှည်အထားခံသော မြက်ချဉ်ဖတ်၊ ကောက်ရိုးချဉ်ဖတ်၊ ပြောင်းရိုးချဉ်ဖတ်ပြုလုပ်နည်းသင်တန်း၊ ဖြည့်စွက်စာယူရီးယားသကာတုံးများ ပြုလုပ်နည်းသင်တန်း၊ အစားထိုးအစာများ ကျွေးမွေးနည်းသင်တန်း ပို့ချပေးခြင်းတို့အား ဆောင်ရွက်ပေးခဲ့ပါသည်။

သစ်တောကဏ္ဍတွင် ပြည်နယ်အတွင်း စိမ်းလန်းစိုပြေရေးအတွက် ရှန်းတောင်မြေယာ ထိန်းသိမ်းရေး ၅၀ ဧကနှင့် ကြိုးဝိုင်းသစ်တောမြေ ၉၃ စတုရန်းမိုင် သတ်မှတ်နိုင်ခဲ့ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ အပင်သုတေသနပြုလုပ်ခြင်း၊ ရှားပါးတိရစ္ဆာန်စာရင်းကောက်ယူခြင်း၊ ကင်းလှည့်ထိန်းသိမ်းခြင်း၊ ပညာပေးဟောပြောခြင်း၊ သင်တန်းပို့ချခြင်းနှင့် ပရဆေးပင်/သစ်ခွ စုဆောင်းခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် နိုင်ငံပိုင် မဟာဓာတ်အားလိုင်းမှ ပြည်နယ်အတွင်းရှိ မြို့နယ် ၃ မြို့နယ်နှင့် ကျေးရွာ ၆ ရွာတွင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ခြင်း၊ ဝမ်ဖူချောင်းရေအားလျှပ်စစ်စီမံကိန်း

အား ဆက်လက်ဆောင်ရွက်ခြင်းနှင့် ထရန်စဖော်မာအသစ်တပ်ဆင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကျေးရွာများမီးလင်းရေးအတွက် ဒီဇယ်စွမ်းအင်၊ စပါးခွံစွမ်းအင်၊ ဆိုလာစွမ်းအင်၊ ဘိုင်အိုဂတ်စ်၊ အသေးစားရေအားစွမ်းအင် ဖြင့်ထုတ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ပြည်နယ်ရန်ပုံငွေဖြင့် ထရန်စဖော်မာအသစ်တပ်ဆင်ခြင်း၊ လိုင်းများတိုးချဲ့ခြင်း၊ ကျေးလက်ဒေသ မီးလင်းရေးအတွက် အသေးစားရေအားလျှပ်စစ်လုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင် ကုလားတန်မြစ်ကူး(ပလက်ဝ)တံတား (မတူပီ-ပလက်ဝလမ်း)၊ ဟားခါး-မတူပီလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်း၊ မိုင်လေးဆယ်-ပလိပ်တွီ-မနားတာ-ရွှေအောင်သာလမ်း စသည့်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တည်ဆောက်ခြင်း စသည့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေး အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းတာချဲ့ခြင်း၊ လက်ရှိမြေသားလမ်းကို အမာခံ ကျောက်လမ်းခင်းခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ လက်ရှိကတ္တရာလမ်းကို ထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာအနိမ့်အမြင့်ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဖလမ်းလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဖလမ်းလေဆိပ်သစ် ပထမအဆင့်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့ပါသည်။

ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ချင်းပြည်နယ်၏ နှစ်အလိုက်အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး နှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၁၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်စျေးနှုန်း)**




**ပုံ(၅-၁၇) တိုးတက်မှုနှုန်း (ပုံမှန်စျေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး

ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ(၅-၁၈)**

**ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး

စက်မှုလုပ်ငန်း ၈၄၇ ခုအား ပုဂ္ဂလိကစက်မှုမှတ်ပုံတင် ထုတ်ပေးနိုင်ခဲ့ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME Member Card ၁,၅၀၄ ဦး ထုတ်ပေးနိုင်ခဲ့ပြီး အသင်းသား ၃ ဦးအား MSME ချေးငွေ ကျပ် ၇၀.၀ သန်းထုတ်ချေးပေးနိုင်ခဲ့ပါသည်။ မင်းတပ်မြို့တွင် ပုဂ္ဂလိကပိုင် ကော်ဖီအခြောက်လှမ်းစက်ရုံ စတင်လည်ပတ်လျက်ရှိပါသည်။

ချင်းပြည်နယ်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြစ်သည့် နတ်မတောင် သဘာဝအမျိုးသား ဥယျာဉ်၊ ဘုံတလာရေတံခွန်၊ ရိဒ်ရေကန်များသို့ ပြည်တွင်း၊ ပြည်ပခရီးသည်များ လာရောက်လည်ပတ်ခဲ့သဖြင့် ဝင်ငွေတိုးတက်ရရှိခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိခဲ့ပါသည်။ အစီရင်ခံသည့်ကာလတွင် ပြည်နယ်အတွင်းသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ပြည်တွင်းခရီးသည် ၈,၂၈၃ ဦးနှင့် ပြည်ပခရီးသွား ၁,၁၄၃ ဦး၊ စုစုပေါင်း ၉,၄၂၆ ဦးဝင်ရောက်ခဲ့ပါသည်။ ခိုင်ကမ်းမြို့နှင့် ခြောက်မိုင်ခန့်အကွာတွင် ကနေဒီဆင်စခန်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဖလမ်း-ဟားခါး-ထန်တလန်သုံးပွင့်ဆိုင် နယ်မြေရှိ ဇိန်မှုတောင် အခြေပြု ခရီးသွားလုပ်ငန်းတို့ကိုလည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

စစ်ကိုင်းတိုင်းဒေသကြီး၏ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား (၅-၅)**

**စစ်ကိုင်းတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေးအခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၃၆,၁၇၈.၇၂ | ၃၆,၁၇၈.၇၂ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၅,၅၁၁ | ၅,၅၅၀ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က)ဂျီဒီပီ(နှစ်အလိုက်ဈေးနှုန်း) | ကျပ်သန်း | ၁၀,၈၃၉,၅၃၁.၁ | ၁၂,၂၀၃,၄၇၃.၁ |
| | (ခ)ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၀ | ၇.၇ |
| | (ဂ)ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁)လယ်ယာ | ကျပ်သန်း | ၃၁.၄ | ၂၉.၂ |
| | (၂)စက်မှု | ကျပ်သန်း | ၃၈.၆ | ၄၀.၁ |
| | (၃)ဝန်ဆောင်မှု | ကျပ်သန်း | ၃၀.၀ | ၃၀.၇ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၂,၆၆၆,၃၀၉.၅ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၁၂,၂၀၃,၄၇၃.၁ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၆.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ပုံမှန်ဈေးနှုန်းများအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၅-၁၉)
## စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ) အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည်တိုးတက်မှုကို တွန်းအားပေးသည့် ကဏ္ဍများဖြစ်ပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် စနစ်တကျလယ်ယာမြေများဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း (Agriculture Income Improvement Project – AIIP )အား JICA ဖွံ့ဖြိုးရေးချေးငွေဖြင့် မြို့နယ် ၉ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သဖြင့် စပါး၊ ပဲအမျိုးမျိုး၊ မြေပဲနှင့် နှမ်းထွက်ရှိမှုများ တိုးတက်ခဲ့ပါသည်။ သားငါးကဏ္ဍတွင် ကြက်မွေးမြူရေးဇုန်များနှင့် နို့စားနွား မွေးမြူရေးဇုန် တို့ကို ဆောင်ရွက်ထားရှိပါသည်။

ကျောက်စိမ်းတူးဖော်မှုတွင် ကုမ္ပဏီများအား စနစ်တကျ ထုတ်လုပ်ခွင့်ပေးခဲ့သောကြောင့် ကျောက်စိမ်း ထွက်ရှိမှု တိုးတက်ခဲ့ခြင်းနှင့် ကျောက်မီးသွေး ထုတ်လုပ်သောကုမ္ပဏီများ ပိုမိုများပြားလာခြင်းကြောင့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

စစ်ကိုင်းစက်မှုဇုန်မှ အမယ်သစ်များအဖြစ် သစ်ပါးလွှာ၊ သစ်ခွဲသားထုတ်လုပ်မှု၊ ပရိဘောဂအမျိုးမျိုး၊ ချည်မျှင်ထုတ်လုပ်ငန်း၊ ဆိုင်ကယ်အပိုပစ္စည်းထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးပေးခဲ့ခြင်းနှင့် ချေးငွေများ ထုတ်ချေးပေးခဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံ SUMITOMO MITSUI BANKING CORPORATION တို့သည် သမဝါယမဘဏ်နှင့် ပူးပေါင်း၍ ငွေထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် အသေးစားစက်မှုကုန်စည်များ ပိုမိုထွက်ရှိခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားတပ်ဆင်မှုအနေဖြင့် ကျေးရွာ ၂,၀၆၉ ရွာ လျှပ်စစ်မီးရရှိခဲ့ပြီး ပင်မဓာတ်အား စနစ်ဖြင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံပိုင်ဆောက်လုပ်ရေးအနေဖြင့် မူးမြစ်ကူးကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ရွှေဘို - မြစ်ကြီးနားလမ်း၊ ရောင်ဟီး - ပင်လည်ဘူးလမ်း၊ သက္ကယ်ကျင်း - ဖောင်းပြင် - ဟုမ္မလင်း - ခန္တီးလမ်း၊ ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်းပေါ်ရှိ ပုထိုးလုံးချောင်း တံတားတည်ဆောက်ခြင်း၊ မုံရွာ-အရာတော်-ရွှေဘိုလမ်းစသည့် လမ်းတံတားများ တည်ဆောက်ခြင်း၊ မြောက်ယမားဆည် မူလ မြောင်းမကြီး ဆည်ရေသောက်စနစ်ပြုပြင်ခြင်း၊ ဇလုတ်မရိုးမြောင်း ရေတံခါးတည်ဆောက်ခြင်း၊ ပုဂ္ဂလိကပိုင်တည်ဆောက်မှုတွင် ဟိုတယ်၊ တည်းခိုခန်း၊ အားကစားကွင်း၊ ကိုယ့်အားကိုယ်ကိုး ကျေးလက် လမ်းတံတားများ၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ လူနေအိမ်များ အသစ် တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ အသစ်တည်ဆောက်ခြင်း များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့စီးပွားရေးဘဏ်မှ ချေးထားသည့်ငွေများအပေါ် အတိုးရရှိခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ JICA ချေးငွေအထောက်အပံ့ဖြင့် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ စီမံကိန်း (Agriculture and Rural Development Two Step Loan Project ARD-TSL Project) ဖြင့် ကျပ် ၆,၆၃၃.၀၅၈ သန်းထုတ်ချေးခြင်း၊ မိုးချေးငွေများ၊ ဆောင်းချေးငွေများ၊ ဆောင်းကြိုချေးငွေအနေဖြင့် တောင်သူလယ်သမားများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျပ် ၂၇၉,၂၇၅.၃၅၀ သန်း ထုတ်ချေး ပေးခြင်းများဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်သော ဟန်လင်းပျူမြို့ဟောင်းဒေသများသို့ ကမ္ဘာလှည့် ခရီးသည်များ ပိုမိုလာရောက်ခဲ့ခြင်း၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ဖိုလ်ဝင်တောင်၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်၊ လယ်တီကျောက်စာတိုက်နှင့် ဇလုံတောင်ခရီးစဉ်များသို့ ပြည်တွင်း ခရီးသွားများ သွားလာမှုများပြားခြင်းကြောင့် ခရီးသွားဝန်ဆောင်မှု တိုးတက်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်းဘုရားဖူးဝန်ဆောင်မှုလုပ်ငန်းပေါင်း ၁၀ ခုကို ခွင့်ပြုပေးခဲ့ပြီး ခရီးသွားလုပ်ငန်းတွင် ပြည်တွင်းဧည့်သည်ဦးရေ ၁.၈ သိန်း၊ ပြည်ပဧည့်သည် ဦးရေ ၂၆,၀၀၀ ကျော် ဝင်ရောက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## စစ်ကိုင်းတိုင်းဒေသကြီး၏ နှစ်အလိုက် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၅-၂၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၂၂)**

**စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ) အထိကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၁၁ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုတိုးတက်လာခဲ့ပါသည်။ ကုန်သွယ်မှုကဏ္ဍအနေဖြင့် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးများနှင့် တရုတ်(မူဆယ်) ဈေးကွက်များသို့ ကုန်သွယ်နိုင်ခြင်း၊ အိန္ဒိယနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသဖြင့် တမူးနယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၉၅.၃၈၇ သန်းနှင့်သွင်းကုန် အမေရိကန်ဒေါ်လာ ၀.၉၉၀ သန်း တင်သွင်း နိုင်ခဲ့ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား (၅-၆)**

**တနင်္သာရီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၆,၇၃၅.၅၆ | ၁၆,၇၃၅.၅၆ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၁,၄၆၆ | ၁,၄၇၉ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၄,၀၆၈,၁၉၉.၄ | ၄,၄၆၄,၁၃၀.၁ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၃.၇ | ၃.၄ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၄၅.၇ | ၄၆.၄ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၄.၇ | ၂၂.၉ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၂၉.၆ | ၃၀.၇ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၃၁၁,၈၃၅.၃ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများ အရ ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည်နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၄၆၄,၁၃၀.၁ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၃.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများ အရ ၃.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၅-၂၃)

## တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း အပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ရေး ကဏ္ဍတို့သည် တိုးတက်မှုကို ပိုမိုရရှိစေခဲ့သည့် ကဏ္ဍများ ဖြစ်ပါသည်။

ဆီအုန်းစိုက်ကေများတိုးတက်လာပြီး အပင်ငယ်များ အသီးထွက်ကောင်းသောအရွယ်သို့ ရောက်ရှိလာသဖြင့် ဆီသီးခိုင်အထွက်ပိုမိုလာခြင်း၊ ရော်ဘာစက်ရုံများအား နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် ရော်ဘာစက်ရုံအဖြစ်ပြောင်းလဲခဲ့ခြင်းနှင့် ကြက်ပေါင်စေး ထုတ်လုပ်မှု ပိုမိုလာခြင်း၊ ငရုတ်ကောင်းမှာ သက်တမ်းတိုတိုနှင့် ဝင်ငွေများသောကြောင့် ပိုမိုစိုက်ပျိုးလာခြင်း၊ ကွမ်းသီးနှင့်ကွမ်းရွက်ဈေးကွက် ခိုင်မာလာခြင်းကြောင့် တောင်သူများ ပိုမိုစိုက်ပျိုးလာပြီး လယ်ယာကဏ္ဍ တိုးတက်ခဲ့ပါသည်။

ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်းများကို စနစ်တကျ ထိန်းသိမ်းမှုများ နှစ်စဉ်ဆောင်ရွက်ခဲ့သဖြင့် ငါးသယံဇာတများ ပိုမိုတည်ရှိလာပြီး ငါးထုတ်လုပ်မှုတိုးတက်လာခြင်း၊ ခေတ်မီ ရေငန်ပုစွန် မွေးမြူရေး ကန်များဖြင့် မွေးမြူထုတ်လုပ်ခြင်း၊ ရေပေါ်လှောင်အိမ်ဖြင့် ကျောက်ငါးနှင့် ကကတစ်ငါးများ မွေးမြူ ထုတ်လုပ်မှု များပြားလာခြင်းနှင့် ဂျင်းခရု မွေးမြူခြင်း လုပ်ငန်းများပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြိတ်မြို့နယ်စက်မှုဇုန်ရှိ ငါးအအေးခန်းလုပ်ငန်းနှင့် ငါးအမှုန့်ကြိတ်လုပ်ငန်းများ၊ စက်မှုဇုန်ပြင်ပရှိ ငါးအအေးခန်း၊ မုန့်မျိုးစုံ၊ ငါးအမှုန့်ကြိတ်၊ ဆား၊ သကြား၊ ယိုစုံ၊ မျှင်ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ မုန့်ဟင်းခါး လုပ်ငန်းများ၊ အထွေထွေစက်မှု လုပ်ငန်း၊ ဝပ်ရှော့လုပ်ငန်း၊ မော်တော်ဘုတ်(စက်လှေ) ပြင်ဆင်ခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

မြို့နယ်များတွင် ရပ်ကွက်၊ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ရောက်ရှိစေရန် ဆောင်ရွက်ခြင်း၊ ခေတ်စနစ်နှင့်လျော်ညီသော လျှပ်စစ်ပစ္စည်းများ အသုံးပြုလာခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုပိုမိုလာပါသည်။ ပုဂ္ဂလိက လျှပ်စစ်မီးလင်းပြီး ကျေးရွာ စုစုပေါင်း ၇၄၈ ရွာရှိပြီး၊ အသေးစားရေအားလျှပ်စစ်ဖြင့် ၄ ရွာ၊ ဇီဝလောင်စာ ဖြင့် ၁၄၄ ရွာ၊ ဒီဇယ်ဖြင့် ၄၅၈ ရွာနှင့် နေရောင်ခြည်ဖြင့် ၁၄၂ ရွာ ဖြစ်ပါသည်။

အထပ်မြင့် လူနေအဆောက်အအုံများ၊ မြိတ်မြို့တွင် Sea View Condo ဆိုင်ခန်းများ၊ ပင်လယ်နှင့် ဆက်စပ်နေသော အပိုင်းများ၌ ဇီဝဖိုးငှက်သိုက်မွေးမြူရန် အထပ်မြင့်အဆောက်အဦများနှင့် ကော့သောင်း မြို့အပန်းဖြေကျွန်းများပေါ်၌ ဟိုတယ်အဆောက်အဦများ ဆောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင် ဆက်သွယ်ရေးကွန်ယက်များတိုးချဲ့လာခြင်းနှင့် မြို့နယ်များ၏ ဝေးလံသောကျေးရွာ၊ ကျေးရွာခွဲများအထိ တယ်လီဖုန်း တာဝါတိုင်များ တည်ဆောက်ပြီးစီးသည့်အတွက် သုံးစွဲမှုများပြား လာခြင်း၊ ဆင်းကဒ်ဝန်ဆောင်မှုသည် 4G အဆင့်သို့ တိုးတက် ပြောင်းလဲလာသဖြင့် အင်တာနက်သုံးစွဲသူ များပိုမိုများပြားလာပါ သည်။

လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လာသဖြင့် ထားဝယ်မြို့တွင်ရှိသည့် ရှင်ကိုးရှင်ဘုရားများ၊ မောင်းမကန်ကမ်းခြေ၊ ဖိုးဖိုးကျောက်ကမ်းခြေနှင့် အခြားကမ်းခြေများ၊ မြိတ်နှင့် ကော့သောင်းမြို့တို့ရှိ ကျွန်းများသို့ အလည်အပတ်လာရောက်ခြင်း၊ ထီးခီးနှင့်ကန်ချနာပူရီ၊ မော်တောင်နှင့် ပရော့၊ ကော့သောင်း နှင့် ရနောင်းတို့အား ညီအစ်မမြို့များအဖြစ် ဆောင်ရွက်နေခြင်းတို့ကြောင့် ပြည်တွင်း၊ပြည်ပ ခရီးသွားများ ပိုမိုများပြားလာပါသည်။ အစီရင်ခံသည့်ကာလအတွင်း ပြည်တွင်း ခရီးသွားဦးရေ ၁၂၂,၃၈၂ ဦး နှင့် နယ်စပ် ဝင်ပေါက်မှ နေ့ချင်းပြန် ဝင်ရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားဦးရေ ၃၂၅,၅၇၇ ဦး တို့ ဝင်ရောက် ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးသည် ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး နယ်စပ်စခန်း(၄) ခု ဖြစ်သည့် မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ် ကုန်သွယ်ရေးစခန်း၊ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်း နှင့် မြိတ်ကုန်သွယ်ရေးစခန်းများမှ ကုန်စည်ကူးသန်းရောင်းဝယ်မှုများကို အရှိန်အဟုန်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်ရေးစခန်းများမှ လယ်ယာထွက်ကုန် ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သဘာဝဓာတ်ငွေ့နှင့် သစ်တောထွက်ပစ္စည်းများကို ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂,၇၇၆.၃၁၉ သန်း တင်ပို့ပြီး လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်း များနှင့် စက်နှင့်စက်ပစ္စည်း ကိရိယာများကို သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၈.၄၁၉ သန်း တင်သွင်းခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၏၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## တနင်္သာရီတိုင်းဒေသကြီး၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၅-၂၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၂၆)**

**တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း အပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

အာဆီယံနိုင်ငံများအတွင်း Tourism Performance များ မြင့်မားစွာယှဉ်ပြိုင်နိုင်ခြင်း၊ မြိတ်ကျွန်းစုအတွင်းရှိ ကျွန်းများသည် ကျွန်းစုများစွာ ဆက်စပ်တည်ရှိနေခြင်းနှင့် သဘာဝသယံဇာတ အလှအပ များ မြောက်များစွာ မပျက်မစီး တည်ရှိနေခြင်း၊ ကျွန်းများတွင် သဲသောင်တန်းများ သဘာဝအလျှောက်ရှိနေခြင်းတို့သည် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အားသာချက်များဖြစ်ပါသည်။ ထိုအားသာချက်သည် ပြည်တွင်း/ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်ပြီး နိုင်ငံခြားဝင်ငွေ ရရှိစေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေပါသည်။

## ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၅-၇)**

**ပဲခူးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ယာယီ |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၅,၂၁၄.၁၃ | ၁၅,၂၁၄.၁၃ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၄,၉၂၄ | ၄,၉၃၅ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၇,၄၇၂,၄၁၂.၁ | ၈,၁၁၃,၁၂၅.၁ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၃ | ၆.၄ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၉.၇ | ၂၈.၄ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၉.၈ | ၃၀.၂ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၀.၅ | ၄၁.၄ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပဲခူးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကိုနှစ်အလိုက်ဈေးနှုန်းများအရကျပ် ၈,၅၇၂,၃၁၆.၃ သန်းအကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၈ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၈,၁၁၃,၁၂၅.၁ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၇.၀ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၅-၂၇)**

**ပဲခူးတိုင်းဒေသကြီး၏၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပဲခူးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည် တိုးတက်မှုကို ပိုမိုရရှိစေခဲ့သည့်ကဏ္ဍများ ဖြစ်ပါသည်။

ဘောင်စနစ်ဖြင့်စံပြကွက်၊ မျိုးစေ့ထုတ်စံပြကွက်၊ SRI စံပြကွက်၊ Drum Seeder စံပြကွက်၊ စိုက်နည်းစနစ်စမ်းသပ်ကွက်၊ သီးနှံပုံစံစမ်းသပ်ကွက်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကြံသီးနှံစိုက်နည်းစနစ် ယှဉ်ပြိုင်စမ်းသပ်ကွက်၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ ကြံအထွက်တိုး နည်းပညာသုတေသန စမ်းသပ်ကွက်၊ အထူးအထွက်တိုးစံပြကွက်၊ ရာသီဥတုနှင့် ကိုက်ညီသုတေသန စမ်းသပ်ကွက်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်း ငါးကဏ္ဍ စည်းကမ်းတကျ တိုးတက်လာနိုင်စေရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ဂရန်အင်းမြေပုံများ ရေးဆွဲရေးလုပ်ငန်း၊ စပါး/ငါးတွဲဖက် စိုက်ပျိုးမွေးမြူရေးသုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ရေဘေးဖြစ်ပေါ်သည့် ဒေသများအတွက် သစ်ရောင်းချခြင်းကို ခွင့်ပြုခြင်းကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ထုတ်လုပ်မှု တိုးတက်လာခြင်းနှင့် ပုဂ္ဂလိကပိုင် စိုက်ခင်းမှ ကျွန်းနှင့်သစ်မာတိုင်/ကျွန်းနှင့် သစ်မာမျော၊ ထင်း၊ ဝါး၊ ဓနိသက်ငယ်နှင့် ပျားရည် ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

ပဲခူးမြို့နယ် ညောင်အင်းစက်မှုဇုန် နှင့်စက်မှုဇုန်ပြင်ပတို့တွင် ပုဂ္ဂလိကပိုင် အထည်ချုပ်စက်ရုံ၊ ဖိနပ်စက်ရုံများ၊ ဌွန်တန် အိမ်သုတ်ဆေးစက်ရုံနှင့် MYANMAR Hayabusa ငါးမျှားချိတ်စက်ရုံတို့မှ

ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပသို့တင်ပို့နိုင်ခဲ့သည့်အပြင် SUN STAR , Belle Maison Maple အထည်ချုပ်စက်ရုံ၊ ပရိဘောဂလုပ်ငန်းနှင့် ကျောက်စည်လုပ်ငန်းများမှ ကုန်ပစ္စည်းများကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ 5BB Broadband Myanmar Brodband Telecon(MBT) ဖိုင်ဘာအင်တာနက် တစ်လသုံး (Packet Switch) များကြောင့် ဆက်သွယ်ရေးဝင်ငွေ တိုးတက်လာခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှ BOT စနစ်ဖြင့် ရွှေသံလွင်ကုမ္ပဏီ၊ KBZ ကုမ္ပဏီနှင့် မက်(စ်)မြန်မာကုမ္ပဏီတို့မှ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် A&G Korea ကုမ္ပဏီမှ ဆောက်လုပ်ရေးသုံးပစ္စည်းစက်ရုံ၊ Zheng Bang ကုမ္ပဏီမှ ကြက်စာ/ဘဲစာစက်ရုံ၊ Diamond Mayson ကုမ္ပဏီမှ ဘီယာစက်ရုံ စသည့် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများ တိုးတက်ဆောက်လုပ်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ပဲခူးတိုင်းဒေသကြီး၏ နှစ်အလိုက် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၂၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၂၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပဲခူးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၃၀)

## ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပဲခူးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ပုဂ္ဂလိကဘဏ်များမှ ဝင်ငွေများတိုးလာခြင်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ချေးငွေများတိုးလာခြင်း၊ ငွေလွှဲလုပ်ငန်းမှ ဝင်ငွေများပြားလာခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ ချေးငွေ ရယူမှု များပြားလာခြင်းတို့ကြောင့် ငွေရေးကြေးရေးကဏ္ဍမှ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

ရှေးဟောင်းအမွေအနှစ်များရှိရာဟန်လင်း၊ ဗိဿနိုးနှင့် ပုဂံသို့သွားသောလမ်းနှင့် တစ်ဆက်တည်း ရှိခြင်း၊ တန်ခိုးကြီးဘုရားများနှင့် ကမ္ဘောဇသာဒီနန်းတော်တို့ တည်ရှိခြင်းတို့ကြောင့် ပြည်တွင်းပြည်ပနှင့် နိုင်ငံခြားသားခရီးသွားများ ဝင်ထွက်မှုများပြားသည့် တိုင်းဒေသကြီးဖြစ်ပါသည်။ လယ်ယာထွက်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများအား ပို့ဆောင်ပေးရာတွင် ကျေးရွာချင်းဆက်လမ်းများ မြို့နယ်ချင်း ဆက်လမ်းများ ပိုမိုကောင်းမွန်လာခြင်း၊ စက်မှုနယ်မြေများ ရှိခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုလာသည့်အပြင် ခရီးသွားဝင်ငွေ တိုးတက်လာခြင်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းတွင် တည်းခိုသူ များလာခြင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် ဝန်ဆောင်မှု လုပ်ငန်းများ၏ ဝင်ငွေများလည်း တိုးတက်လာ ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းတွင် ပြည်တွင်းခရီးသွား ၃.၈ သိန်းကျော်နှင့် ပြည်ပခရီးသွား ၁.၄ သိန်းကျော် ဝင်ရောက်ခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၅-၈)

မကွေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၇,၃၀၅.၃၂ | ၁၇,၃၀၅.၃၂ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၃,၉၄၀ | ၃,၉၃၇ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၇,၁၃၂,၃၀၂.၇ | ၇,၉၀၈,၂၃၄.၆ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | -၂.၄ | ၄.၀ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၄.၆ | ၂၀.၆ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၅.၇ | ၃၈.၃ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၉.၇ | ၄၁.၁ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၈,၆၄၅,၈၇၃.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှစက်တင်ဘာလကုန် (ယာယီ) အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၇,၉၀၈,၂၃၄.၆ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၅-၃၁)
## မကွေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့သည် တိုးတက်မှုကို ပိုမိုရရှိစေခဲ့သည့် ကဏ္ဍများ ဖြစ်ပါသည်။ ဆောင်းသီးနှံနှင့် မိုးသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၄၄,၂၉၇.၇ သန်း ထုတ်ချေး ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့်အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်များ ဖွံ့ဖြိုးတိုးတက်လာစေရန် မေထုံမှဲ့နည်းဖြင့် သားစပ်ခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး မွေးမြူရေးဆိုင်ရာသင်တန်းများ ပို့ချခဲ့ပါသည်။ ထင်းအစား အခြား လောင်စာသုံးစွဲခြင်းတွင် စွမ်းအားမြင့်မီးဖို ၁၃,၆၉၇ လုံး၊ လောင်စာတောင့် ၁,၁၀၇,၇၇၈ တုံး ဖြန့်ဝေ နိုင်ခဲ့ပါသည်။ သစ်တောထိန်းသိမ်းရေးလုပ်ငန်းတွင် စီးပွားရေးကျွန်းစိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်းနှင့် ကျေးရွာသုံး ထင်းစိုက်ခင်းတို့ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ရေနံစိမ်းထုတ်လုပ်သည့် တွင်းပေါင်း ၆၅၆ တွင်း တိုးလာခြင်းကြောင့် ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများမှ ကုန်ပစ္စည်းထုတ်လုပ်မှုများ တိုးတက် လာခြင်း၊ အထည်ချုပ်လုပ်ငန်း၊ သစ်အခြေခံအချောထည်လုပ်ငန်းမှ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခဲ့ ပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၃,၆၅၈ ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မင်းဘူးမြို့နယ်တွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံ ပထမအဆင့် ၄၀ မဂ္ဂါဝပ်ကို ၂၇.၆.၂၀၁၉ ရက်နေ့မှစ၍ လည်ပတ်နိုင်ခြင်းတို့ကြောင့် လျှပ်စစ် ပိုမို ထုတ်လုပ်သုံးစွဲနိုင်ခဲ့ပါသည်။

ကြီးအုံကြီး၀ ရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၏ ရေပိုလွှဲအကြီးစားပြုပြင်ခြင်းနှင့် အကူ ရေပိုလွှဲ တိုးချဲ့ခြင်းလုပ်ငန်း၊ တာတမံများ တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ Workshop (Steel Structure) (၁)လုံး၊ Rural Seedling Center (၁)လုံး၊ Rural Crop Drying Shed (၁) လုံး ဆောက်လုပ်ခြင်း၊ ကော်ဖီကြိတ်စက် သိုလှောင်ရုံနှင့် ကော်ဖီစေ့သိုလှောင်ရုံတို့ကို ဆောက်လုပ်ခဲ့ပါသည်။ မကွေးပြည်သူ့ဆေးရုံကြီး အဆင့် မြှင့်တင်ခြင်း၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ အခြေခံပညာဦးစီးဌာနမှ ကျောင်းဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော်- တောင်ညို- မြို့သစ်- ကံပြား- မကွေးလမ်း၊ နေပြည်တော် - တောင်ညို - ချောင်းနက်- တောင်တွင်းကြီးလမ်း၊ မကွေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့ ရာသီမရွေးသွားလာနိုင်ရန် မင်းဘူး- အမ်းလမ်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၊ I-KBZ အာမခံကုမ္ပဏီနှင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းများ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းများ၊ သမဝါယမဘဏ်များ၊ ပုဂ္ဂလိက အာမခံကုမ္ပဏီ၊ ပုဂ္ဂလိက အသေးစားငွေရေးကြေးရေး လုပ်ငန်းများ၊ စက်မှုဖွံ့ဖြိုးရေးဘဏ်၊ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်စသည်တို့၏ ဝင်ငွေများနှင့်အတိုးရငွေ များမှာ ၁၀.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ကလော-အောင်ပန်း-လွိုင်ကော်ခရီးစဉ်သစ်၊ မကွေး-ဂန့်ဂေါခရီးစဉ်များ တိုးချဲ့ပြေးဆွဲခဲ့သဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု တိုးတက်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းတွင် ပြည်တွင်းခရီးသွား ဦးရေ ၁၄၇,၀၁၀ ဦးနှင့် နိုင်ငံခြားခရီးသွားဦးရေ ၇,၁၇၆ ဦး ဝင်ရောက်ခဲ့ပါသည်။ သမိုင်းဝင်ဒေသများသို့ ပြည်တွင်းပြည်ပမှ ဧည့်သည်များဝင်ရောက်လာခြင်းကြောင့် ခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်လာခြင်း နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်၊ ရိုးရာလက်မှုပစ္စည်းအရောင်းဆိုင် စသည့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## မကွေးတိုင်းဒေသကြီး၏ နှစ်အလိုက် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၅-၃၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

မကွေးတိုင်းဒေသကြီး၏၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ(၅-၃၄)

### မကွေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်အရ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေနှင့် ယူနီဆက်တို့ ပူးပေါင်း၍ ကျေးရွာ ၁၇၂ ရွာ၏ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ် ၂၃ မြို့နယ်တွင် မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားပြီး၊ စေတုတ္တရာမြို့နယ်တွင် မုန်းချောင်းရေအား ချောင်းရေတင်စနစ်ဖြင့် ရေရယူသုံးစွဲခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ဒီဇယ်ဖြင့် မီးလင်းသည့် ကျေးရွာ ၁,၂၅၁ ရွာ၊ ရေအားဖြင့် မီးလင်းသည့်ကျေးရွာ ၄၆ ရွာ၊ စပါးခွံမီးစက်ဖြင့် မီးလင်းသည့် ကျေးရွာ ၁၄ ရွာ၊ နေရောင်ခြည်စွမ်းအင်ဖြင့် မီးလင်းသည့်ကျေးရွာ ၄၈၄ ရွာ၊ လျှပ်စစ်ဓာတ်အားဖြင့် မီးလင်းသည့် ကျေးရွာ ၁,၀၁၂ ရွာ မီးလင်းပြီး ဖြစ်ရာ ကျေးရွာစုစုပေါင်း ၄,၇၉၀ ရွာအနက် ၂,၈၀၇ ရွာ မီးလင်းပြီး ဖြစ်သဖြင့် ကျေးရွာစုစုပေါင်း၏ ၅၈.၆ ရာခိုင်နှုန်း မီးလင်းပြီး ဖြစ်ပါသည်။

## မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၅-၉)**

**မန္တလေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၁,၈၂၅.၈၅ | ၁၁,၈၂၅.၈၅ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၆,၄၁၉ | ၆,၄၇၈ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁၀,၀၄၆,၃၄၃.၀ | ၁၁,၂၆၆,၂၇၃.၀ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၃ | ၅.၉ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၈.၃ | ၁၆.၈ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၇.၅ | ၃၈.၂ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၄.၂ | ၄၅.၀ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၁,၄၂၁,၄၀၃.၈ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၈.၁ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၁၁,၂၆၆,၂၇၃.၀ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၈.၆ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၅-၃၅)

## မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည် တိုးတက်မှုကို တွန်းအားပေးသည့်ကဏ္ဍများ ဖြစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် FAO၊ JICA၊ UNDP၊ KOICA၊ Newzealand စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မျိုးမြှင့်တင်ရေးလုပ်ငန်းများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၊ ပျားလုပ်ငန်းဌာနအနေဖြင့် တိုးတက်ကောင်းမွန်သောနည်းပညာများဖြန့်ဖြူးပေးခြင်း၊ စိန်တလုံးစိုက်ခင်းများ၊ ကြက်သွန်နီစိုက်ခင်းများ၊ နဂါးမောက် စိုက်ခင်းများတွင် ပျားများဖြင့် ဝတ်မှုန်ကူးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

ပဝတ္တိမျိုးဆက်ဆောင်ရွက်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းနှင့် လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပူးပေါင်း လုပ်ကိုင်ပြီး ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရေးတို့အတွက် MSME Member များအား ဒေသတူ၊ လုပ်ငန်းအမျိုးအစားတူသည့် MSME Cluster များအဖြစ် ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများအား MSME Member Card ၁,၁၄၇ ဦးအားထုတ်ပေးခဲ့ခြင်း၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းရှင်ဦးရေ ၅၀ ဦးအားဘဏ်ချေးငွေများကို ထုတ်ချေးပေးခဲ့ခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့ပါသည်။ စက်မှုဇုန်များနှင့် ဇုန်ပြင်ပများတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၁၇ ခု တိုးခဲ့ရင်းနှီးမြှုပ်နှံလာခြင်း၊ ပြည်ပဝယ်လိုအားကြောင့်

ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများ ပိုမိုလုပ်ကိုင်လာခြင်း၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

ကျောက်ဆည်မြို့နယ်ရှိ ဘဲလင်းဓာတ်အားခွဲရုံအတွင်း သဘာဝဓာတ်ငွေ့ အင်ဂျင်သုံး ၁၄၅ မဂ္ဂါဝပ် Rental ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ စီးပွားဖြစ် စတင်လည်ပတ်ခဲ့ပါသည်။ JICA ချေးငွေဖြင့် ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ညောင်မြင့်ဓာတ်အားခွဲရုံ ၁ ရုံ၊ စွယ်တော်ဓာတ်အားခွဲရုံ ၁ ရုံနှင့် စက်မှုဇုန်ဓာတ်အားခွဲရုံ ၁ ရုံ၊ စုစုပေါင်းဓာတ်အားခွဲရုံ ၃ ရုံ တည်ဆောက်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း (NEP) ကို အကောင်အထည်ဖော်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၃၉၀ ရွာ၌ လျှပ်စစ် ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်း ၄၂၁.၃၉၆ မိုင်၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ၄၀၁ လုံး တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံအသစ် တည်ဆောက်ခြင်း၊ ဝန်အားတိုးမြှင့်ခြင်းနှင့် အစားထိုးပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်း၊ ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား/သူ (၄၀၀) ဆံ့ Lecturer Theater စာသင်ဆောင်နှင့် ဘက်စုံသုံးခန်းမ RC (၄) ထပ်ဆောင် ဆောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ၊ သူနာပြုသင်တန်းကျောင်း(၅)ထပ်ခန်းမ၊ စာကြည့်တိုက်၊ လက်တွေ့ခန်း၊ သရုပ်ပြခန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ သူနာပြုတက္ကသိုလ် စာသင်ဆောင်တို့ကို ဆောက်လုပ်ခဲ့ပါသည်။ JICA အစီအစဉ်ဖြင့် မန္တလေးမြို့တော် ရေပေးဝေရေးစနစ် အဆင့်မြှင့်တင်မှု စီမံကိန်းများ၊ လမ်းနှင့်တံတားများဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဆည်မြောင်းတာတမံများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ပုဂ္ဂလိကအခန်းတွင် Oriental Highway Co.Ltd မှ BOT စနစ်ဖြင့် ပြင်ဦးလွင်-မန္တလေး (၄) လမ်းသွားတိုးချဲ့ခြင်း၊ မင်္ဂလာမန္တလေးစီမံကိန်း၊ နန်းဦးလွင်အိမ်ရာ၊ Mandalay City Apartment Complex တန်ဖိုးသင့်အိမ်ရာတည်ဆောက်ခြင်း၊ စည်ပင်သာယာရေးနှင့် ပုဂ္ဂလိကပူးပေါင်း၍ ကိုယ်ထူကိုယ်ထလမ်းများအားကတ္တရာခင်းခြင်း၊ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် မန္တလေးဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ရေကြောင်းပို့ဆောင်ရေးတွင် အကောင်အထည်ဖော်မှု လျော့နည်းခဲ့သော်လည်း၊ ကုန်စည်ပို့ဆောင်ရာတွင် ရထားပို့ဆောင်ရေးကို အသုံးပြုခြင်း၊ မော်တော်ယာဉ်ဖြင့် ပို့ဆောင်မှုပိုမို မြင့်မားလာခြင်း၊ ပုဂ္ဂလိကမော်တော်ယာဉ် (Express) လိုင်းများဖြင့် ရုံး/ကျောင်းပိတ်ရက်ကာလများတွင် ဘုရားဖူးခရီးနှင့် ပြည်တွင်းခရီးသွားလာမှု ပိုမိုများပြားလာခြင်း၊ မြို့တွင်းသွား သုံးဘီးယာဉ်များ ပိုမိုများပြားလာခြင်း၊ လျှပ်စစ်စက်ဘီး ငှားရမ်းလည်ပတ်မှု တိုးမြင့်လာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍ တိုးတက်ခဲ့ပါသည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် INGO ၃ ဖွဲ့၊ NGO ၃ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၁၈ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၃၃ ဖွဲ့ နှင့် အသေးစားငွေချေးလုပ်ငန်းများမှ BG Microfinance ၊ JB Capital Myanmar Shinn Han Microfinance ၊ Alliance နှင့် ဖူလ်တန်မြန်မာတို့အပါအဝင် ကုမ္ပဏီ ၅၉ ခုမှ ငွေစုငွေချေးဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

**မန္တလေးတိုင်းဒေသကြီး၏ နှစ်အလိုက် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅–၃၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅–၃၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်–

**ပုံ(၅-၃၈)**

**မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ) အထိကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

မန္တလေးမြို့အား Smart City ဖြစ်နေစေရန်နှင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ အစဉ်ဖွံ့ဖြိုးတိုးတက်နေစေရန် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေး အစီအစဉ်ဖြင့် ဒေသနှင့်ပြည်သူလိုအပ်ချက်များနှင့်အညီ ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုကောင်းသောနေရာ များစွာရှိသည့်အတွက် ပြည်တွင်းခရီးသွားဦးရေ ၁.၁၄ သန်း ကျော်နှင့် ပြည်ပခရီးသွားဦးရေ ၁.၀၁ သန်း ကျော်ဝင်ရောက်ခဲ့ပါသဖြင့်ခရီးသွားဝန်ဆောင်မှုကို တိုးတက်စေသည့်အပြင် ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင် လုပ်ငန်းများ၊ နိုင်ငံခြားဧည့်ကြို/စကားပြန် လုပ်ငန်းများ၏ ဝင်ငွေများတိုးတက်ခဲ့ပါသည်။

## မွန်ပြည်နယ်

မွန်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၅-၁၀)

မွန်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၄,၇၄၇.၇၆ | ၄,၇၄၇.၇၆ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၂၀၀၆ | ၁၉၉၅ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၃,၇၆၁,၂၄၇.၇ | ၄,၂၅၀,၇၆၇.၈ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၅ | ၈.၃ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(%) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၇.၆ | ၂၅.၈ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၂.၂ | ၃၃.၁ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၀.၂ | ၄၁.၁ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၁၈၈,၂၉၁.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်း များအရ ၆.၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၂၅၀,၇၆၇.၈ သန်း ရရှိခဲ့ သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၈.၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

## ပုံ(၅-၃၉)

## မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်စျေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့သည် အခြားကဏ္ဍတို့ထက် ပိုမိုအကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတွင် ရော်ဘာပင်အိုများနေရာတွင် အထွက်ကောင်းမျိုးသန့်ပင်များကို အစားထိုး ပြန်လည်စိုက်ပျိုးထားခဲ့ရာ ပင်ပျိုများအဖြစ်သို့ ရောက်ရှိပြီး အထွက်တိုးတက်ခဲ့ပါသည်။ စျေးကွက်ဝယ်လိုအားကြောင့် မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်းနှင့် နေကြာ စသည့် သီးနှံများ ပိုမို စိုက်ပျိုးပြီး အထွက်တိုးတက်ခဲ့ပါသည်။ စပါးနှင့်ပဲမျိုးစုံတို့အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ကျပ်သန်း ၄၈,၉၂၀.၃၅ ထုတ်ချေးပေးခြင်း၊ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း ၁၈ ဖွဲ့က ပြည်နယ်အတွင်းမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် ချေးငွေ များထုတ်ချေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ပြည်နယ်အတွင်းရှိ ဆည်မြောင်းတာတမံ ပြုပြင်ခြင်းလုပ်ငန်းများ ၃၃ ခုဆောင်ရွက်ပေးခဲ့ပါသည်။

မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာဆောင်ရွက်မှုအနေဖြင့် ဒေသမျိုးရင်းနွား ၇၁ ကောင် နှင့် ဝက် ၁၆ ကောင် ဖြန့်ဖြူးပေးခြင်း၊ နို့ပေါင်းစက်အခြေပြုမြို့နယ်များတွင် မျိုးကောင်းမျိုးသန့်နို့စားနွားမ ကောင်ရေ ၃၀ နှင့် ဆိတ်ကောင်ရေ ၃၀၀ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ခရမ့်ရာဘာနှင့် ရေထွက်ပစ္စည်းများကို ကုန်ချောထုတ်လုပ်ပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဇန်ပြင်ပထုတ်လုပ်မများအနေဖြင့် တည်ဆောက်ရေး လုပ်ငန်း

သုံးပစ္စည်းများ ဖြစ်သော လက်အုတ်/စက်အုတ်၊ ဘိလပ်မြေ၊ အိမ်တိုင်ကွန်ကရစ်ဖိနပ်၊ ဝါးနှင့်ဆက်နွယ်သည့် ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းတို့မှ ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ အသေးစား၊ အငယ်စား၊ အလတ်စားနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်ခဲ့ သဖြင့် ကုန်စည်ပြပွဲများ/ပြိုင်ပွဲများ ကျင်းပနိုင်ပြီး နည်းပညာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ ဒေသတွင်း ကုန်ထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများအကြား ချိတ်ဆက်မှုများ ပိုမိုရရှိလာခဲ့ပါသည်။

လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက မော်လမြိုင်–မြဝတီဓာတ်အားလိုင်းဆောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက မြို့နယ်များတွင် ဓာတ်အားလိုင်းနှင့် ခွဲရုံ ၆၀ ရုံ တို့ကို တည်ဆောက်နိုင်ခဲ့ပါသည်။ ထရန်စဖော်မာများအား မြို့နယ်များအလိုက် တိုးချဲ့တပ်ဆင်ခြင်း၊11 KVA လိုင်းဖီဒါအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ 11 KVA ကောင်းကင်ဓာတ်အားလိုင်းများအား ၁၀ မီတာ ကွန်ကရစ်တိုင်များဖြင့် အစားထိုးတည်ဆောက်ခြင်း၊ ဆွေးမြေ့တိုင်များအား ကွန်ကရစ်တိုင်များဖြင့်လည်းကောင်း၊ စံချိန်စံညွှန်းမမီသောကြိုးများအား Insulated Cable ဖြင့်လည်းကောင်း အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ပေးခြင်းတို့ကြောင့် မီးမရရှိသေးသော ကျေးလက်ဒေသများအထိ မီးလင်းနိုင်ခဲ့ပါသည်။ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ကျေးရွာ ၂၇၀ ရွာတွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် လမ်းဦးစီးဌာနက မုဒုံ– မြဝတီလမ်း၊ တရနာ–ဘုရားကုန်းလမ်း၊ ကလွီ–ရွာလွတ်–ချောင်းဆုံ–နတ်မှော်လမ်း၊ ချောင်းဆုံ–သကြော–မုဒွန်း – ဒေါင်းဥလမ်း၊ ရန်ကုန် – မော်လမြိုင် – ရေး–ထားဝယ် – မြိတ်လမ်း၊ သံဖြူဇရပ် –ကျိုက္ခမီလမ်း၊ ကျိုက်ထို – ကင်မွန်းစခန်းလမ်း၊ သဲဖြူချောင်း – တောင်စွန်းလမ်း၊သိမ်ဆိပ် –ဝီယော် – လေးကေလမ်း၊ ဘီးလင်း–ဇုတ်သုတ်–ဝင်းက–ယက္ကန်းသည်မ–ကျိုက်ထိုလမ်း၊ တောင်ငူ(အလည်မြောင်)–ကျောက်ကြီး–စစ်တောင်း–သိမ်ဇရပ်လမ်း၊ နတ်ကြီး – မဲနသန် – မြစ်ကျိုးလမ်း၊ ဖြူဘ–သဲအိမ်–မုတ္တမလမ်းစသည့် လမ်း/တံတားများ ဆောက်လုပ်ပြုပြင်ခြင်း၊ တံတားဦးစီးဌာနက စံပယ်ဂူတံတားတည်ဆောက်ခြင်းလုပ်ငန်းများ၊ ဆည်မြောင်းဦးစီးဌာနက ပြည်နယ်အတွင်းရှိ ဆည်မြောင်းတာတမံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ချောင်းတူးမြောင်းတူးလုပ်ငန်းများစသည်တို့ကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မော်လမြိုင်ကျိုက်သလွံဘုရားကုန်းတော် ပြန်လည်ပြုပြင်ခြင်း၊ မဟာမြတ်မုနိဘုရားကုန်းတော်သို့ ဓါတ်လှေကားတပ်ဆင်ခြင်း၊ Neo More အားကစားကွင်းကစားစရာနေရာများ ထပ်မံတိုးချဲ့ခြင်း၊ မော်လမြိုင်စက်ရုံစုတွင် ကွန်ကရစ်ဖျော်စက်ရုံဆောက်လုပ်ခြင်းတို့ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ထို့အပြင် UNDP အစီအစဉ်ဖြင့် ဘီးလင်း၊ ကျိုက်ထိုမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင် ကျောင်းဆောင်သစ်နှင့် အိမ်သာများတည်ဆောက်ခြင်း၊ စာရေးခုံနှင့် ထိုင်ခုံများ ဝယ်ယူပေးခြင်း၊ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်

ပေးခြင်း၊ ကျေးလက်တံတားများ တည်ဆောက်ပေးခြင်း၊ လျှပ်စစ်ခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ပေးခြင်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကျိုက်ထီးရိုးဘုရား၊ ဘီးလင်းမဲလံ ဆံတော်ရှင်၊ သထုံမြသပိတ်ဘုရား၊ မုဒုံဝင်းစိန်တောရ၊ သံဖြူဇရပ်မြို့နယ်ရှိ သေမင်းတမန် ရထားလမ်းပြတိုက်၊ ကျိုက္ခမီ-စက်စဲကမ်းခြေ၊ ရေးမြို့နယ် လမိုင်းကော့ဒွတ်ကမ်းခြေ၊ ခေါဇာရိုကဗျာဝ ကမ်းခြေ စသည့်နေရာများသို့ ခရီးသွားများလာရောက် လည်ပတ်မှုများပြားခဲ့ပါသည်။ ခရီးသွားဦးရေ အနေဖြင့် ပြည်တွင်းခရီးသွား ၂၃၉,၅၂၀ ဦးနှင့် ပြည်ပခရီးသွား ၉၉,၀၀၉ ဦးတို့ လာရောက်လည်ပတ်ခဲ့ပြီး စုစုပေါင်းခရီးသွားဦးရေမှာ ယခင်နှစ်ထက် ၁.၁ သိန်းကျော် တိုးတက်ခဲ့ခြင်းကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းများဖြစ်သည့် ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များလည်း ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။

မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

**မွန်ပြည်နယ်၏နှစ်အလိုက်အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၄၀) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၄၁) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး

မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၄၂)**

**မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး

ပြည်သူများသွားလာမှု လွယ်ကူစေရေးအတွက် လမ်းများတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အထောက်အကူပြု အဆောက်အအုံများ၊ ရေလမ်းကြောင်းသောင်တူးဖော်ခြင်းနှင့် ဆိပ်ကမ်းနယ်မြေအတွင်းသို့ဘေးအန္တရာယ် ကင်းရှင်းစွာဝင်/ထွက် သွားလာနိုင်ရေးအတွက် ဖော်ယာများပြောင်းရွှေ့ခြင်း၊ ရေကြောင်းတိုင်းတာမှုများနှင့် အခြားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၅-၁၁)**

**ရခိုင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၄,၂၀၀.၀၈ | ၁၄,၂၀၀.၀၈ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၃,၃၀၈ | ၃,၃၂၅ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၃,၉၄၁,၈၈၇.၈ | ၄,၆၄၈,၇၁၀.၄ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၀ | ၆.၂ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၈.၃ | ၁၆.၆ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၄၂.၈ | ၄၆.၁ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၈.၉ | ၃၇.၃ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၄,၄၃၁,၂၉၈.၁ သန်းအကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၂.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၆၄၈,၇၁၀.၄ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၄.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၅-၄၃)

## ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်စျေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည် တိုးတက်မှုကို ရရှိစေသည့် ကဏ္ဍများဖြစ်ပါသည်။ အခြားကဏ္ဍများသည် ပုံမှန်တိုးတက်ခဲ့သော်လည်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ၂၅.၅ ရာခိုင်နှုန်းပါဝင်သည့် စွမ်းအင်ကဏ္ဍသည် ၁၁.၃ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါသည်။

သားငါးကဏ္ဍတွင် မွေးမြူသူဦးရေနှင့် မွေးမြူသည့်ကောင်ရေ၊ တိရစ္ဆာန်အမျိုးအစားအလိုက် တိုးတက်လာခြင်း၊ ဂဏန်းပျော့များမွေးမြူထုတ်လုပ်လာနိုင်ခြင်း၊ တိရစ္ဆာန်ရောဂါမဖြစ်ပွားစေရေးအတွက် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မွေးမြူရေးပုစွန်နှင့် ရေငန်ငါးထုတ်လုပ်မှုတွင် သဘာဝ သားပေါက်ဝင်ရောက်လာခြင်းကို တာရိုးဆည်ဖို့ပိတ်လှောင်မွေးမြူသည့်စနစ် (Trap and Hold) မှ သားပေါက်ထည့်သွင်းမွေးမြူသည့်စနစ် (Extensive Plus System)သို့ အသွင်ပြောင်းလဲ မွေးမြူလာနိုင်ခဲ့ပါသည်။

ရွှေသဘာဝဓာတ်ငွေ့မြေမှ တရုတ်နိုင်ငံအတွင်းသို့ သွယ်တန်းထားသော သဘာဝဓာတ်ငွေ့ ပိုက်လိုင်းပျက်စီးမှုကြောင့် ဝယ်ယူမှုလျော့နည်းသွားခဲ့သော်လည်း ယခုနှစ်တွင် ပိုက်လိုင်းပြုပြင်ပြီးနောက် ကုဗပေသန်းပေါင်း ၂၆,၆၄၄ ပိုမိုဝယ်ယူခဲ့သောကြောင့် စွမ်းအင်ကဏ္ဍ တိုးတက်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့်ပတ်သက်၍ မြို့နယ်များတွင် ထရန်စဖော်မာများတိုးချဲ့ တပ်ဆင်လာနိုင်ခြင်း၊ လျှပ်စစ်မီးသုံးစွဲသူဦးရေ များပြားလာခြင်း၊ ဓာတ်အားလိုင်းမရရှိသေးသော ကျေးရွာများတွင် ဆိုလာမီးသုံးစွဲခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများမှလည်း ဒီဇယ်၊ စပါးခွံလောင်စာ၊ နေရောင်ခြည်သုံး

စွမ်းအင်တို့ဖြင့် အချိန်ပိုင်းမီးပေးဝေခြင်းတို့ကြောင့် အစီရင်ခံသည့် ကာလအတွင်း စုစုပေါင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီထောင်ပေါင်း ၃၂၇,၅၁၂ သုံးစွဲနိုင်ခဲ့ပြီး ကျေးရွာ ၂,၀၀၃ ရွာမီးလင်းပြီးဖြစ်ပါသည်။

မာန်အောင်မြို့နယ် ဇီးတောကျေးရွာတွင် အုန်းသီးမှုကုန်ချော ထုတ်လုပ်နိုင်ရန် စက်ရုံတစ်ခု တည်ဆောက်လျက်ရှိပါသည်။ ဆောက်လုပ်မှုကဏ္ဍတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်း၊ ကင်းချောင်းတံတား၊ တန်ဖိုးနည်းအိမ်ရာများ၊ ရေငန်တားတာ၊ ကွန်ကရစ်ရေတံခါးပေါက်၊ လျှိုပိတ်ဆည်၊ ဂါလံ ၁၀,၀၀၀ ဆန့် ရေလှောင်ကန်၊ ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေချိုရရှိရေးလုပ်ငန်းများ၊ လယ်သမားတာ (ကာရီ) တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပုစွန်ကန်များတူးဖော်ခြင်း၊ မေယု ဈေးဟောင်းတွင် (MAYYU SHOPPING COMPLEX) တည်ဆောက်ခြင်းလုပ်ငန်းများ၊ သူငွေးချောင်း ရေအားလျှပ်စစ် စီမံကိန်းမှ ပင်မရေလှောင်တမံနှင့် ရေလွှဲဥမှင်လိုဏ်အထွက်လမ်း တည်ဆောက်ခြင်း၊ ရေယူအဆောက်အအုံ မြေကြီးကျောက်သားတူးဖော်ခြင်း၊ တမံအောက်ခြေ မြေကြီးကျောက်သား တူးဖော်ခြင်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ MYTEL ကုမ္ပဏီမှ မြို့နယ်များတွင် တာဝါတိုင် ၂၀ ကျော်တည်ဆောက်ခဲ့ပါသည်။

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများသည် ကုန်စည်နှင့်ခရီးသည် ပို့ဆောင်မှုပိုမိုလာခြင်း၊ ပုဂ္ဂလိကလေကြောင်းလိုင်းများသည် ရက်သတ္တတစ်ပတ်လျှင် (၃) ရက်မှ (၄)ရက် ပြေးဆွဲလျက်ရှိခြင်း၊ ယခင်နှစ်များထက် ပြေးဆွဲမှု ခရီးစဉ်အကြိမ်ရေ ပိုမိုတိုးမြင့်လာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍဝင်ငွေ တိုးတက်ခဲ့ပါသည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ) ဆိပ်ကမ်းများမှ ပို့ကုန်မက်ထရစ်တန်ပေါင်း ၆၅,၄၄၃ တန်နှင့် သွင်းကုန်မက်ထရစ်တန်ပေါင်း ၄၈၅,၀၄၂ တန်များမှ ဝင်ငွေများရရှိခဲ့ပါသည်။

မြန်မာ့အာမခံလုပ်ငန်းတွင် အဓိကလုပ်ငန်း အမျိုးအစား (၅) မျိုးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမငွေစုငွေချေး၊ အသေးစားချေးငွေများထုတ်ချေးပေးရာတွင် အဓိကအားဖြင့် China EXIM Bank ချေးငွေများဖြင့် စိုက်ပျိုးရေးသမဝါယမအသင်းများနှင့် မွေးမြူရေးသမဝါယမအသင်းများသို့ ချေးငွေများ တိုးချဲ့ထုတ်ချေးပေးလျက် ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းရာသီစိုက်ပျိုး စရိတ်ချေးငွေ ကျပ် ၃,၁၇၃.၇ သန်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၇၉,၈၅၇.၆ သန်း၊ JICA Two Step Loan ချေးငွေနှင့် MEB Two Step Loan ချေးငွေများကိုလည်း ထုတ်ချေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်များ ပိုမိုများပြားလာသည့်အပြင် Mobile Banking စနစ်ဖြင့် ဆောင်ရွက်လာနိုင်ခြင်းကြောင့် ဘဏ်ငွေလွှဲလုပ်ငန်းများ တိုးတက်ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ရခိုင်ပြည်နယ်၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၄၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၄၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး

ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၄၆)**

**ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး

တောင်ကုတ်ဒီဂရီကောလိပ်တွင် ၃ ထပ်စာသင်ဆောင်ဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများအတွက် နေအိမ်အဆောင်သစ်ဆောက်လုပ်ခြင်း၊ မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း၊ ကွင်းပတ်ပြေးလမ်းအပါအဝင် ဘောလုံးကွင်းပြုလုပ်ခြင်း၊ စစ်တွေမြို့နယ်နှင့်ဂွမြို့နယ်ရှိ စက်မှုလက်မှုအထက်တန်းကျောင်းတွင် စာသင်ဆောင်များ၊ ကျောင်းသားအဆောင်များ၊ အလုပ်ရုံ ၁ ထပ်ဆောင်၊ ရေလှောင်ကန်၊ ကျောင်းခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ တောင်ကုတ်မြို့နယ် ကုတင် ၁၀၀ ဆံ့ဆေးရုံအတွက် ဆေးရုံအဆောက်အဦ၊ လူနာဆောင်၊ ဝန်ထမ်းနေအိမ်များ၊ ကျေးလက် ကျန်းမာရေးဌာန/ဌာနခွဲများ တည်ဆောက်နိုင်ခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**

ရန်ကုန်တိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၅-၁၂)**

**ရန်ကုန်တိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၃,၉၆၇.၈၆ | ၃,၉၆၇.၈၆ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၈,၀၂၅ | ၈,၂၀၄ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၂၂,၉၆၆,၄၀၁.၅ | ၂၆,၅၉၁,၉၂၁.၇ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၉.၈ | ၉.၃ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၄.၅ | ၄.၂ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၄၈.၈ | ၄၉.၃ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၆.၇ | ၄၆.၅ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၇,၁၄၂,၉၀၇.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၉.၈ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၆,၅၉၁,၉၂၁.၇ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၈.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၉.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၅-၄၇)

## ရန်ကုန်တိုင်းဒေသကြီး၏၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည် အခြားကဏ္ဍများထက် ပိုမိုအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် လျှပ်စစ်ပစ္စည်းနှင့် အပိုပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်သုံးပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်း၊ စက်မှုလုပ်ငန်းသုံးဂတ်(စ်) ထုတ်လုပ်သည့်လုပ်ငန်း၊ ဓာတ်မြေသြဇာထုတ်လုပ်သည့်လုပ်ငန်း စသည့်စက်ရုံများမှ ကုန်ပစ္စည်းများ ထုတ်လုပ်နေပြီဖြစ်ပါသည်။ စက်မှုဇုန်များနှင့် စက်မှုဇုန်ပြင်ပမှ စားသောက်ကုန်ထုတ်လုပ်ခြင်း၊ အထည်ချုပ်လုပ်ငန်းများ၊ စာရေးကိရိယာထုတ်လုပ်ခြင်းများနှင့် ငါးအသားလွှာအေးခဲလုပ်ငန်းများ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

မြောက်ဥက္ကလာပဆေးရုံကြီးတွင် OG & SCUB Complex (၆)ထပ် အဆောက်အဦ၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံတွင် (၄) ထပ် ဆေးရုံသစ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)တွင် စာသင်ဆောင်(၂)ထပ် ဆောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ အဆင့်မြင့် အိမ်ရာစီမံကိန်းများအနေဖြင့် ဒဂုံမြို့နယ်တွင် Y (Yangon)Complex Project ၊ ရန်ကင်းမြို့နယ် အိုးအိမ်ဝင်းအတွင်း Sky Suite ကွန်ဒို၊ Kanbe Tower အဆောက်အဦတို့ကို ဆောက်လုပ်လျက်ရှိပါသည်။ မင်္ဂလာဒုံမြို့နယ် ပုလဲဥယျာဉ်အိမ်ရာစီမံကိန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်း Atrium Condominium Project ၊ တောင်ဥက္ကလာပမြို့နယ် Inno City ဆောက်လုပ်ခြင်း၊ ကမာရွတ်မြို့နယ်တွင်

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် Crown Advanced Construction Co., Ltd တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Time City Project လုပ်ငန်းနှင့် လှည်းကူးမြို့နယ်တွင် Eco Green City စီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်း၊ ကျောက်တန်း-သီလဝါစက်မှုဇုန်အနီး တန်ဖိုးနည်းအိမ်ရာ စီမံကိန်း၏ Infrastructure လုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန် - ဒလ ဆက်သွယ်မည့် ကိုးရီးယား - မြန်မာ ချစ်ကြည်ရေးတံတားစီမံကိန်းတွင် ချဉ်းကပ်လမ်းများ စတင်တည်ဆောက်နေပြီ ဖြစ်ပါသည်။ ပြီးစီးသွားပါက ဒလမှရန်ကုန်သို့ လွယ်ကူလျင်မြန်စွာ သွားရောက်နိုင်မည် ဖြစ်ပါသည်။ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)ကို ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် စတင်တည်ဆောက်လျက်ရှိပြီး အဆိုပါလုပ်ငန်း ပြီးစီးပါက သန်လျင်တံတားအဟောင်းပေါ်တွင် ကားလမ်းပိတ်ဆို့မှုကို လျှော့ချပေးနိုင်မည် ဖြစ်ပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် အများပြည်သူသယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းစနစ် Yangon Bus Service (YBS) ကို ယာဉ်လိုင်းပေါင်း ၁၀၀ ခန့်၊ ယာဉ်စီးရေ ၆၇၀၀ ကျော်တို့ဖြင့် ပို့ဆောင်ပေးလျက်ရှိပါသည်။

စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ဆောင်းသီးနှံနှင့် မိုးကြိုသီးနှံချေးငွေ ကျပ် ၁၂၉,၇၃၁.၅၅ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ မြို့နယ် ၈ မြို့နယ်ရှိတောင်သူ ၁၄၀ ဦးသို့ JICA Two Step Loan ဖွံ့ဖြိုးရေး ချေးငွေဖြင့် လယ်ယာသုံးစက်ကိရိယာဝယ်ယူရန်အတွက် (၅)နှစ် သက်တမ်းဖြင့် (၅)ရစ် ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ ခေတ်မီစိုက်ပျိုးနည်းပညာသစ်များကို လေ့လာနိုင်စေရန် ရည်ရွယ်၍ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများကို တောင်ပိုင်းခရိုင်အတွင်း ကျေးရွာ ၈ ရွာနှင့် မြောက်ပိုင်းခရိုင်အတွင်း ကျေးရွာ ၅ ရွာ၊ စုစုပေါင်း ၁၃ ရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၃၀၉ ရွာ၌ အရင်းမပျောက် လည်ပတ်ရန်ပံ့ငွေ မတည်ပေးနိုင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းတွင် နိုင်ငံခြားခရီးသွားဧည့်သည် ဦးရေ ၁.၂၉ သန်းကျော် ဝင်ရောက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ရန်ကုန်တိုင်းဒေသကြီး၏ နှစ်အလိုက် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၅-၄၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၄၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၅၀)**

**ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ) အထိကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

သီလဝါ အထူးစီးပွားရေးဇုန်တွင် စီးပွားဖြစ် လုပ်ငန်းစတင်လည်ပတ်လုပ်ကိုင်ခွင့် ခွင့်ပြုမိန့် ၇၆ ခု ထုတ်ပေးပြီးဖြစ်ပြီး အမြဲတမ်းအလုပ်သမား ၉,၉၆၈ ဦး ခန့်ထားနိုင်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် လုပ်ငန်းဦးရေ ၇,၃၁၃ ခု မှတ်ပုံတင်နိုင်ခဲ့ပါသည်။ ဆောက်လုပ်မှုကဏ္ဍတွင် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများဆောက်လုပ်ခြင်း၊ မြို့နယ်တွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ကျေးလက်လမ်းများနှင့် တံတားများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ လျှပ်စစ်ကဏ္ဍတွင် တိုင်းဒေသကြီးအတွင်းရှိ ရွာပေါင်း ၂,၁၄၃ ရွာရှိသည့်အနက် ၁,၄၃၁ ရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၅၅ ခုကို တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်၏ဧရိယာ၊လူဦးရေနှင့်၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အောက်တိုဘာလ မှ စက်တင်ဘာလကုန်(ယာယီ)အထိ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဇယား(၅-၁၃)**

**ရှမ်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေးအခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၆၀,၁၅၅.၂၃ | ၆၀,၁၅၅.၂၃ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၆,၂၃၇ | ၆,၃၃၂ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၅,၅၂၀,၂၇၅.၃ | ၆,၀၅၀,၄၂၈.၃ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၂ | ၄.၃ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၄.၇ | ၃၂.၀ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၄.၅ | ၂၅.၀ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၀.၈ | ၄၃.၀ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၆,၁၈၅,၃၉၂.၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်စျေးနှုန်းများအရ ၇.၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၆,၀၅၀,၄၂၈.၃ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၇.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်စျေးနှုန်းများအရ ၄.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၅-၅၁)

## ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည် တိုးတက်မှုကို ရရှိစေသည့်ကဏ္ဍများ ဖြစ်ပါသည်။

မွေးမြူရေးဇုန်များ တည်ထောင်ထားရှိခြင်းကြောင့် ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် အခြား တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အပြင်းစား ကြက်ငှက်တုတ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး အရေးပေါ်ပြင်ဆင်မှု အတတ်ပညာပိုင်း ဆိုင်ရာ အကူအညီပေးရေးစီမံကိန်းနှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မွေးမြူရေးဇုန်များ ဇီဝလုံခြုံရေးအတွက် ဇုန်အဝင်လမ်းများတွင် ပိုးသတ်ဆေးဖြန်းခြင်းနှင့် ဇီဝလုံခြုံရေးထိန်းချုပ်မှု သီးသန့် ကော်မတီများ ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ အသားထုတ်လုပ်မှုနှင့် နို့ထွက်ပစ္စည်းများ တိုးတက်ရန် သဘာဝလွတ်ကျောင်းစနစ် လျှော့ချနိုင်ရေး အထောက်အကူဖြစ်စေရန် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် မွန်ဘားဆားမြက်မျိုးများ ဖြန့်ဖြူးစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ နို့စားနွားများ တိုးချဲ့မွေးမြူနိုင်ခြင်းနှင့်မေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါ သည်။

ကျောက်မီးသွေး ထုတ်လုပ်သောကုမ္ပဏီများမှ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက် နိုင်ခြင်း၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်ကို စတင်ထုတ်လုပ်ခြင်း၊ မာဘယ်ကျောက် (အလှဆင်)နှင့် အခြားစက်မှု တွင်းထွက်ကုန်ကြမ်းများ ဝယ်လိုအားများခြင်း၊ ဘရိုက်တီးကျောက်၊ သွပ်သတ္တုသန့်စင်၊ သွပ်နှင့်ရောရာ သတ္တုရိုင်းနှင့် ခဲသတ္တုသန့်စင်စသည့် တွင်းထွက်ပစ္စည်းတို့ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိက

မီးလင်းရေးအနေဖြင့် မိုင်းဖြတ်မြို့တွင် ကန်လုံကုမ္ပဏီ၊ မိုင်းယောင်းနှင့် မိုင်းယုမြို့တွင် မိုင်းဖြတ်နဂါးကုမ္ပဏီ၊ တာလေနှင့် ကျိုင်းလပ်မြို့တွင် ရှင်းလုံကုမ္ပဏီ၊ မိုင်းယန်းမြို့တွင် အထူးဒေသ(၄)မှ ဆီလူးအသေးစားရေအားလျှပ်စစ်ဖြင့် ၂၄နာရီ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

စားသောက်ကုန်လုပ်ငန်းများ၊ ဝတ်ဆင်ရေးလုပ်ငန်းများ၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေစက်မှုလုပ်ငန်းတို့၏ ထုတ်လုပ်မှုများကို တိုးတက်ထုတ်လုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် အသေးစားလုပ်ငန်း ၃,၂၀၃ ခု၊ အလတ်စားလုပ်ငန်း ၉၅၇ ခုနှင့် အကြီးစားလုပ်ငန်း ၃၅၄ ခု၊ စုစုပေါင်းလုပ်ငန်း ၄,၅၁၄ ခုတို့ဖြင့် လုပ်ငန်းလည်ပတ် လုပ်ကိုင်လျက်ရှိပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ပါသည်။ ကုန်စည်ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ဒေသတွင်းကုန်ထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများအကြား ချိတ်ဆက်မှုများ ပိုမိုရရှိခဲ့ပါသည်။

နည်းပညာတက္ကသိုလ်တွင် ၁၆၀ ဦးဆံ့ အိပ်ဆောင် ၂ ဆောင်နှင့် ၄ ခန်းတွဲ ၄ ထပ် ဆရာ/ဆရာမဆောင်၊ လားရှိုးပညာရေးကောလိပ်တွင် ၁၆၀ ဦးဆံ့ အိပ်ဆောင် ၂ ဆောင်နှင့် ၄ ခန်းတွဲ ၄ ထပ် ဆရာ/ဆရာမဆောင်၊ ပင်လုံတိုင်းရင်းသားလူငယ်သင်တန်းကျောင်းတွင် ကျောင်းသားအိပ်ဆောင်တို့ကို တည်ဆောက်ခဲ့ပါသည်။ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၊ ပင်လုံ-တာခါ-ဝမ်ဖိုင် ကွန်ကရစ်တံတား၊ တာကော်တံတား၊ နမ့်ပန်ချောင်းတံတား၊ ကျွန်းတောင်-ကျောက်တလုံးကြီး-နောင်ယာဆိုင်-ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ် လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား၊ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ တံတားအသစ် ၃ စင်း၊ ကုန်းကျိုင်းကုန်ထုတ်လမ်း၊ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်အဝေးပြေးလမ်းတို့ကို တိုးချဲ့ပြုပြင် တည်ဆောက်မှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံပြုပြင်ခြင်းနှင့် ပင်မရေပိုလွှဲလုပ်ငန်းအား ပြောင်းလဲပြုပြင်ခြင်း၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းစနစ်တိုးချဲ့ရေးစီမံကိန်း (၂၃၀ကေဗွီ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံဓာတ်အားလိုင်း) ၁၅၅ မိုင်နှင့် ခွဲရုံများဆောက်လုပ်နိုင်ခဲ့ပါသည်။ နားဆိုင်၊ လဝ၊ ဖိုင်လုံရေလွှဲဆည် တူးမြောင်းမကြီး သဲနုန်းတူးဖော်ခြင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ပြည်နယ်အတွင်း အားကစားကွင်းများ၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဂျပန်နိုင်ငံ ကမ္ဘာ့လူသားအဖွဲ့ (Terra People Association)မှ ပင်လောင်းမြို့နယ်ရှိ ကျေးရွာ ၅ ရွာအတွက် ရေကန် ၂ ကန်တည်ဆောက်ခြင်း၊ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းတွင် New Star Light Co.Ltd မှ ibis styles Hotel & Jade Mall ဆက်လက်တည်ဆောက်ခြင်း၊ ဇုန်(၄) အတွင်း villa မြေကွက်များတွင် အဆောက်အဦများဆောက်လုပ်ခြင်း၊ မူဆယ်မြို့နယ်တွင် ကလေးကစားကွင်း၊ Shopping Mall ၊ အပန်းဖြေအိမ်ရာနှင့်ကျောက်မျက်ပြခန်းများ၊ စက်သုံးဆီဆိုင်များ၊ ရေသန့်စက်ရုံ တည်ဆောက်ခြင်း၊

တောင်ကြီး၊ ကျိုင်းတုံနှင့်တာချီလိတ်ခရိုင်တို့တွင် ဖိုင်ဘာဆက်သွယ်ရေးကွန်ယက်များ တိုးချဲ့တည်ဆောက်ခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်း၊ ခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ညောင်ရွှေမြို့နှင့် ဖယ်ခုံမြို့တို့၏ ရေယာဉ်ပို့ဆောင်ခြင်းတွင် ဝင်ငွေတိုးတက်လာခြင်း၊ အောင်မိုင်းယန်းလိုင်းသစ်မှ မိုင်းယန်း-ကျိုင်းတုံ၊ မိုင်းယန်း-တာချီလိတ်၊ လွယ်ဆန်ဆစ်လိုင်းမှ ကျိုင်းတုံ-တာချီလိတ်ခရီးစဉ်၊ ခုံးဆိုင်းမိန်းလိုင်းသစ်မှ မိုင်းကိုင်-တောင်ကြီးခရီးစဉ်၊ မိုးပျံလိုင်းသစ်မှ မိုင်းတုံ-တောင်ကြီးခရီးစဉ်၊ ဒို့ညီနောင်လိုင်းမှ မိုင်းယောင်း-ကျိုင်းတုံ-တောင်ကြီး ခရီးစဉ်သစ်၊ ရွှေဆင်ဖြူတော်ယာဉ်လိုင်းမှ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်- မိုင်းယု ခရီးစဉ်သစ်များကို တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းမှ ဝင်ငွေများတိုးလာခြင်း၊ ညောင်ရွှေမြို့နယ်သမဝါယမဘဏ်မှ အတိုးရငွေများတိုးလာခြင်း၊ ပုဂ္ဂလိကပိုင်ဘဏ်များဖြစ်သော အင်း၀ဘဏ်၊ ရော၀တီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် မြစိမ်းရောင်ချေးငွေ ငွေကြေး၀န်ဆောင်မှု လုပ်ငန်းမှ ဝင်ငွေများတိုးတက်လာခြင်း၊ အွန်လိုင်းစနစ်ပစ္စည်းရောင်း၀ယ်မှုများလာသဖြင့် ငွေလွှဲခနှင့် ပို့ခများ ပိုမိုရရှိခဲ့ပါသည်။

ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ရှမ်းပြည်နယ်၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၅၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၅၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၅၄)**

**ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

ပုဂ္ဂလိကဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုများ တပ်ဆင်အသုံးပြုခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အပြိုင်အဆိုင် အားကောင်းလာခြင်းကြောင့် ဆက်သွယ်ရေး ကဏ္ဍဝင်ငွေများတိုးတက်ခဲ့ပါသည်။

ရာသီဥတု ကောင်းမွန်သောကြောင့် အင်းလေးဒေသ ဖောင်တော်ဦးဘုရားပွဲတော်၊ တန်ဆောင်တိုင် မီးပုံးပျံလွှတ်ပွဲတော်တို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခြင်းကြောင့် ခရီးသွားများ လာရောက်မှု များပြားခဲ့ပါသည်။ ထို့အပြင် မွေတော်ကက္ကူ၊ ထမ်စမ်းသဘာဝလိုဏ်ဂူ၊ သဘာဝအပန်းဖြေရန် ရေကန်၊ ရေတံခွန်၊ သဘာဝကျောက်လိုဏ်ဂူ၊ ရေပူစမ်းနှင့် တိမ်ပင်လယ်တို့သည် ပြည်တွင်း၊ ပြည်ပဘုရားဖူး ခရီးသွားများ လာရောက် အပန်းဖြေကြရာ ပြည်တွင်းခရီးသွားဦးရေ ၈ သိန်းကျော်နှင့် ပြည်ပခရီးသွား ဦးရေ ၅ သိန်းကျော် ဝင်ရောက်တည်းခိုခဲ့သဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ တိုးတက် ခဲ့ပါသည်။ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အကြိမ် ၂၀ နှင့်သင်တန်းသားဦးရေ ၁,၂၉၀ ဦး တို့ကို သင်ကြားပေးနိုင်ခဲ့ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**

ဧရာဝတီတိုင်းဒေသကြီး၏ဧရိယာ၊ လူဦးရေနှင့်၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိဖြစ်ပေါ်ခဲ့သည့်စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၅-၁၄)**

**ဧရာဝတီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၃,၅၂၅.၈၈ | ၁၃,၅၂၅.၈၈ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၆,၂၇၂ | ၆,၂၇၃ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁၁,၀၈၂,၉၀၂.၇ | ၁၂,၈၁၇,၉၁၇.၉ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၃ | ၅.၀ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၆.၃ | ၃၃.၇ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၀.၄ | ၃၃.၃ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၃.၃ | ၃၃.၀ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဧရာဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တွင် စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁,၅၈၃,၁၆၀.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၆.၂ ရာခိုင်နှုန်း တိုးတက်ရန် လျာထားပါသည်။

၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၂,၈၁၇,၉၁၇.၉ သန်း ဖြစ်ပေါ်ခဲ့၍ စီမံကိန်းလျာထားချက်အပေါ် ၁၁၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

## ပုံ(၅-၅၅)

## ရောဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရောဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့သည် တိုးတက်မှုကို ရရှိစေသည့် ကဏ္ဍများ ဖြစ်ပါသည်။

စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း၊ ရေလှောင်တမံများနှင့် ရေတံခါးများမှ ရေပေးဝေနိုင်ခြင်းတို့ကြောင့် နွေစပါးအထွက်တွင် ယခင်နှစ်ထက် တင်းထောင်ပေါင်း ၅,၈၂၆ ပိုမိုထွက်ရှိခဲ့ပါသည်။

ရေချိုငါးသားပေါက်စခန်း (၅) ခုဖြင့် ဆောင်ရွက်လျက်ရှိရာ ငါးသားပေါက်ကောင်ရေ ၄၂၇.၄၇ သိန်း ထုတ်လုပ်နိုင်ခဲ့၍ ၉၄.၂၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ မြစ်ချောင်း၊ သဘာဝရေပြင်၊ ဆည်ရေလှောင်တမံ၊ ရေတံခါး၊ စပါးခင်းများသို့ ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာလကုန်အထိ စပါးခင်း ၂,၆၇၉.၆ ဧကအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၁၃.၃၉ သိန်း ငါးမျိုးစိုက်ထည့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ပုဂ္ဂလိကပိုင်ကဏ္ဍ၏ ရေငန်ငါး၊ ပုစွန် ထုတ်လုပ်မှုများတိုးတက်ခဲ့ပါသည်။ ပန်းတနော်မြို့နယ်တွင် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးကြင်း မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

အသားထုတ်လုပ်မှု တိုးတက်စေရန်အတွက် ဒေသနွားမျိုးများကို ကြီးထွားနှုန်းကောင်းသည့် အသားစားနွားမျိုးများရရှိအောင် ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်အများဆုံးကြုံတွေ့ရသည့် မြို့နယ်များတွင် တိရစ္ဆာန်အသက်ကယ်ကုန်းများ တည်ဆောက်ခြင်း၊ ကျေးလက်ဒေသများတွင် တိရစ္ဆာန်များကို စနစ်တကျ မွေးမြူခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ဟောပြောပွဲများကို ဆောင်ရွက်လျက် ရှိပါသည်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် မအူပင်၊ ညောင်တုန်း၊ အဖျောက်(ဇလွန်)ရေနံမြေ တို့မှ ကုန်းတွင်း သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ကုဗပေသန်းပေါင်း ၃၆၃.၈၆၅၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် ကုဗပေသန်းပေါင်း ၃,၈၇၅.၃၆၉ နှင့် ဘူးသွင်းသဘာဝဓာတ်ငွေ့(ကမ်းလွန်) ထုတ်လုပ်မှု တွင် ကုဗပေသန်းပေါင်း ၃၆၉.၅၄၃ တို့ကို ယခင်နှစ်ထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

စားသောက်ရေးဆိုင်ရာလုပ်ငန်းများ၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်းများနှင့် အခြားလူသုံးကုန် ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ ထို့အပြင် ပုသိမ်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သည်နှင့်အညီ အထည်ချုပ်စက်ရုံများနှင့် ပန်းထိုးစက်ရုံများ၏ ထုတ်လုပ်မှုများ တိုးတက် လာခဲ့ပါသည်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် အသေးစားလုပ်ငန်း ၄,၄၁၂ ခု၊ အလတ်စား လုပ်ငန်း ၆၄၄ ခု၊ အကြီးစားလုပ်ငန်း ၈၃၉ ခု၊ စုစုပေါင်း ၅,၈၉၅ ခုကို ပုဂ္ဂလိကမှတ်ပုံတင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အရည်အသွေးကောင်းမွန်ပြီး ဓာတ်အားပျောက်ဆုံးမှု နည်းသော ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများဝယ်ယူ၍ တပ်ဆင်သုံးစွဲခြင်းဖြင့် ဓာတ်အား ပျောက်ဆုံးမှုလျှော့ကျစေရေး စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ် ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံအထောက်အပံ့(JICA)ဖြင့် မြန်အောင်ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း ၂၃ မဂ္ဂါဝပ်ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ရောဝတီတိုင်းဒေသကြီး၏ နှစ်အလိုက် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၅-၅၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၅၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရောဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ရောဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ)အထိ ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၅၈)**

**ရောဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရောဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ရွေးမြစ်နှင့် ပြာမလေ့မြစ်ကြား ရေငံတားတာဆောက်လုပ်ခြင်း၊ ရွှေလောင်း(ဝါးခယ်မ) တံတား တည်ဆောက်ခြင်း၊ ပုသိမ်တံတားအမှတ်(၂)တည်ဆောက်ခြင်း၊ လပွတ္တာ- (ပင်လယ်လေး) ပင်မ ကြိုးတံတားဟောင်းကိုဖယ်ရှား၍ လပွတ္တာ-(ပင်လယ်လေး)တံတားသစ် အဆင့်မြှင့်တင် တည်ဆောက် ခြင်း၊ ကတ္တရာခင်းခြင်း၊ အင်္ဂပူ- ညောင်ကျိုးလမ်းပေါ်ရှိ ကညင်တပင်တံတား တည်ဆောက်ခြင်း၊ လပွတ္တာရေငံတား တာ ပုံစံကျပြန်လည်ပြုပြင်ခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် ကျောင်းဆောင်များ၊ ဧည့်ရိပ်သာ ဆောင်များဆောက်လုပ်ခြင်း၊ လမ်း၊ တံတား၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးရွာ ဆေးပေးခန်းများ ဆောက်လုပ်ခြင်း၊ တာတမံ၊ ရေနုတ်မြောင်းနှင့် ရေတံခါးပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် ပုဂ္ဂလိကပိုဆောင်ရေးလုပ်ငန်းများ တိုးတက်လာပြီး ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာပါသည်။ ဒေသအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသည့် ခရီးစဉ်များဖြစ်သည့် ငပုတောမြို့နယ်ရှိ ဂေါ်ရန်ဂျီကျွန်း၊ ပုသိမ် မြို့နယ်အတွင်းရှိ ရွှေသောင်ယံကမ်းခြေ၊ ပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ်ဇုန် (၂) ခု၊ ၁၈ မိုင် ဆင်စခန်းနှင့် သဘာဝအုန်းခြံတောများတွင် တိုင်းဒေသကြီးအစိုးရ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းခရီးသွား ဦးရေ ၄၆၀,၅၉၂ ဦးနှင့် ပြည်ပခရီးသွားဧည့်သည် ၁၄၀,၆၅၈ ဦး ဝင်ရောက်ခဲ့ပါသည်။

သမဝါယမဘဏ်နှင့် ငွေစုငွေချေးသမဝါယမအသင်းတို့၏ ငွေထုတ်ချေးမှုမှ အတိုးရငွေများ ပိုမိုရရှိခဲ့ပါသည်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက ခွင့်ပြုထားသော ငွေရေးကြေးရေး အဖွဲ့အစည်း (၃၆) ဖွဲ့မှ ချေးငွေ ကျပ် ၄၄၆,၅၇၅.၇၉ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေး (Non Formal Primary Education) အစီအစဉ်ကို စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ဧရိယာ၊ လူဦးရေ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဇယား(၅-၁၅)**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ဧရိယာ၊လူဦးရေနှင့်စီးပွားရေးအခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် (ယာယီ) |
|---|---|---|---|---|
| ၁ | ဧရိယာ အကျယ်အဝန်း | စတုရန်းမိုင် | ၂,၇၂၄.၇၆ | ၂,၇၂၄.၇၆ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၁,၂၄၈ | ၁,၂၆၉ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၈၆၅,၆၅၃.၁ | ၂,၀၉၆,၉၆၉.၃ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၈.၂ | ၈.၃ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၃.၄ | ၁၂.၁ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၁၉.၀ | ၂၁.၅ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၆၇.၆ | ၆၆.၄ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂,၂၇၉,၆၄၅.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၉.၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂,၀၉၆,၉၆၉.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၂.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ပုံမှန်ဈေးနှုန်းများအရ ၈.၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**ပုံ(၅-၅၉)**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းအပေါ်**

**အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ) အထိအကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့သည် တိုးတက်မှုကို ရရှိစေသည့်ကဏ္ဍများ ဖြစ်ပါသည်။

ပြည်ထောင်စုနယ်မြေအတွင်း ကျောင်းနေအရွယ် ကလေးများကို သန့်ရှင်းလတ်ဆတ်သည့် နို့တိုက်ကျွေးနိုင်ရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် နို့ပေါင်းစက်အခြေပြု နို့စားနွား မွေးမြူစေခဲ့ပါသည်။ ရေချိုငါးလုပ်ငန်းနှင့် ငါးမျိုးပြန်းတီးမှုများ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် သုတေသနအင်း ဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းများကိုဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ငါးကဏ္ဍ)များ ဆောင်ရွက်ခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ပုဂ္ဂလိက/ကုမ္ပဏီလုပ်ငန်းရှင်များ၏ ပုဂ္ဂလိကသစ်တောစိုက်ခင်းသစ်တောနယ်မြေအတွင်း သစ်မာ ၂၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်း၊ သစ်ထုတ်ရေး ဒေသ၏ သစ်မာထုတ်လုပ်မှုအနေဖြင့် သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

Micro, Small and Medium Enterprises (MSMEs) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဘာဝသစ်သီးအခြေခံစားသောက် ကုန်ထုတ်လုပ်မှုသင်တန်း၊ Strategic Business Development Training သင်တန်း၊ Action Learning Training for MSMEs သင်တန်း၊ Planning for your Business သင်တန်း၊ စွန့်ဦးတီထွင်စီးပွားရေးစွမ်းဆောင်မှုနှင့် လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေးသင်တန်းများနှင့်

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အခြေခံဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ လျာထားဆောင်ရွက်လျက်ရှိပါသည်။ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားများ ဖြန့်ဖြူး ပေးပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးလက်မီးလင်းရေးအတွက် ကျေးရွာပေါင်း ၄၄၈ ရွာကို ဓာတ်အား ဖြန့်ဖြူးထားပြီးဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင် ပေါင်းလောင်းရေလှောင်တမံ ရေလွှဲဆည်နှင့်ဆည်ရေသောက်စနစ်၊ မဒန်းရေလှောင်တမံနှင့် ရေလွှဲဆည်၊ ချောင်းမငယ်ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်၊ ဖောင်းလောင်ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်တို့အား စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရန် ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်စေရန်အတွက် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး)လမ်း၊ တောင်ညို မြို့အဝင်လမ်း၊ နေပြည်တော်-ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်း၊ တပ်ကုန်းမှရန်ကုန်-မန္တလေးအမြန်လမ်းသို့ ဆက်သွယ်သောလမ်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-ညောင်ပင်သာလမ်းတို့ကို လမ်းအထူး ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ် လုပ်ငန်းများ ဖွံ့ဖြိုးစေရန် ပြည်တွင်းပြည်ပခရီးသွားများ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရန် အတွက် သဘာဝအခြေခံခရီးစဉ်များ၊ ဘုရားဖူးအစီအစဉ်များနှင့် Landmark အထင်အရှားနေရာများကို မွမ်းမံ ဆောင်ရွက်ခဲ့ပါသည်။ နယ်မြေအတွင်းအစည်းအဝေးများ၊ ကွန်ဖရင့်များကျင်းပခြင်း၊ ပြပွဲများခင်းကျင်း ပြသခြင်းနှင့် ဆက်စပ်လုပ်ငန်းများ စသည့်အစီအစဉ်များကြောင့် ဟိုတယ်လုပ်ငန်းများ၏ ဝင်ငွေရရှိစေ ပါသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုး နှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

## ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၏နှစ်အလိုက်အောက်တိုဘာလမှစက်တင်ဘာလကုန်(ယာယီ)အထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၅-၆၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၅-၆၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်စီမံကိန်းဦးစီးရုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းအပေါ် အောက်တိုဘာလမှ စက်တင်ဘာလကုန် (ယာယီ) အထိကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၅-၆၂)**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းအပေါ် အောက်တိုဘာလမှစက်တင်ဘာလကုန် (ယာယီ)အထိကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်စီမံကိန်းဦးစီးရုံး

ပုဂ္ဂလိကဘဏ်ခွဲ ၁၃ ခုတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်အနေဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများလွယ်ကူချောမွေ့စေရေးနှင့် ငွေသွင်းငွေထုတ်လျင်မြန်စေရေး၊ အငြိမ်းစား ဝန်ထမ်းများ ပင်စင်လစာထုတ်ယူရာတွင် အခက်အခဲမရှိ အချိန်မရွေးလွယ်ကူစွာ ထုတ်ယူနိုင်ရေး တို့အတွက် E-Pension စနစ်ဖြင့် Smart Card အသုံးပြုဆောင်ရွက်လျက်ရှိခြင်း၊ Online စနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင်ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အကယ်ဒမီ သင်တန်းကျောင်း (PFM Academy) အား ဆောက်လုပ်လျက်ရှိပါသည်။ အုပ်ချုပ်မှုမြို့တော် ဖြစ်သည့် အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အထူးကုဆရာဝန်ကြီးများ အပါအဝင် ကျန်းမာရေး ဝန်ထမ်းများဖြင့် ကျေးရွာအဆင့်အထိ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်နိုင် ခဲ့ပါသည်။

## အခန်း(၆)

## ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများ

### ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှစက်တင်ဘာလ)အထိ ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၃) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထို့အပြင် ကော်မတီမှ ဦးဆောင်၍ စီးပွားရေး လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို(၁၀)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ စီးပွားရေး လုပ်ငန်းရှင်များ၏ အကြံပြုတင်ပြချက်များအား မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင် များအသင်းချုပ်က ကဏ္ဍအလိုက်စုစည်း၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီသို့ ပေးပို့ပါသည်။ ပေးပို့လာသည့် အကြံပြုတင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများနှင့် လုပ်ငန်းကော်မတီများသို့ပေးပို့၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ အကြံပြုတင်ပြချက်များကို UMFCCI မှတစ်ဆင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍ၊ အသင်းအဖွဲ့များသို့ ပြန်ကြားခဲ့ပြီး ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လစဉ်တွေ့ဆုံညှိနှိုင်း အစည်းအဝေးပွဲများတွင် စီးပွားရေး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေရှင်းဆောင်ရွက်မှု ပြုခဲ့သော်လည်း အချို့ကိစ္စရပ်များတွင် အပြည့်အဝပြီးပြတ်သည်အထိ ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီ(၅)ရပ်က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသူ လုပ်ငန်းရှင်များကို Public-Private Dialogue (PPD) ပြုလုပ်၍ ပြီးပြတ်သည်အထိ ဆောင်ရွက်ပေး လျက်ရှိပါသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီသည် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်တွေ့ဆုံညှိနှိုင်း အစည်းအဝေးပွဲ များကျင်းပ၍ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်ရေးဆိုင်ရာ တင်ပြချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါသည်။

### Doing Business Report အပေါ်ဆောင်ရွက်မှုအခြေအနေများ

ကမ္ဘာ့ဘဏ်သည် နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် လွယ်ကူမှုအဆင့် အခြေအနေ အစီရင်ခံစာ (Ease of Doing Business Report)အား ၂၀၁၄ ခုနှစ်မှ စတင်၍ နှစ်စဉ် ထုတ်ပြန်လျက်ရှိရာ နိုင်ငံပေါင်း ၁၉၀ နိုင်ငံ အနက် ၂၀၁၉ ခုနှစ်တွင် အဆင့် (၁၇၁) ၌ ရှိခဲ့ပြီး ၂၀၂၀ ခုနှစ် တွင် အဆင့်(၁၆၅)သို့ မြင့်တက်လာရာ ပြုပြင်ပြောင်းလဲမှု အကောင်းဆုံးနိုင်ငံ (၂၀) တွင် မြန်မာနိုင်ငံ ပါဝင်လာခဲ့ပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business Report ပါ Indicator များအရ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်တို့တွင် နှစ်စဉ် Ease of Doing Business အဆင့် ပြောင်းလဲတိုးတက်မှုနှင့် ညွှန်းကိန်းတစ်ခုချင်းအလိုက် ပြောင်းလဲမှုရမှတ်များအား အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည်–

**ဇယား (၆–၁)**

ကမ္ဘာ့ဘဏ်အုပ်စုမှ **Doing Business** ပါ အကဲဖြတ်ချက်များအပေါ်

မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေများ

| စဉ် | အကြောင်းအရာ | DB 2018 | DB 2019 | DB 2020 | Change in Rank | DB 2018 | DB 2019 | DB 2020 | Change in DTF (% points) |
|---|---|---|---|---|---|---|---|---|---|
| | | Rank | Rank | Rank | | DTF(%) | DTF(%) | DTF(%) | |
| | **စုစုပေါင်းအဆင့် Rank** | **171** | **171** | **165** | ↑ **6** | **44.2** | **43.5** | **46.8** | ↑ **3.3** |
| ၁ | စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business) | 155 | 152 | 70 | ↑ 82 | 75.4 | 77.3 | 89.3 | ↑ 12.0 |
| ၂ | ဆောက်လုပ်ခွင့်ရယူခြင်း (Dealing with Construction Permits) | 73 | 81 | 46 | ↑ 35 | 70.3 | 70.5 | 75.4 | ↑ 4.9 |
| ၃ | လျှပ်စစ်ဓာတ်အားရရှိနိုင်မှု (Getting Electricity) | 151 | 144 | 148 | ↓ 4 | 52.5 | 55.7 | 56.7 | ↑ 1.0 |
| ၄ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း (Registering Property) | 134 | 136 | 125 | ↑ 11 | 52.3 | 52.8 | 56.5 | ↑ 3.7 |
| ၅ | ချေးငွေရရှိနိုင်မှု (Getting Credit) | 177 | 178 | 181 | ↓ 3 | 10.0 | 10.0 | 10.0 | – |
| ၆ | အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း (Protecting Minority Investors) | 183 | 185 | 176 | ↑ 9 | 25.0 | 12.0 | 22.0 | ↑ 10.0 |
| ၇ | အခွန်ပေးဆောင်မှု (Paying Tax) | 125 | 126 | 129 | ↓ 3 | 63.9 | 63.9 | 63.9 | – |
| ၈ | ပြည်ပကုန်သွယ်မှု (Trading across Borders) | 163 | 168 | 168 | – | 47.7 | 47.7 | 47.7 | – |
| ၉ | ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း ( Enforcing Contracts) | 188 | 188 | 187 | ↑ 1 | 24.5 | 24.5 | 26.4 | ↑ 1.9 |
| ၁၀ | အကြွေးမဆပ်နိုင်မှုအခြေအနေကို ဖြေရှင်းပေးနိုင်မှု (Resolving Insolvency) | 164 | 164 | 164 | – | 20.4 | 20.4 | 20.4 | – |

Source: www.Doing Business.org

စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန်အတွက် ဆောက်လုပ်ခွင့်ရယူခြင်း(Dealing with Construction Permits)၊ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business)၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း (Registering Property)၊ပဋိညာဉ်အတည်ပြုဆောင်ရွက်ခြင်း (Enforcing Contracts)၊ အနည်းစုရင်းနှီးမြှုပ်နှံသူများအားအကာအကွယ်ပေးခြင်း (Protecting Minority Investors) စသည့်နယ်ပယ် (၅) ရပ်တွင် Doing Business Ranking အဆင့် တိုးတက်လာခဲ့ပါသည်။

ဘဏ်လုပ်ငန်းများတွင် Non-performing loan ratio ၏အကျိုးသက်ရောက်မှုများကို လျှော့ချရန် အတွက် Insolvency Laws ဖြင့် ငွေကြေးဝန်ဆောင်မှုနယ်ပယ်တွင် တိုးတက်လုပ်ဆောင်လျက်ရှိခြင်း၊ နိုင်ငံခြားဘဏ်များမှ နိုင်ငံခြားသားပိုင် ကုမ္ပဏီများသာမက နိုင်ငံသားပိုင်ကုမ္ပဏီများကို ပြည်တွင်း၊ ပြည်ပ ငွေကြေးဖြင့် ချေးငွေထုတ်ချေးခွင့် ပြုလိုက်ခြင်း၊ နိုင်ငံခြားသားပိုင် အာမခံကုမ္ပဏီများကို ပြည်တွင်းတွင် အသက်အာမခံနှင့် အသက်အာမခံမဟုတ်သော အာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ Ease of Doing Business အဆင့်မှာ ၂၀၂၀ တွင် မြင့်တက်လာခြင်းဖြစ်ပါသည်။

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့အနေဖြင့် Ease of Doing Business Ranking တိုးတက်ရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးမှု များပြုလုပ်ခြင်းနှင့် Doing Business ၂၀၁၉ အစီရင်ခံစာအရ Registering Property Indicator, Enforcing Contracts Resolving Insolvency Indicator နှင့် Insolvency Indicator များနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် Paying Taxes Indicator ၏ ရမှတ်များ တိုးတက်စေရေး အတွက် Paying Taxes မေးခွန်းဖြေကြားမည့်သူများနှင့် Survey Questionnaire များ ဖြေကြားနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေကို ပြဋ္ဌာန်းခြင်းနှင့် မြန်မာကုမ္ပဏီ အွန်လိုင်း (Myanmar Company Online-MyCo) စနစ်ကို ကျင့်သုံးနိုင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business) နှင့် အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း (Protecting Minority Investors) တို့ တွင်လည်း သိသာသည့်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ**

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးပွဲများ၊ သီးနှံအမျိုးအစားအလိုက် ပို့ကုန် အလားအလာ သုံးသပ်ရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများနှင့် ကဏ္ဍအလိုက် အစည်းအဝေးပွဲများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ)တွင် စုစုပေါင်း(၂၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဦးစားပေးကဏ္ဍများအနေဖြင့် စပါး၊ သစ်နှင့် သစ်တောထွက် ပစ္စည်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုဆိုင်ရာငွေကြေးရရှိမှု၊ ရေထွက်ကုန်ပစ္စည်း၊ ကုန်သွယ်မှုသတင်းအချက်အလက်၊ ရော်ဘာ၊ Quality Management ၊ Trade facilitation and Logistic ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍတို့တွင် နယ်ပယ်အလိုက်လိုအပ်ချက်များနှင့် ဦးစားပေး လုပ်ငန်းစဉ် များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် Netherlands Trust Fund-NTF IV

စီမံကိန်း၏ Project Steering Committee–PSC ပထမအကြိမ်အစည်းအဝေးနှင့် စီမံကိန်းစတင်အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တို့ကို နေပြည်တော်နှင့် ထားဝယ်မြို့တို့၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့ထုတ်ကုန်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ပြည်ပဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာသွင်းကုန်ပစ္စည်းပြပွဲ China International Import Expo (CIIE) သို့ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) ၏ ပံ့ပိုးမှုဖြင့် မြန်မာကုမ္ပဏီလုပ်ငန်း (၁၁) ခု သွားရောက်ပြသနိုင်ခဲ့ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ကဏ္ဍအသစ်တစ်ခုဖြစ်သည့် Digital Economy ကဏ္ဍဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် မြန်မာ့သီးနှံ (၅) မျိုးဖြစ်သည့် ကော်ဖီ၊ ပဲပုတ်၊ ဂျင်း၊ နှမ်းနှင့် ဖရဲတို့ကို တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် Winrock International တို့အကြား Letter of Intent (LOI) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

**ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ခွင့်ပြုသည့် လုပ်ငန်း ၂၈၂ ခု နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၄,၁၅၈.၄၇၄ သန်းရှိပြီး အများဆုံးရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများမှာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများဖြစ်ပါသည်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ခွင့်ပြုသည့် လုပ်ငန်း ၁၇၁ ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၁,၆၉၄,၅၆၈.၀၈၀ သန်းရှိပြီး အများဆုံး ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စက်မှုလုပ်ငန်းတို့ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်ဥပဒေအရ ခွင့်ပြုသည့် လုပ်ငန်း ၁၆ ခု တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၆၂.၂၈၀ သန်းရှိပြီး အများဆုံးရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများမှာ စက်မှုလုပ်ငန်းများဖြစ်ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး “ဗဟိုကော်မတီ” နှင့် “လုပ်ငန်းကော်မတီ” တို့၏ ဦးဆောင်မှုဖြင့် “ MSME Agency” နှင့် “ဒေသ ဆိုင်ရာ MSME Agency” တို့ ပူးပေါင်း၍ ဒေသများ၏ အားသာချက်၊ အားနည်းချက်နှင့် မဟာဗျူဟာတို့အပေါ် အခြေခံ၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်မည့် စီမံချက်(Action Plan) များရေးဆွဲ၍ အကောင် အထည်ဖော်လျက်ရှိပါသည်။

ဒေသတွင်း MSME များတိုးချဲ့လုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာပြီး အပေါင်ပစ္စည်း တင်ပြရန်မလိုသောချေးငွေများရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်း၍ Credit Graduate Insurance (CGI) အစီအစဉ်နှင့် JICA Two Step Loan ချေးငွေအစီအစဉ်များဖြင့် ငွေထုတ်ချေးပေးလျက်ရှိပါသည်။

## အခန်း(၇)

# ပြည်ပချေးငွေ၊ အကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်ပအကူအညီ/ အထောက်အပံ့/ ချေးငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်း/ပြည်ပ ကုမ္ပဏီအသစ်များ ပိုမို များပြားလာသည်ကို တွေ့ရှိရပါသည်။ ထိုသို့ တိုးတက်များပြားလာခြင်းနှင့်အတူ နိုင်ငံတကာမှ ပေးအပ်လာသော ဖွံ့ဖြိုးမှုအကူအညီ၊ အထောက်အပံ့နှင့် ချေးငွေများကို အကျိုးရှိထိရောက်စွာ အသုံးပြုရေး၊ နိုင်ငံတော်မှ ချမှတ်ထားသော ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများ၊ မူဝါဒများနှင့် ကိုက်ညီမှုရှိရေး၊ ပွင့်လင်းမြင်သာမှုရှိပြီး ဖွံ့ဖြိုးမှုရလဒ်များ ပြည့်မီစေရေး ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး၊ ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်၊ လိုလားချက်များနှင့် ကိုက်ညီစေရေးတို့အတွက် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ (Development Assistance Policy) ကို ချမှတ်၍ အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

### ပြည်ပချေးငွေ

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖော်ဆောင်ရေး၊ ငွေကြေးနှင့် ကြွေးမြီစီမံခန့်ခွဲမှုများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး တို့အတွက် ငွေတိုက်ဦးစီးဌာနမှ ကြွေးမြီဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ) တွင် အမေရိကန်ဒေါ်လာ (USD) ၇၃.၃၀၀ သန်း၊ ယူရို(EUR) ၁၀၃.၈၈၃ သန်း၊ SDR ၃၄၅.၄၀၀ သန်းနှင့် ဂျပန်ယန်း(J¥) ၁၂၇,၈၂၇.၀၀၀ သန်း ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် ၆ လ (ဧပြီလမှစက်တင်ဘာလ)တွင် အမေရိကန်ဒေါ်လာ (USD) ၈၀.၀၀၀ သန်း၊ ယူရို(EUR) ၂၇.၀၀၀ သန်း နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှစက်တင်ဘာလ) တွင် အမေရိကန်ဒေါ်လာ (USD) ၆၈၉.၆၇၉ သန်း၊ ယူရို(EUR) ၃၀.၀၀၀ သန်း ကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ချေးငွေနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုနိုင်ခဲ့ပါသည်။

ဇယား(၇-၁)

**ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏**
**ပြည်ပချေးငွေရရှိရန် စာချုပ်ချုပ်ဆို ဆောင်ရွက်မှုအခြေအနေ**

| စဉ် | ဘဏ္ဍာနှစ် | ငွေကြေး အမျိုးအစား | ချေးငွေ စာချုပ်ပမာဏ (သန်းပေါင်း) |
|---|---|---|---|
| ၁ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ) | USD | ၇၃.၃၀၀ |
| | | EUR | ၁၀၃.၈၈၃ |
| | | SDR | ၃၄၅.၄၀၀ |
| | | J¥ | ၁၂၇,၈၂၇.၀၀၀ |
| ၂ | ၂၀၁၈ ခုနှစ်၊ ၆ လ (ဧပြီလမှစက်တင်ဘာလ) | USD | ၈၀.၀၀၀ |
| | | EUR | ၂၇.၀၀၀ |
| ၃ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှစက်တင်ဘာလ) | USD | ၆၈၉.၆၇၉ |
| | | EUR | ၃၀.၀၀၀ |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

**ပြည်ပအကူအညီ အထောက်အပံ့**

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ပြည်ပအကူအညီ/ အထောက်အပံ့/ ချေးငွေ များကို လက်ခံရယူဆောင်ရွက်ရာတွင် သက်ဆိုင်ရာအလှူရှင်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်ထောင်စု ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ဆက်သွယ်ရာဗဟိုဌာန (Focal Department) အဖြစ် ပံ့ပိုးကူညီဆောင်ရွက်လျက် ရှိပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ၊ အထောက်အပံ့နှင့် နည်းပညာအကူအညီ(Grant)စာရင်းအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလမှမတ်လ)တွင် စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၀၄.၈၉၀ သန်းကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် ၆လ (ဧပြီလမှစက်တင်ဘာလ)တွင် အမေရိကန်ဒေါ်လာ ၃၅၃.၀၅၃ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) တွင် အမေရိကန်ဒေါ်လာ ၂၈၁.၇၂၂ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဇယား(၇-၂)**

**ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့ ရရှိမှုအခြေအနေ**

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ပြည်ပအကူအညီ အထောက်အပံ့ (USD သန်း) | | |
|---|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ) | ၂၀၁၈ ခုနှစ် ၆ လ (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) |
| ၁ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၂၅.၀၀၀ | ၃.၃၁၆ | ၇၂.၇၁၂ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | | | ၇၀.၀၅၆ |
| ၃ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၅၃.၈၄၀ | ၃၀.၄၁၂ | ၄၉.၉၇၃ |
| ၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | | | ၂၉.၃၂၈ |
| ၅ | ဆောက်လုပ်ရေး | ၁၁.၄၆၀ | ၂၃၃.၀၀၀ | ၁၅.၃၄၅ |
| ၆ | ပညာရေး | ၄၀၄.၁၅၀ | | ၁၄.၀၀၃ |
| ၇ | နယ်စပ်ရေးရာ | | ၃၅.၃၅၇ | ၆.၆၂၁ |
| ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | ၆.၂၁၀ |
| ၉ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | | | ၆.၀၀၀ |
| ၁၀ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၀၂.၁၆၀ | ၁.၄၆၄ | ၅.၇၇၆ |
| ၁၁ | ကျန်းမာရေးနှင့်အားကစား | ၂၃.၁၂၀ | ၀.၀၈၃ | ၂.၆၀၇ |
| ၁၂ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | | နည်းပညာ | ၁.၁၂၀ |
| ၁၃ | စက်မှု | ၇.၉၉၀ | | ၀.၈၄၆ |
| ၁၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၄.၃၃၀ | ၀.၀၁၀ | ၀.၆၉၇ |
| ၁၅ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | ၀.၄၂၈ |
| ၁၆ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | | နည်းပညာ |
| ၁၇ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | | ၄၉.၄၁၁ | |
| ၁၈ | လျှပ်စစ်နှင့်စွမ်းအင် | နည်းပညာ | | |
| ၁၉ | မန္တလေးတိုင်းဒေသကြီး | ၃၂.၈၀၀ | | |
| ၂၀ | ရန်ကုန်တိုင်းဒေသကြီး | ၃၀.၀၄၀ | | |
| | **စုစုပေါင်း** | **၈၀၄.၈၉၀** | **၃၅၃.၀၅၃** | **၂၈၁.၇၂၂** |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ကတိကဝတ်တန်ဖိုးများကို ယှဉ်၍ဖော်ပြထားခြင်းဖြစ်ပါသည်။

## ပုံ (၇-၁)

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့ ရရှိမှုအခြေအနေ




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

နိုင်ငံ/အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့်နည်းပညာအကူအညီရရှိမှု

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံနှင့်အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိမှုအခြေအနေ များကို ဖော်ပြအပ်ပါသည်။

### ဇယား(၇-၃)

### နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ/အဖွဲ့အစည်းများ | ပြည်ပအကူအညီ အထောက်အပံ့ (USD သန်း) | | |
|---|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ) | ၂၀၁၈ ခုနှစ် ၆ လ (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) |
| ၁ | ဂျပန် | ၂၄၃.၁၉၀ | ၄၉.၄၁၂ | ၇၈.၃၈၄ |
| ၂ | အိန္ဒိယ | ၃၅.၀၅၀ | ၂၃၃.၀၀၀ | |
| ၃ | နယ်သာလန် | ၃၂.၈၀၀ | ၀.၉၆၁ | |
| ၄ | ဂျာမဏီ | ၃၀.၇၃၀ | ၅.၈၄၀ | ၂၉.၁၂၇ |
| ၅ | သြစတြေးလျ | ၂၀.၀၀၀ | | |
| ၆ | အီးယူ | | | ၂၂.၃၃၅ |
| ၇ | လူဇင်ဘတ် | | | ၁၁.၆၂၃ |

**ဇယား(၇-၃) အဆက်**

**နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ/အဖွဲ့အစည်းများ | ပြည်ပအကူအညီ အထောက်အပံ့ (USD သန်း) | | |
|---|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ) | ၂၀၁၈ ခုနှစ် ၆ လ (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) |
| ၈ | နော်ဝေ | ၃.၅၀၀ | | ၇.၈၀၀ |
| ၉ | ကိုရီးယား | ၄.၃၈၀ | ၇.၅၃၀ | ၅.၀၀၀ |
| ၁၀ | ဒိန်းမတ် | ၈.၆၈၀ | ၁.၄၆၄ | ၁.၇၄၈ |
| ၁၁ | အီတလီ | ၂.၅၁၀ | | ၁.၁၅၀ |
| ၁၂ | ပြင်သစ် | ၁.၄၀၀ | ၁.၇၅၀ | |
| ၁၃ | ဘယ်လဂျီယံ | | ၀.၃၀၀ | |
| ၁၄ | ထိုင်း | | ၁.၀၃၀ | |
| ၁၅ | တရုတ် | ၂၀.၀၇၀ | | ၀.၁၀၉ |
| | **နိုင်ငံအချင်းချင်းစုစုပေါင်း** | **၄၀၃.၃၁၀** | **၃၀၁.၂၈၇** | **၁၅၇.၂၇၆** |
| ၁၆ | UN | နည်းပညာ | ၀.၀၈၃ | ၅၉.၂၆၂ |
| ၁၇ | ကမ္ဘာ့ဘဏ် | ၆၇.၅၀၀ | ၃.၀၀၀ | |
| ၁၈ | INGO | ၁၁.၉၀၀ | ၄၈.၆၈၃ | ၃၇.၈၆၉ |
| ၁၉ | အာရှဖွံ့ဖြိုးရေးဘဏ် | ၇.၁၈၀ | | ၂၇.၀၀၀ |
| ၂၀ | အခြား | ၃၁၅.၀၀၀ | | ၀.၃၁၅ |
| | **အဖွဲ့အစည်း စုစုပေါင်း** | **၄၀၁.၅၈၀** | **၅၁.၇၆၆** | **၁၂၄.၄၄၆** |
| | **စုစုပေါင်း** | **၈၀၄.၈၉၀** | **၃၅၃.၀၅၃** | **၂၈၁.၇၂၂** |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ကတိကဝတ်တန်ဖိုးများကို ယှဉ်၍ဖော်ပြထားခြင်းဖြစ်ပါသည်။

## ပုံ (၇-၂)

## နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိမှုအခြေအနေ




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှုများကို ကဏ္ဍအလိုက် ဖော်ပြအပ်ပါသည်။

## ပုံ (၇-၃)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်

## ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှု အခြေအနေ (%)




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှုတွင် ပို့ဆောင်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ (၂၄.၈၇)%၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ(၁၈.၉၁)%၊ လူမှုကာကွယ်ရေးနှင့်သဘာဝဘေးအန္တရာယ်လျော့ပါးရေးကဏ္ဍ (၁၇.၄၂)%၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍ (၁၃.၃၈)%၊ မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှုကဏ္ဍ (၉.၈၄)%၊ လူမှုရေးနှင့်အုပ်ချုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုကဏ္ဍ (၆.၁၄)%၊ ဆောက်လုပ်ရေးကဏ္ဍ(၅.၄၅)%၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ (၂.၃၈)%၊ ကျန်းမာရေးကဏ္ဍ(၁.၉၀)%၊ အလုပ်အကိုင်ဖန်တီးနိုင်မှုကဏ္ဍ (၁.၃၈)%၊ စက်မှုကဏ္ဍ (၁.၃၀)% နှင့် အာဟာရပြည့်ဝမှုကဏ္ဍ (၁.၀၃)% တို့ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## အခန်း(၈)

## သုံးသပ်တင်ပြချက်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း အောက်တိုဘာလမှ စက်တင်ဘာလကုန်(ယာယီ) အထိအကောင်အထည်ဖော်မှုသည် နိုင်ငံတော်က ပြောင်းလဲကျင့်သုံးခဲ့သည့် ဘဏ္ဍာရေးနှစ်ကာလ၏ ပထမဦးဆုံး ဘဏ္ဍာနှစ်ကို အကောင်အထည်ဖော်သည့် ကာလဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထက် ပုံမှန်ဈေးနှုန်းအရ ၆.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စီးပွားရေးကဏ္ဍများအနက် သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုကဏ္ဍများတွင် ရည်မှန်းချက်ကိုပြည့်မီစွာ ဆောင်ရွက်နိုင်သော်လည်းလယ်ယာ၊ စက်မှုလက်မှု၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေးနှင့် လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍများတွင် အကောင်အထည်ဖော်နိုင်မှုလျော့နည်းခဲ့ပါသည်။ သို့သော်လည်း သစ်တောကဏ္ဍ မှ အပ ကျန်ကဏ္ဍများတွင် တိုးတက်မှုနှုန်းအသင့်အတင့် ဖြစ်ပေါ်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍသည် စီးပွားရေးတွင် ပါဝင်မှုအချိုးအစားကြီးမားမှုမရှိသော်လည်း ယင်း ကဏ္ဍ၏ တိုးတက်မှုများမှတစ်ဆင့်အခြားကဏ္ဍများပေါ်တွင် သက်ရောက်မှုရှိပါသည်။ နိုင်ငံတော် အနေဖြင့် ငွေကြေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားဘဏ်များကို လုပ်ငန်းဆောင်ရွက်ခွင့်ပြု ပေးခြင်း၊ အာမခံလုပ်ငန်းတွင် နိုင်ငံခြားကုမ္ပဏီများ ဆောင်ရွက်ခွင့်ပေးခြင်းတို့ဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်ကဏ္ဍအနေဖြင့် တစ်နိုင်ငံလုံးအိမ်ထောင်စု၏ လိုအပ်ချက်အပေါ် ၅၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံရေးကို ဦးတည်ဆောင်ရွက်နိုင်ခဲ့ပြီး ၊ နိုင်ငံတော်မှ နှစ်စဉ် စိုက်ထုတ်ကျခံရသည့် လျှပ်စစ်ဓာတ် အားခကိုလျော့နည်းသက်သာစေရေးအတွက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဓာတ်အားလိုင်းများနှင့် ဓာတ်အား ခွဲရုံများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အရည်အသွေးကောင်းမွန်ပြီး ဓာတ်အားပျောက်ဆုံးမှုနည်းသော ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများဝယ်ယူ၍ တပ်ဆင်သုံးစွဲခြင်းဖြင့် ဓာတ်အား ပျောက်ဆုံးမှုလျော့ကျစေရေး စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် တွေ့ကြုံနေရသည့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဆုံးရှုံးမှုလျော့နည်းနိုင် ရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သည့်အစီအမံများ၊ သဘာဝသယံဇာတထိန်းသိမ်းရေး အစီအမံများ ဆောင်ရွက်ခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် အတွက် ထောက်ပံ့မှုများကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က ထုတ်ပြန်သည့် လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း ၂၀၁၉ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ အညွှန်းကိန်းသည် ၂၀၁၅ ခုနှစ်တွင် ၀.၅၆၅ မှ ၀.၅၈၄ သို့ ရောက်ရှိ ခဲ့ပါသည်။ သို့သော်လည်း ယခုထက် ပိုမိုတိုးတက်ရေးအတွက် ဆက်လက် ကြိုးပမ်းလျက်ရှိပါသည်။

စီးပွားရေးဝန်းကျင် လျင်မြန်လွယ်ကူစွာ လည်ပတ်နိုင်ရေးအတွက် ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများကို အွန်လိုင်းမှတ်ပုံတင်စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူမှုအဆင့် အညွှန်းကိန်းတွင် ၁၇၁ မှ ၁၆၅ အထိ အဆင့် ၆ ဆင့် တိုးတက်လာခြင်းတို့သည် တိုးတက်ပြောင်းလဲမှု၏ ထင်ရှားသည့် သွင်ပြင်များဖြစ်ပါသည်။ သို့သော်လည်းလက်ရှိအခြေအနေထက် ပိုမိုတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသေးသည်။

ရာသီဥတုပြောင်းလဲမှုများကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေပြီး၊ ပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိသည့် သီးနှံမျိုးစေ့ ထုတ်လုပ်ခြင်း၊ စိုက်ပျိုးမှုနည်းပညာနှင့် စိုက်ပျိုးသီးနှံ အမျိုးအစားပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်ရန် စီမံလျက်ရှိပါသည်။ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းနှင့် တင်ဒါလုပ်ထုံးလုပ်နည်းကိုပြန်လည် သုံးသပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား အကျိုးရှိစွာအသုံးပြုနိုင်ရေး၊ စနစ်တကျစီမံခန့်ခွဲနိုင်ရေးကို ရှေးရှုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်များဖန်တီးပေးရေးတွင် အဓိကမောင်းနှင်အား အဖြစ် ရပ်တည်နေသော ပုဂ္ဂလိကအခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိုလည်း ဦးတည်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက် ရရှိရေးကို ဦးတည်ဆောင်ရွက်ခဲ့သည့်အပြင် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ဖွံ့ဖြိုးမှုလမ်းပြမြေပုံရေးဆွဲခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နည်းပညာများ ရရှိရေးကို ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်မှ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နေသော်လည်း အခြားတစ်ဖက်တွင် ပြည်တွင်း မငြိမ်သက်မှုများနှင့် ပြည်ပမှ ဖိအားပေးမှုများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထိခိုက်စေပါသည်။

နိုင်ငံတော်၏ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်၍ ချမှတ်ထားသော မဟာဗျူဟာ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့်အညီ ရေးဆွဲတင်ပြထားသော စီမံကိန်းများကို Project Bank Proposal Template ၊ Project Screening Tool တို့ဖြင့် ဦးစားပေး ခွဲခြားမှုများပြုလုပ်ပြီး Project Bank စာရင်းသို့ ထည့်သွင်းခဲ့ခြင်း၊ စီမံကိန်းစိစစ်မှုများ အားကောင်းလာစေရေးအတွက် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အများပြည်သူ ဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်သော ဝက်ဘ်အခြေခံဒေတာ တည်ဆောက်ခဲ့ခြင်းတို့ကြောင့် စနစ်ပေါ်အခြေခံသည့် စီမံကိန်းစိစစ်မှုကို ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါသည်။